www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ သင်းဆောင်ထင် ရေးသားပြီးသော
## ထုံးရှင်းဝတ္ထုများ

၁။ ပါးကွက်ကလေးနဲ့ ရှက်သွေးကြွယ်
၂။ မိန်းမချောအရုပ်
၃။ ပိုင်ပိုင်ပန်ပါပန်း
၄။ နေကြာနန်းရှင်
၅။ နာဂသိမ်ဒေဝီ မညာသိုက်
၆။ မောက်တော်ဦး
၇။ ဂန္ဓဗ္ဗိနှင်းဆီ
၈။ ပဒ္မလစန္ဒီ
၉။ မာယာရွှေပြည်
၁၀။ မြနန်းဝေယံ
၁၁။ စက္ကောမရာဇာ
၁၂။ ရွှေလှည်းကိုးစီး ငွေလှည်းကိုးစီး
၁၃။ နဝင်္ဂတိုင်းသား
၁၄။ ရှင်ဆင်မောက်
၁၅။ အိပ်မက်ထဲက ဆည်းလည်းသံ
၁၆။ သုံးဘဝချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

၁၇။ အင်းတော်ပုံပြင်
၁၈။ ပန်းလူရှာပုံတော်
၁၉။ မဟိဒ္ဓိရွှေစေတီ
၂၀။ ရွှပသိဂီ
၂၁။ မိုင်းမောဒေဝီ
၂၂။ ရွှေသိရွှေလာ
၂၃။ နက္ခတ္တစန္ဒီ
၂၄။ မာယာသုန္ဒရီ
၂၅။ ပြည်တန်ပတ္တမြား
၂၆။ ဟူးကောင်းတောင်ကြား
၂၇။ ရွှေစင်ကျောင်းတော်
၂၈။ မုန်းစတိုင်မြို့တော်
ယခု
ရုပ်ပြောင်းရုပ်လဲ

# လင်းရောင်တင်

## ရုပ် ပြောင်း ရုပ် လဲ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၉၀/၉၉ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၅၁/၉၉ (၃)

ပထမအကြိမ်၊ ၁၉၉၉-ခုနှစ်

အုပ်ရေ-၅၀၀။

တန်ဖိုး ✽ ၁၄၀-ကျပ်

ထုတ်ဝေသူ ✽ ဦးမြသန်း (မြ-၀၁၅၀)
အသိုင်းအဝိုင်းစာပေ
သမာဓိလမ်း၊ ဇွဲစုံရပ်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် ✽ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ✽ ဒေါ်ခင်ကြွေ (မြ-၀၄၇၈၀)၊
ရတနာမဥ္ဇူပုံနှိပ်တိုက်၊
အမှတ်-၂၀၇၊ ဝေဇယန္တာလမ်း၊
၁၆/၂-ရပ်ကွက်၊ သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

ဖြန့်ချိရေး ✽ အောင်မြင်စာပေ
၂၉-ဃ၊ သီတာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## ဤစာအုပ်တွင်ပါဝင်သော အခန်းစဉ်များ

၁။ စိတ်လှုပ်ရှားဖွယ် စာတစ်စောင်
၂။ ကြမ်းပိုးနှင့် ကြက်သွန်ဖြူကို အတူတူမုန်းသူ
၃။ ရည်းစားစာရေးရန် ကျမ်းစာအုပ်များဖတ်ရသူ
၄။ လူနှစ်ကိုယ် အကြိုက်တစ်မျိုး
၅။ မိန်းမနိုင်ကိန်းရှိ၍ အိမ်ထောင်မပြုရသူ
၆။ အချိန်းအချက်အတွက် ရင်ခုန်ခြင်း
၇။ နေပူပူမှာ ဘက္ကလပ်အင်္ကျီအထူကြီးနှင့်လူ
၈။ သတ္တဝါဆန်းကြီး၏ နောက်ကြောင်းပြန်
၉။ မင်္ဂလာယ်ခရီး စတင်ပြီ
၁၀။ သူဌေးဘွဲ့ခံ၍ ရနိုင်ပါမည်လား
၁၁။ ခေတ်သစ် ပေါ်ရိုသာဒ
၁၂။ မတည့်အတူနေ
၁၃။ တစ်ဖဲ့တည်းလည်း နေရဲသူ
၁၄။ ကြောက်မက်ဖွယ်ရာ မျက်နှာကြီး
၁၅။ ဘဝအဆုံးသတ် ချိန်လေလား
၁၆။ နေရာဟောင်းနှင့် ချစ်သူခြေရာ
၁၇။ ခန္ဓာဗေဒ လှုံ့လာစေချင်
၁၈။ အိပ်မက်လေးသာ ဖြစ်ပါစေ

www.burmeseclassic.com

## အခန်း (၁)

### စိတ်လှုပ်ရှားဖွယ် စာတစ်စောင်

ဂမ္ဘီရ လုံးချင်းဝတ္ထုများ၊ အခန်းဆက် ဝတ္ထုရှည်များ ရေးသားခဲ့ပြီး နောက်ပိုင်းတွင် ကျွန်ုပ်ထံသို့ အနယ်နယ် အရပ်ရပ်မှ စာဖတ်ပရိသတ်များက စာတို စာရှည်များ ရေးသား ပေးပို့ခဲ့ကြလေ၏။

ထိုကဲ့သို့ ရေးသားပေးပို့ကြသောစာများထဲတွင် အချို့သော စာများမှာ ကျွန်ုပ် ရေးသားခဲ့သော အခန်းဆက် ဝတ္ထုရှည်များ မည်မျှ ကောင်းကြောင်း၊ မည်မျှ နှစ်သက်ကြောင်း၊ နောင်လည်း ဤကဲ့သို့ဝတ္ထုမျိုးများ ရေးသားစေလိုကြောင်းများ ပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အချို့သောစာများတွင်မှာကား ကျွန်ုပ်၏ ဝတ္ထုတွင် မည်သည့်အချက်လွဲမှားနေကြောင်း၊ နောင်ကို ဤကဲ့သို့ လက်လွတ်စပယ် မရေးသင့်ကြောင်းများ၊ အပြစ်တင် ဝေဖန်ရှုတ်ချထားသည်များကို အမနာပ ရေးသားထားကြလေ၏။

ကျွန်ုပ်သည် အထက်ပါစာ နှစ်မျိုးနှစ်စားလုံးအပေါ် တုံ့ပြန်ကြသော စေတနာစေတသိက်မျိုးမထားဘဲ လောကကြီးတွင် မိမိ ထင်မြင်ချင်သလို ထင်မြင်ခွင့်ရှိ၍ လွတ်လပ်စွာ ဝေဖန်ခွင့်ရှိသောကြောင့် နှစ်မျိုးစလုံးကိုပင် ယောနိသော မနသိကာရ ထားကာ အားလပ်ပါက စာရေး ပြန်ကြား တတ်ပါသည်။

မအားလပ်၍ စာမပြန်နိုင်သည့် အတွက်လည်း ကျွန်ုပ် စိတ်မကောင်းခြင်း ကြီးစွာ မဖြစ်ပေ။ အဘယ့်ကြောင့် ဆိုသော် ကျွန်ုပ်အနေနှင့် မအားလပ်ခြင်းမှာ စာများ အဆက်မပြတ် ရေးသားနေရသောကြောင့်ပင်ဖြစ်၏။ ဆောင်းပါး၊ ဝတ္ထုများ ရေးသားနေသည့် စာရေးဆရာမှာ စာဖတ်သူများအတွက် စေတနာထား လုပ်ဆောင်နေခြင်းပင် ဖြစ်၏။ သို့အတွက် တကူးတကန့် စာရေးပြန်ကြားမှု မပြုနိုင်ခြင်းကြောင့် အပြစ်တစ်စုံတစ်ရာ မရှိနိုင်ဟု ထင်မြင်ယူဆ၏။

တစ်နေ့သောအခါ ကျွန်ုပ်ထံသို့ ရောက်ရှိလာသော စာများထဲတွင် ထူးထူးခြားခြား စာတစ်စောင်ကိုတွေ့ရလေ၏။ ထိုစာသည် ကျွန်ုပ်၏ရင်ကို များစွာ လှုပ်ခါသွားစေ၏။



အဘယ့်ကြောင့်ဆိုသော် စာအိတ်ပေါ်တွင် ရေးသားထားသည့် လိပ်စာနှင့် လက်ရေးကို ကြည့်လိုက်သည်နှင့် ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်း ညိုဝင်းမောင်၏ လက်ရေးဖြစ်ကြောင်း ဒက်ခနဲ သိလိုက်ရသောကြောင့်ပင် ဖြစ်လေ၏။

ညိုဝင်းမောင်၏ လက်ရေးသည် ကျွန်ုပ် တွေ့ဖူးသမျှ လက်ရေးများထဲတွင် အလှပ အသပ်ရပ်ဆုံးဟု ပြောကြားနိုင်ပြီး မည်သူ့လက်ရေးနှင့်မျှ မတူသော ထူးခြားသည့် လက်ရေးတစ်မျိုးဟူ၍ပင် ဆိုနိုင်လေ၏။

သူ၏လက်ရေးများသည် မည်မျှ လှပ ဝိုင်းစက်သနည်း ဆိုသော် အမှုမဲ့အမှတ်မဲ့ ကြည့်လိုက်ပါက ယခုခေတ် ကွန်ပျူတာ စာလုံးများ စီထားသလား ဟူ၍ပင် ထင်မှတ်မှားသွားကြမည် ဖြစ်၏။

ထိုကဲ့သို့ ဝိုင်းစက်သော လက်ရေး ပိုင်ရှင်များအတွက် လက်ရေးသရုပ်ခွဲပညာ ရှုထောင့်မှကြည့်ပါက ကောင်းမွန်သင့်လျော်လှသည်တော့ မဟုတ်ချေ။

ဝိုင်းဝိုင်းစက်စက် သပ်သပ်ရပ်ရပ် လှလှပပဖြစ်အောင် ထိုသူတို့သည် အချိန်ပေးရ၏။ တခြား ကောင်းနိုးရာရာ လုပ်ငန်းရပ်များလုပ်ရန် အချိန်များစွာထဲမှ လက်ရေးလှလှ ရေးနေရသောကြောင့် အချိန်တွေ ဖဲ့၍ဖဲ့၍ ပေးနေရ၏။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ရေးပိုင်ရှင်များသည် အလုပ်လုပ်ရာတွင် ဖျင်းရိသော သဘောကို ဖော်ပြ၏။ ဇိမ်ခံပစ္စည်းများကို တပ်မက်နှစ်သက်တတ်၏။ ခေတ်ပေါ် ပစ္စည်း အသစ်အဆန်းများကိုလည်း အမြဲလိုလို လေ့လာလိုချင် မက်မောနေလေ့ရှိ၏။

ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း လုပ်၍မစားချင်ဘဲ ဇိမ်နှင့်နေချင်သော လူစားမျိုး ဖြစ်၏။

စာလုံး ဝိုင်းဝိုင်းစက်စက် လှလှပပ ရေးခြင်းအားဖြင့် အလုပ်ကြီးအကိုင်ကြီးလုပ်သည့်ဟန်ဖြင့်လည်း ဝင့်ဝင့်ကြွားကြွား ပြောဆိုတတ်၏။

ထိုသူတွင် အမှန်တကယ် ရှိနေသည်များထက် အမြဲတမ်း ပို၍လိုချင်တောင့်တနေတတ်သူမျိုးသာ ဖြစ်၏။ မြန်မာစကား ကြမ်းကြမ်းဖြင့် အတိအကျ ပြောဆိုရလျှင် ရလေလိုလေ အိုတစ္ဆေ သမားမျိုး ဖြစ်၏။ လောဘ ကြီးသူများဖြစ်၏။

ထိုကဲ့သို့ လက်ရေးဝိုင်းစက်လှပသော ကျွန်ုပ်၏ သူငယ်ချင်း ညို ဝင်းမောင်သည် ကျွန်ုပ်တို့နှင့် ကွဲကွာသွားခဲ့သည်မှာ ယခုဆိုလျှင် အနှစ်နှစ်ဆယ်ပင် တင်းတင်းပြည့်သွားခဲ့ပြီ ဖြစ်၏။

ထိုသို့ အနှစ်နှစ်ဆယ် တင်းတင်းပြည့်အောင် ကွဲကွာသွားခဲ့ပြီးမှ ယခု တစ်ကြိမ် တစ်ခါတည်းသာ စာရေး



အကြောင်းကြားခဲ့ခြင်းဖြစ်ပေရာ စာကို တွေ့တွေ့ချင်း ကျွန်ုပ် ရင်ခုန်လှုပ်ခါသွားမိသည်မှာ အဆန်းမဟုတ်ပါချေ။

ကျွန်ုပ်သည် စုပ်စမြုပ်စ ပျောက်ကွယ်နေခဲ့သော သူငယ်ချင်း ဖြစ်သူ ညို ဝင်းမောင်၏စာမှန်းသိလိုက်သည်နှင့် သူ၏ အကြောင်းအရာများကို လွန်စွာ သိချင်သော စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့သောကြောင့် အလော သုံးဆယ်ပင် ဖောက်ဖတ်ကြည့်မိလေ၏။

ထိုကဲ့သို့ ဖောက်ဖတ်ရာတွင် ညို ဝင်းမောင် ရေးသားထားသည့်စာကို အောက်ပါအတိုင်း ထူးခြား ဆန်းပြားစွာ ခံစားသိရှိရလေတော့၏။

ချစ်သူငယ်ချင်း....

ကိုယ့်ရဲ့လက်ရေးကို တွေ့လိုက်ရတော့ မောင်ရ သိပ်ပြီး အံ့ဩသွားလိမ့်မယ်ဆိုတာ သဘောပေါက်ပါတယ်၊ သူငယ်ချင်းကို ကိုယ် သိပ်ပြီးတွေ့ချင်တာပဲကွာ၊ ကိုယ့်ဆီလာပြီးတွေ့ပါလား။

ကိုယ့်ကို လာတွေ့ပါလားလို့ပြောရတာက ကိုယ့်အနေနဲ့ သူငယ်ချင်းဆီကို လာမတွေ့နိုင်တဲ့ဘဝမျိုးမှာ ရောက်နေလို့ပါ....။

ကျွန်ုပ်သည် ညို ဝင်းမောင်၏စာကို ဖတ်နေရင်း ဆက်မဖတ်နိုင်သေးဘဲ စဉ်းစားခန်း ဝင်လိုက်မိလေ၏။

www.burmeseclassic.com

"သူငယ်ချင်းဆီကိုလာမတွေ့နိုင်တဲ့ဘဝမျိုးမှာရောက်နေလို့ပါ"

ဆိုတဲ့စကားဟာ ဘာကို ပြောချင်တာလဲ ဟု တွေးမြင်လိုက်ခြင်းဖြစ်သည်။

ခေတ္တမျှ စဉ်းစားပြီးမှ သူ၏စာကို ဆက်၍ဖတ်လိုက်၏။

အကြောကြီးနဲ့ ကိုယ့်ကို လာပြီး တွေ့ခိုင်းတာ မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ တကယ့်ကို သူငယ်ချင်းတို့လို ဘဝမျိုး မဟုတ်တော့တဲ့ အတွက်ကိုရှုလိုလာပြီး တွေ့ခိုင်းရတာပါ၊ သူငယ်ချင်းလာပြီး တွေ့ရမယ့် လိပ်စာကို အောက်မှာ ရေးပေးလိုက်မယ်၊ လူချင်းတွေ့တော့မှပဲ စုံစုံလင်လင် ပြောပြတော့မယ် သူငယ်ချင်းရေ။

မောင်ရင်က ထူးခြားတဲ့ ဆန်းကြယ်တဲ့ ဇာတ်လမ်းတွေ ရေးဖွဲ့နေတယ်ဆိုတော့ ကိုယ်နဲ့လာတွေ့ရင် ထူးဆန်းတဲ့ ဇာတ်လမ်းကောင်း တစ်ပုဒ်တော့ အသေအချာ ရပါလိမ့်မယ်။

သူငယ်ချင်းနဲ့ ဘဝချင်း လုံးဝ မတူတော့တဲ့

တစ်ချိန်က မင်းရဲ့သူငယ်ချင်း....

ညိုဝင်းမောင်

ကျွန်ုပ်သည် ညိုဝင်းမောင်၏ စာကို ကိုင်ထားရင်း တစ်ချက်တည်း ငိုင်ကျသွားမိလေတော့၏။



စာကြောင်းရေ အနည်းငယ်မျှသာရှိသော သူ၏ပေးစာလေးမှာ ကျွန်ုပ်၏ ဦးနှောက်အား များစွာပင် အလုပ်ပေးလေတော့၏။

အတွေးကွန့်ရက်များ ဖြန့်ကြက်ရင်း ဟာ.... ဘဝချင်း လုံးဝ မတူတော့ဘူးဆိုတာ ဘာကိုပြောတာလဲ၊ ဝရမ်းပြေး ဘဝကိုပြောချင်တာလား၊လက်ရှိ သူဟာ ဝရမ်းပြေးပဲလား၊ ဥပဒေဘောင်ရဲ့ ပြင်ပမှာ ရောက်နေတာလား၊ ဘာဖြစ်လို့ ငါ့ကို ပေါ်ပေါ်ထင်ထင် လာမတွေ့ရဲကာလဲ၊ သူဟာ ရာဇဝတ်သား အမှန်တကယ်ဖြစ်နေပြီလား စသည့် အတွေးပေါင်း များစွာ အာရုံထဲမှာဝဲလည်လှည့်လျက် ရှိလေတော့သည်။

ထိုကဲ့သို့ တွေးတောနေမိရင်း ညိုဝင်းမောင် ရေးထားသော စာ၏ အောက်ဆုံးပိုဒ်ကို တစ်ခေါက်ထပ်၍ ဖတ်ကြည့်လိုက်၏။

လာမည့် စနေနေ့....ဆိုသောရက်ချိန်းသည် ကြားထဲတွင် သုံးရက်ခန့် လိုသေးရာ ကျွန်ုပ်မှာ စိတ်စောလျက်ရှိ၏။

သူ့စာကို အထပ်ထပ် ပြန်၍ ဖတ်နေမိပြီးမှ စာအိတ်ကလေးအတွင်းသို့ ပြန်ထည့်ကာ ဒိုင်ယာရီ စာအုပ်တွင်း ညှပ်၍ ထားလိုက်၏။

ထို့နောက် ရေးလက်စ တန်းလန်း ဝတ္ထု အကြောင်းလည်း မတွေးတော့ချင်တော့ဘဲညို ဝင်းမောင်နှင့်ပတ်သက်

www.burmeseclassic.com



သော အကြောင်းအရာများကိုသာ အိပ်ရာပေါ် ပက်လက်လှန် နဖူးပေါ် လက်တင်ရင်း စဉ်းစားခန်း ဝင်နေမိလေတော့၏။

ကျွန်ုပ်၏စိတ်အလျဉ်သည်လည်း လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်ကာလသို့ ပြန်လည်ရောက်ရှိသွားလေတော့၏။

ထိုအချိန်ကာလ များသည် ကျွန်ုပ်တို့ အဖို့ အသက်နှစ်ဆယ် ပတ်ဝန်းကျင် ငယ်ရွယ်သူများဖြစ်ကြ၍ တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြလေသည်။

●

## အခန်း (၂)

### ကြွမ်းဝိုးနှင့်ကြွက်ထွန်ဖြူတို့ အထူးထူးစုန်းဆူ

ကျွန်ုပ်တို့ တက္ကသိုလ် တက်ခဲ့ကြစဉ် အတွဲညီညီဖြင့် မခွဲမခွာ အတူတွဲခဲ့ကြသည့် သူငယ်ချင်း စုစုပေါင်း ငါးဦးရှိကြလေ၏။

ညို့ဝင်းမောင်၊ ကျော်မြင့်၊ ခင်လှဝေ၊ မမျိုးဆွေနှင့် ကျွန်ုပ်တို့ ဖြစ်ကြလေ၏။

ညို့ဝင်းမောင်သည် နာမည်နှင့်လိုက်အောင်ပင်အသားညိုညို၊ အရပ်အမောင်း ကောင်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းဖြစ်ကာ ဆံပင်မလယ်ခွဲ

www.burmeseclassic.com



နှင့် မီးကလေးများ ကျလောက်သော ရှာ်ရည်မျိုး ဖြစ်လေသည်။

ကျော်မြင့် မှာကား အရုပ်ပုပုဝဝဖြစ်ကာ ရယ်ရယ်မောမော ပြောပြောဆိုဆို နေတတ်သောကြောင့် လူချစ်လူခင် များသူ တစ်ဦးဖြစ်၏။

ခင်လှဝေ သည်လည်း ညိုဝင်းမောင်ကဲ့သို့ပင် နာမည်နှင့် လိုက်လျောသူဖြစ်၏။အလှတွေဝေနေသဖြင့် သူ့နာမည် ခင်လှဝေ ဖြစ်၍နေသလော ပြောရမလို ဖြစ်၏။

မမျိုးဆွေ မှာကား ညိုစိမ့်စိမ့်နှင့် တည်တည်ငြိမ်ငြိမ် ကလေး နေတတ်၏။ခင်လှဝေလောက် အလှဝေ၍မနေချေ။

ကျွန်ုပ်တို့ သူငယ်ချင်း ငါးဦး တို့သည် အချင်းချင်း လွန်စွာ ချစ်ခင်ကြ၏။

တစ်ယောက် အခက်အခဲရှိက တစ်ယောက်က ကူညီရ၏။ သို့မဟုတ် ကျန်သည့် လေးယောက်စလုံးက အခက်အခဲ ရှိသူ၏ အပူကို ကိုယ့်အပူလုပ်ကာ ခေါင်းချင်းဆိုင်ပြီး ဖြေရှင်းပေးလေ့ရှိကြ၏။

ထို့အတူပင် တစ်ယောက်က ချွတ်ယွင်းချက်ရှိနေပါက နောက်တစ်ယောက်က သူ၏ ချွတ်ယွင်းချက်ကို ထောက်၍ ပြ၏။



ဤသို့ဖြင့် တက္ကသိုလ် ကျောင်းတော် မဟာကြီးတွင် ကျွန်ုပ်တို့ သူငယ်ချင်း ငါးဦးတို့သည် ဆင်, ခါ, မျောက် စသည့် သတ္တဝါများကဲ့သို့ပင် တစ်ဦးနှင့် တစ်ဦး ချစ်ချစ်ခင်ခင် အဆွေခင်ပွန်းဖွဲ့၍ နေခဲ့ကြလေ၏။

ကာလ တစ်ခု၌ လွန်စွာချောမောလှပသူ ခင်လှဝေကို သူငယ်ချင်း နှစ်ယောက်ဖြစ်သည့် ညိုဝင်းမောင်နှင့် ကျော်မြင့်တို့ နှစ်ဦးစလုံးပင် စွဲလမ်းတပ်မက်မိကြ၏။

အချိန်ရှိသရွေ့ စာကြည့်တိုက်ပြေးလိုက်၊ လက်ဖက်ရည်ဆိုင်တွင် စာပေသမားများနှင့်ခေတ်ပေါ်မဂ္ဂဇင်းဂျာနယ်များအကြောင်း ပြောလိုက်နှင့် မအားမလပ်အောင် ရှိတတ်သော ကျွန်ုပ်တစ်ယောက်တည်းသာ ခင်လှဝေ၏အလှတွင် ယစ်မူးရန် အချိန်မရှိခဲ့ခြင်းဖြစ်၏။

ညိုဝင်းမောင်သည် လည်းကောင်း၊ ကျော်မြင့် သည် လည်းကောင်း ကျွန်ုပ်နှင့် နှစ်ယောက်တည်း တွေ့ကြသည့် အချိန်အခါမျိုးတွင် ခင်လှဝေကို မည်မျှချစ်နေမိကြောင်း အာပေါင်အာရင်းသန်သန်နှင့် အမြုပ်ထွက်မတတ် ပြောကြ၏။

တစ်နေ့တွင် ညိုဝင်းမောင်သည် ခင်လှဝေနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ သူငယ်ချင်းရယ်.... ခင်လှဝေကိုသာ ရမယ်ဆိုရင် အဲဒီရတဲ့အချိန်ကစပြီး ငါ သိပ်ကြိုက်တဲ့ ဒူးယားစီးကရက်ကို ပါနုပေတံ အသက်ထက်ဆုံး ဖြတ်လိုက်ပါဆိုရင်တောင် တောက်ခနဲနေအောင် ဖြတ်ဝံ့ပါတယ်ကွာ"

"တကယ်လား၊ ဟေ့ကောင် ညိုဝင်းမောင်"

"တကယ်မဟုတ်ဘူး သူငယ်ချင်း၊ နှစ်ကယ်၊ သုံးကယ်၊ လေးကယ်၊ အကယ်တစ်ရာကွာ ကဲ...."

"ဒါဖြင့် မင်းရဲ့အချစ်ကို ခင်လှဝေက ငြင်းပယ်လိုက်မယ် ဆိုရင်ကောကွာ"

"အဲသလိုသာ ငြင်းပယ်လိုက်လို့ကတော့ ငါ့အတွက် အသက်ရှင်နေရတာထက် သေသွားတာကမှ ပိုပြီးကောင်းပါလိမ့်ဦးမယ် သူငယ်ချင်းရာ"

ညိုဝင်းမောင်က အမှန်တကယ် ခံစားနေရဟန် မျက်နှာငယ်ကလေးဖြင့် ပြောလိုက်၏။

သည်အတွက် ကျွန်ုပ်ပင်လျှင် စိတ်မကောင်းသလို ဖြစ်ခဲ့မိလေ၏။



အလားတူပင် ကျော်မြင့်နှင့် တွေ့သောအခါတွင်လည်း ကျွန်ုပ်သည် ခင်လှဝေတရားကို နာရပြန်လေတော့၏။

"မင်း ငါ ခင်လှဝေကို ဘယ်လောက်ချစ်တယ်ဆိုတာ နားလည်မှာ မဟုတ်ပါဘူးကွာ"

"ဘယ်နားလည်မလဲကွ၊ ငါမှ မချစ်ဖူးသေးတာ"

"အေး.... မချစ်ပါနဲ့၊မင်းက စာအုပ်တွေကိုပဲ ဖက်ထား၊ တစ်နေ့တစ်နေ့ စာအုပ်နဲ့မျက်နှာ မခွာဘဲနေတဲ့ကောင်၊ ဘယ်မိန်းကလေးကို ချစ်တတ်မှာလဲ"

"စာရေးတဲ့လူက စာမဖတ်ရင် ဘယ်ဖြစ်မလဲ ကျော်မြင့်ရာ၊ ဖတ်နိုင်လေ ကောင်းလေပေါ့"

"ဘာပဲဖြစ်ဖြစ် ငါ ခင်လှဝေကို သိပ်ပြီးချစ်မိနေပြီ သူငယ်ချင်းရာ၊ ဒါပေမယ့် ခင်လှဝေက ငါ စကားပြောရင် ငါ့ပါးစပ်က ကြက်သွန်ဖြူနံ့ ရ,ရနေတာကို သူ သဘောမကျဘူး၊ နှာခေါင်းအမြဲရှုံ့တတ်တယ်၊ ကြက်သွန်ဖြူနံ့ကို မခံနိုင်ဘူးလို့ ပြောတယ်"

"မင်းကလဲ မင်းပဲ ကျော်မြင့်ရာ၊ အသုပ်ဆိုင်မှာ အသုပ်စားရင် အသုပ်က လက်သီးဆုပ်လောက်စားပြီး ကြက်သွန်

www.burmeseclassic.com

www.burmeseclassic.com



ဖြူက လက်ခုပ်တစ်ခုပ်စာလောက် ဝါးတော့ မနံ့ဘဲနေပါ့မလား၊ အလကားရတိုင်း စားတဲ့ကောင်"

"အလကားရတိုင်း စားတာမဟုတ်ပါဘူး စာရေးဆရာရယ်၊ ကြိုက်လွန်းလို့ကို စားမိတာပါကွာ၊ ဒါပေမယ့် တကယ်လို့သာ ခင်လှဝေ ဝါ့ရဲ့အချစ်ကို တုံ့ပြန်ပြီး ချစ်မယ် ဆိုလို့ကတော့ ငါ့သိပ်ကြိုက်တဲ့ ကြက်သွန်ဖြူကို ဆယ်ခါပြန် ရှောင်ကြဉ်ပံ့ပါတယ်ကွာ"

"ခင်လှဝေက ကြက်သွန်ဖြူကို ဒီလောက်အထိအောင်တောင် မုန်းရသတဲ့လား ကျော်မြင့်ရယ်"

ကျော်မြင့်က ခေါင်းဆတ်ညိတ်လိုက်၏။

"ဒီထက်တောင် ပိုသေးတယ်၊ သူအမုန်းဆုံးတွေထဲမှာ ကြက်သွန်ဖြူက ထိပ်ဆုံးကဆိုပဲ၊ ပြီးတော့ ကြမ်းပိုးကိုလဲ မုန်းသတဲ့၊ လက်ဖက်ရည် ဆိုင်မှာ အာပေါင်အာရင်း သန်သန်နဲ့ လေထွားတတ်တဲ့ နိုင်ငံရေးသမားလဲ ပါဝင်သေးတယ်ကွ"

ကျွန်ုပ်သည် ကျော်မြင့်၏ စကားကြောင့် သဘောကျစွာ ပြုံးခဲ့မိလေ၏။



ကျော်မြင့်ကမူ ခင်လှဝေ မည်မျှလှကြောင်း၊ ချော ကြောင်းကို မပြီးနိုင် မစီးနိုင် ဟိမဝန္တာချီးမွမ်းခန်း ဖွင့် နေပြန်လေ၏။

ထို့နောက် သူ မည်မျှသို ချစ်နေရကြောင်းကိုလည်း အမြှုပ်ထွက်မတတ် ပြောပြန်၏။ ကျွန်ုပ်မှာ သူတိုက်သည့် လက်ဖက်ရည်တစ်ခွက်နှင့် မကာမိအောင် နားဒုက္ခ ခံစားခဲ့ ရလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ရည်းစားစာရေးရှန် ကျွမ်းစာဆုဝ်များပေတ်ရဆူ

သူတို့နှစ်ယောက်သည် ကျွန်ုပ်အား ရင်ဖွင့်ခဲ့ကြသည့် အတိုင်းပင် အခွင့်အရေးရသည်နှင့် ခင်လှဝေ၏ အချစ်ကို ရရှိနိုင်ရန်အတွက် အပြိုင်အဆိုင် ပိုးပန်းကြလေတော့၏။

“အလှမကြိုက်တဲ့ စီးကရက်ကို ကိုယ် အတတ်နိုင်ဆုံး မသောက်ဘဲနေဖြစ်အောင် ကြိုးစားပါတယ် အလှရယ်’

ညို့ဝင်းမောင်သည် ခင်လှဝေ နှစ်ခြိုက်မည့်စကားကို ရှာကြံ၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူအင်မတန်ကြိုက်သော စီးကရက်ကို ခင်လှဝေရှေ့တွင် မသောက်ဖြစ်အောင်လည်း အမှန်တကယ်ကြိုးစားရရှာ၏။

ခင်လှဝေက ညိုဝင်းမောင်၏ စကားကို ကြားရသောအခါ သဘောကျစွာဖြင့် ပြုံးလိုက်၏။

"ဟုတ်ရဲ့လား ကိုဝင်းမောင်ရယ်၊ တကယ်ပဲ တိမ်မှလိမ်ပါနော်၊ ဟင်း....ဟင်း.... ကျွန်မရှေ့မှာတော့မသောက်ဘဲ အောင့်အည်းနေပြီး ကျွန်မကွယ်ရာကျမှ ခိုးခိုးပြီးသောက်နေရော မဟုတ်လားရှင်"

ခင်လှဝေ ပြောသောစကားမှာ တိုက်ရိုက်ကြီးမှန်ကန်နေသောကြောင့် ညိုဝင်းမောင်သည် ဘာမှ ပြန်၍မပြောသာတော့ဘဲ သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်အောင်သာ ပြုံးဖြဲနေရလေ၏။

အမှန်တကယ်လည်း စီးကရက်ကို သိပ်ကြိုက်လွန်းသော ညိုဝင်းမောင်၏ ဒုက္ခမှာ ကြီးလှပေသည်။ အထူးသဖြင့် အစားအစာ တစ်မျိုးမျိုး စားပြီးလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် လက်ဖက်ရည်, ကော်ဖီကဲ့သို့ အချို တစ်မျိုးမျိုး



သောက်ပြီးလျှင်ဖြစ်စေ ခံတွင်းချဉ်တတ်သည့် ဝေဒနာမှာ ထူးဆန်းလှသည်။

နာကျင် ကိုက်ခဲသော ဝေဒနာဆိုးများနှင့် မတူသော်လည်း ထို'ခံတွင်းချဉ်'သည် ဆိုသော ဝေဒနာမှာလည်း ပြောပြရခက်ခက်နှင့်ပင် တော်တော်လေး ကသိကအောက်နိုင်သော ဝေဒနာ ဖြစ်၏။

ထိုဝေဒနာအကြောင်းကို ဆေးလိပ်,စီးကရက်မသောက်တတ်သူအား ပြောပြလျှင် နားလည်နိုင်မည်မဟုတ်ချေ။

အစားအသောက်စားပြီးချိန်တွင် အထက်ပါကဲ့သို့သော ခံတွင်းချဉ်သည့်ဝေဒနာ ဖြစ်ပေါ်တတ်ကြောင်း သိတတ်သော ဆေးလိပ်သောက်သူ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် အလိုက်သိစွာဖြင့် ဆေးလိပ်တည့်လျှင် လွန်စွာမှ ကျေးဇူးတင်တတ်ကြလေ၏။

များသောအားဖြင့် ဆေးလိပ်သမားများသည် စားသောက်စရာ ဘည်ခင်းကျွေးမွေးသည်ထက် ဆေးလိပ် တည့်ခြင်းကို ပိုမို၍ ကျေးဇူးတင်တတ်ကြ၏။

ဆေးလိပ်စွဲသူတစ်ယောက်အဖို့ ဖြတ်ရန် အလွန်ခက်ခဲလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညို၀င်းမောင်သည်လည်း ခင်လှဝေ မနှစ်သက်သော ဆေးလိပ်ကြိုက်တတ်ခြင်း ငသီကို ဖျောက်ရန် မလွယ်ကူ လှချေ။

မီးညှိပြီး တစ်ဖွာနှစ်ဖွာသာ သောက်ရသေးသည့် စီးကရက် အရှည်ကြီးပင်ဖြစ်လင့်ကစား ဟိုအဝေးဆီက ခင်လှဝေ လျှောက်လာသည်ကို မြင်ရသည်နှင့် နှမြောခြင်းကင်းမဲ့စွာဖြင့် စီးကရက်ကို နင်းခြေပြီးသား ဖြစ်နေတတ်၏။

သို့သော်လည်း ညို၀င်းမောင်၏ မြင်ကွင်းမှ ခင်လှဝေ ပျောက်ကွယ်သွားသည်နှင့် နောက်ထပ် စီးကရက် အသစ်တစ်လိပ်ကို မီးညှိရပြန်လေ၏။

"မင်းဒုက္ခကလဲ မသေးပါလား ညို၀င်းမောင်ရာ"

ကျွန်ုပ်က သူ့အဖြစ်အပျက်ကို ကြည့်ပြီး ညည်းမိသောအခါ ညို၀င်းမောင်က....

"ဘယ်တတ်နိုင်မလဲ သူငယ်ချင်းရာ၊ ဝဋ်ကြွေး တစ်ခုလို့ ဆိုရမှာပေါ့၊ ငါကလဲ ခင်လှဝေကို ချစ်မိနေမှကိုး"

ဟု ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပြန်၍ ပြောတက်ခဲ့လေသည်။



ပြီးနောက် စီးကရက်ကို စောစောကထက် နှစ်ဆမျှ တရှိုက်မက်မက် ဖွာလေ၏။

ဤသို့ဖြင့် ညို၀င်းမောင်သည် ယခင်ကထက် စီးကရက်ဖိုး နှစ်ဆမျှကုန်လေတော့၏။

စီးကရက် ရောင်းသည့် ဆိုင်ကပင် မျက်လုံးပြူးရသည်အထိ စီးကရက်ဝယ်နှုန်း တက်လာခဲ့လေသည်။

"လုပ်ပါဦးဗျာ၊ ဒူးယား နောက်တစ်ဘူးလောက်"

"ဟာ....ဆရာသမားဝယ်တာ ဒီနေ့ နှစ်ဘူးတောင်ရှိနေပြီနော်၊ ကျွန်တော်က စေတနာနဲ့ ပြောတာပါ၊ အမှန်က ရောင်းရလေ ကောင်းလေပေါ့၊ ဒါပေမယ့် ဆရာသမား ရောဂါရမှာစိုးလို့ လျှော့သောက်စမ်းပါဗျာ"

"လျှော့သောက်ပါတယ်ဗျာ၊ တစ်ဝက်က သောက်ပေမယ့် တစ်ဝက်က လွှင့်ပစ်နေရတာနဲ့ ကုန်တာဗျ"

ညို၀င်းမောင်၏စကားကို ဈေးသည်ကနားမလည်ပေ။

"ဆာ့ပြောတယ်ဗျ၊ တစ်ဝက်သောက်ပေမယ့် တစ်ဝက် လွှင့်ပစ်နေရတယ် ဟုတ်လား၊ ဘာကိုပြောတာလဲဗျ"

"ဘာကိုပြောတာလဲဆိုတာ စဉ်းစားပေါ့ဗျာ၊ ခင်ဗျား တစ်ခေါင်းလုံးကဆံပင်တွေကြာဆံလိုဖြူဖွေးမသွားခင် အဲဒီ

www.burmeseclassic.com



တစ်ဝက်သောက်၊ တစ်ဝက်ပစ်ဆိုတဲ့ အခြေရှရင်ကံကောင်းတယ်လို့ မှတ်ရမယ်"

ဈေးသည်မှာ ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

ကျော်မြင့်သည်လည်း ညိုဝင်းမောင်ကဲ့သို့ပင်ဖြစ်လေ၏။

ခင်လှဝေသဘောမကျသော အလုပ်ဖြစ်သည့် လက်ဖက်ရည် ဆိုင်တွင် အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆို ငြင်းခုံမှုကို ဝေရမကြိုက်ကွာပဲ ဝေးစွာ ရှောင်ကြဉ်ခဲ့လေသည်။

ဤကဲ့သို့ ဖြစ်သွားသည်မှာ ဆိုးတော့မဆိုးလှပေ။

လက်ဖက်ရည်ဆိုင်တွင် လေမပစ်ရတော့သောကျော်မြင့်သည် အကျင့်ဖြစ်အောင်ဟု ဆိုကာ ကျွန်ုပ်တို့ သူငယ်ချင်းများနှင့်လည်း ခါတိုင်းကဲ့သို့ သူကချည်း စကားတွေ ဗလစ်ဗလစ် ပြောသည့်အလုပ်ကို မလုပ်တော့ချေ။



ခါတိုင်းဆိုလျှင် တစ်ဝိုင်းလုံး သူ့အသံချည်းဖြစ်၍ ဆင်ခြင်ဘည့် ကာလတွင် စကားမပြောဘဲ တေမိလုမ်ကာတ်လာလေရာ ကျွန်ုပ်တို့အားလုံး နားချမ်းသာ နားကျန်းမာကြကုန်တော့၏။

ထိုမျှမကသေး၊ အားပါးတရပြောဆိုတတ်သည့် ကျော်မြင့်ထံမှ တံတွေးပေါက်စဉ်ခြင်း ဘေးမှလည်း လွတ်ကင်းရလေ၏။

"ငါတို့ကို တံတွေးစက်တွေ မစဉ်တော့တဲ့အတွက် ငါတော့ ခင်လှဝေကို ကျေးဇူးဘင်တယ်ကွာ၊ တကယ်ပဲ"

ကျွန်ုပ်က ပြောလိုက်ရာ ကျော်မြင့်မှာ မျက်နှာကြီးရှုံ့မဲ့သွားလေ၏။

"အေးပေါ့ကွာ၊ မင်းတို့က အသာစီး ရထားတော့ ပြောထားကြဦးပေါ့"

ကျော်မြင့်က မကျေမနပ် ရေရွတ်၏။

ဘာပဲဖြစ်ဖြစ် ခင်လှဝေ၏ရှေ့တွင် ပုဂ္ဂိုလ်သင်ညို တစ်ကောင်လို ခေါင်းညိတ်ခေါင်းခါ လုပ်နေတတ်၏။

ကျော်မြင့်မှာ ကျွန်ုပ်တို့အမြင်တွင် သနားစရာပင် ဖြစ်နေသေးတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ခေါ်တို့ အမြဲတမ်း အငြိမ်မနေတတ်တဲ့ ကျော်မြင့်ကောင် ခုမှပဲငြိမ်တော့တယ်နော် ညို့ဝင်းမောင်"

"အစစ်ပဲ၊ အခုမှပဲ တို့လဲ နားချမ်းသာကြတော့တယ်နော်"

သို့သော်လည်း ညို့ဝင်းမောင်ထံမှ စီးကရက်ငွေ့များ မထွက်ခြင်း၊ ကျော်မြင့်ထံမှ တံတွေး မစဉ်တော့ခြင်းမှာ အခိုက်အတန့်မျှသာ ဖြစ်သည်။

ကာလကြာရှည်တော့ သူတို့နှစ်ယောက် မနေနိုင်ကြချေ။

ခင်လှဝေ လစ်သည်နှင့် ညို့ဝင်းမောင်ကလည်း စီးကရက်မီးခိုးတွေ မှိန်နေအောင် သောက်၏။

ကျော်မြင့်ကလည်း တံတွေးတွေစဉ်အောင် ဗလစ်ဗလစ်ဖြင့် ပြော၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့သူငယ်ချင်းများသည် ရန်ကုန်တက္ကသိုလ်ကျောင်းကြီး၌ ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြလေ၏။

"ဟေ့ကောင် ညို့ဝင်းမောင်၊ မင်း ခင်လှဝေကို စာပေးပေးနေတာ ဘယ်နှစ်စောင်တောင် ရှိသွားပြီလဲ"

တစ်နေ့ ကျွန်ုပ်နှင့် ညို့ဝင်းမောင်တို့ တက္ကသိုလ်ဝင်းထဲ လမ်းလျှောက်နေကြစဉ် ကျွန်ုပ်က မေးလိုက်မိ၏။



"အစောင်နှစ်ဆယ်တည်း ရှိပါသေးတယ်ကွာ"

"ဟာ....ဒါဆို နည်းသေးတာပေါ့ကွ ညို့ဝင်းမောင်ရ၊ နောက်ထပ် အစောင်ရှစ်ဆယ်လောက်ပေးဦး၊ ဒါမှ ရာပြည့်အထိမ်းအမှတ်ပွဲ လုပ်လို့ရမှာ"

"အေး....ရာပြည့်အောင်ပေးဖို့လဲ အစီအစဉ်ရှိပါတယ်ကွာ၊ ဒါကတော့ ဘယ်တော့မှ မလျှော့ဘူး၊ သူ့ဘက်က ဘယ်လောက် တင်းနိုင်မလဲ၊ ငါ့ဘက်က ဘယ်လောက် ကြိုးစားနိုင်မလဲ ပြိုင်ကြတာပေါ့ကွာ"

ညို့ဝင်းမောင်က ရင်ကိုကော့၍ ပြောလိုက်၏။

"ဒါနဲ့ နေစမ်းပါဦး ညို့ဝင်းမောင်ရယ်၊ လူကိုယ်တိုင်လိုက်စကားပြောတာကရော ဘယ်လောက်များများ ရှိနေပြီလဲ"

"ကိုယ်တိုင်လိုက်ပြောတာလား"

"အေး"

ညို့ဝင်းမောင်က ချက်ချင်းပြန်မပြောသေးဘဲ ပြုံးစိစိနှင့် လုပ်နေ၏။

"မင်းကို ရုပ်ရှင်မင်းသားရွေးဖို့ အိုက်တင်ကျင့်ခိုင်းနေတာ မဟုတ်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ကွာ၊ ငါကလဲ ပြောပြမယ်လို့ပဲ တဲတဲ၊ မှန်တာပြောရရင်တော့ ငါ ခင်လှဝေကို စကားလိုက်ပြီး ပြောခဲ့တာ အကြိမ်သုံးဆယ်နီးပါး ရှိနေပြီ"

"အေး....မင်း အဲဒီလိုအတိုင်းပဲ ကျောင်းစာဘက်မှာ ဇွဲကောင်းကောင်းနဲ့ ကြိုးစားခဲ့ရင် ဂုဏ်ထူးမှတ်တွေ တန်းစီနေတာ သေချာတယ်"

"အမှန်ပဲ သူငယ်ချင်း၊ ဒါကိုတော့ ငါဝန်ခံပါတယ်၊ ဒါပေမယ့် အဲဒီလိုပြောလို့တော့ မရဘူးကွ၊ မင်းက ချစ်သူမရှိဖူးသေးလို့ ဒီစကားပြောနေတာပါ၊ အဲဒီဇွဲချင်း မတူသေးဘူးကွ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ငါကအတွေ့အကြုံ မရှိဖူးသေးလို့ပြောတယ်ပဲ ထားလိုက်ပါတော့"

အချစ်ဆိပ် မှန်နေသည့် ညိုဝင်းမောင်အား ကျွန်ုပ်အနေဖြင့် မငြင်းခုံလိုတော့ဘဲ အလျှော့ပေးလိုက်ခြင်းအား ညိုဝင်းမောင် ကျေနပ်သွားလေတော့၏။

*  *  *

ညိုဝင်းမောင်နှင့် တွေ့ကြသောအခါ ခင်လှဝေနှင့်ပတ်သက်၍ ပြောဖြစ်ကြသကဲ့သို့ပင် ကျော်မြင့်နှင့် နှစ်



ယောက်ချင်း တွေ့ကြသောအခါတွင်လည်း ကျွန်ုပ်အနေနှင့် မေးဖြစ်ပြောဖြစ်ကြပြန်လေ၏။

"မင်းကရော ခင်လှဝေကို စာပေးထားတာ ဘယ်နှစ်စောင်ရှိမလဲကွ ကျော်မြင့်ရဲ့"

"ငါလား၊ ငါက သိပ်ပြီးများများစားစား မပေးပါဘူးကွာ၊ အရေအတွက်က ဘာလုပ်ရမှာလဲ၊ အရည်အချင်းက အဓိကမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ကဲ ပြောစမ်းပါဦး၊ ဘယ်နှစ်စောင်ရှိပြီလဲ"

"နှစ်စောင်ပဲ ရှိပါသေးတယ်ကွာ၊ အဲ....အခု တတိယအကြိမ်မြောက် ခင်လှဝေအတွက် မေတ္တာစာကို ရေးသားသိကုံးစာလုံးစီဖို့ အချက်အလက်တွေ စုဆောင်းနေဆဲပဲကွ"

"ဘာဖြစ်တယ်ကွ ကျော်မြင့်ရ၊ ခင်လှဝေကို ရည်းစားစာရေးဖို့ အချက်အလက်တွေ စုဆောင်းနေရတယ် ဟုတ်လား၊ ဟုတ်လား....မင်းဟာက လူကောင် ပုတက်တက်ကလေးနဲ့မလိုက်အောင်ကို ကြီးကျယ်လှပါလားကွာ"

ကျော်မြင့်က နိုင်ငံခြားရုပ်ရှင် မင်းသားများကဲ့သို့ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်၏။

ပြီးနောက် နှုတ်ခမ်းကို တွန့်ရုံကလေး ပြုံးလိုက်ပြီး....

"သိတဲ့အတိုင်းပဲ သူငယ်ချင်း၊ ငါက အလုပ်လုပ်ရင် ဘယ်အလုပ်မျိုးမဆို ပေါ့ပေါ့ဆဆ မလုပ်တတ်ဘူးကွ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကြားဖူးတယ်မဟုတ်လား၊ အေးလေ မင်းကစာရေးဆရာဆိုတော့ ပိုပြီးဖတ်ဖူး၊ ကြားဖူးမှာပေါ့”

“ပြောမှာသာ ပြောစမ်းပါကွာ”

“တခြား မဟုတ်ဘူး၊ ကေသရာဇာ ခြင်္သေ့မင်းတို့ မည်သည့် ယုန်သူငယ်ကို ဖမ်းယူရာမှာလဲ အခြားသော သားကောင်ကြီးများ ဖမ်းသည့်နည်းတူ လုံ့လဝီရိယကို ဘယ်တော့မှ လျှော့လေ့မရှိဘူးကွ၊ ရည်းစားစာပေးရာမှာလဲ စနစ်တကျလုပ်ရမှာပဲ၊ ဟဲဟဲဟဲ”

“ဘယ်ဆိုတဲ့ စာပါလဲ”

“စာဆိုမဟုတ်ဘူး ကိုယ့်လူ၊ ငါကတကယ့်ကို ကျင့်သုံးနေတာ၊ အခု ခင်လှဝေဆီ မေတ္တာစာရေးဖို့ ရာဇမဏ္ဍ သင်္ဂဟ ကျမ်းရယ်၊ နီတိမဉ္ဇရီရယ်၊ တခြား တက်ကျမ်း ပေါင်းစုံရယ် စာအုပ်တော်တော်များများ လေ့လာနေရတယ်ကွ”

“လွန်တာပေါ့ကွာ၊ ရည်းစားစာရေးတာပဲ၊ ကျမ်းစာပြုစုနေတာမှ မဟုတ်တာ”

ကျော်မြင့်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

“ငါ ပြောပြီးပြီမဟုတ်လား၊ ဘာပဲလုပ်လုပ် ပေါ့ပေါ့ဆဆ မလုပ်တတ်ပါဘူးလို့၊ ကြီးမားကြွခိုင်တဲ့ ကျမ်းကြီးတွေ ဖတ်ရှုကိုးကားပြီး တင်ပြတော့ ငါ့သူကို ချစ်တဲ့



အချစ်ဟာ ဘယ်လောက်လေးလေးနက်နက် ရှိတယ်ဆိုတာ သူနားလည်ခွင့်ရသွားတာပေါ့ သူငယ်ချင်းရာ”

ကျွန်ုပ်က သူငယ်ချင်း ကျော်မြင့်ကို ကျေနပ်စေရန်အတွက် ပြုံးလျက် ခေါင်းတညိတ်ညိတ် လုပ်ခဲ့ရသော်လည်း အမှန်တကယ်တွင်မူ စိတ်ထဲ၌ အတော်ကလေး ရယ်ချင်ပက်ကျိ ဖြစ်ခဲ့မိလေ၏။

သို့သော်လည်း ကျော်မြင့်ရှေ့တွင် မရယ်မောဖြစ်ရန် သတိထား ချုပ်တည်းခဲ့ရလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

### လူနှစ်ကိုယ် အကြံတိုက်ဆိုင်မှု

ညိုဝင်းမောင်နှင့် ကျော်မြင့်တို့သည် ခင်လှဝေကို စာပေးတော့မည်ဆိုလျှင် ချက်ချင်း မပေးလိုက်သေးဘဲ ကျွန်ုပ်အား ပေး၍ဖတ်လေ့ရှိကြ၏။

ပြီးလျှင် ကျွန်ုပ်ဝေဖန်သည်ကို ခံယူကြ၏။

ကျွန်ုပ်က ဟိုဟာပြင်လိုက်ဆိုလျှင်လည်း ပြင်၏။

ဒီဟာပြင်ဦးဆိုလျှင်လည်း ပြင်၏။

စာရေးဆရာပေါက်စကလေး ကျွန်ုပ်၏ ဝေဖန်မှု အဆုံးအဖြတ်သည် သူတို့နှစ်ဦးအတွက် အလွန်အရေးပါ အရာရောက်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်ုပ်သည် ညီဝင်းမောင်နှင့် ကျော်မြင့်တည်းဟူသော သူငယ်ချင်းနှစ်ယောက် ကြားတွင် ပုဏ္ဏားတိုင်ကြီးလုံးလုံး ဖြစ်လာလေတော့၏။

ဤကဲ့သို့ အကောင်းအဆိုး ဝေဖန်နိုင်ကြသည့်အတွက် သူတို့က ကျွန်ုပ်အား အစားအသောက်ဆိုင် ကောင်းကောင်းတွင် ဒကာခံကြသည်။

ကျွန်ုပ်စိတ်ကြိုက် ကျွေးမွေး၏။

"ဝအောင်လဲ စား၊ သေသေချာချာလဲဖတ်ပြီး ဝေဖန်နော် ဟေ့ကောင်"

တစ်နေ့ စားသောက်ဆိုင်တစ်ခုတွင် ညီဝင်းမောင်သည် ကျွန်ုပ်ကြိုက်နှစ်သက်သော ကြာဆံကြီးသုပ် မှာကျွေးရင်း ပြောလိုက်၏။

"အေးပါကွာ၊ အာရုံပျက်အောင် စကားမပြောပါနဲ့"

ကျွန်ုပ်က သူရေးထားသည့်စာကို လက်မှကိုင်ဖတ်နေရင်းက တုံ့ပြန်ပြောလိုက်ရ၏။

ကျွန်ုပ်သည် သူတို့အား ထိုကဲ့သို့ဆောင်ရွက်ပေးရခြင်း အလုပ်ကို လုပ်ခါစကာလများတွင် စိတ်မပါလှသော်လည်း နောက်ပိုင်းတွင်မူ အကျင့်ပါလာသောအခါ၌ ထိုကဲ့သို့



ခင်လှဝေ မေတ္တာဖွဲ့များဖတ်ရသည်ကို မွေ့လျော် ပျော်ပိုက်သလို ဖြစ်လာမိ၏။

သူတို့၏စာများကို မဖတ်ရသည်မှာ ရက်အတန်ငယ်ကြာလာလျှင် တစ်ခုခုလိုအပ်သလို ခံစားနေခဲ့ရသည်။

ဘာလိုနေမှန်းမသိသော ဝေဒနာတစ်မျိုးပင် ဖြစ်၏။

ကျွန်ုပ်သည် စာကို သေသေချာချာ ဖတ်ရှုပြီးသောအခါ မိမိလေ့လာထားသော အတွေ့အကြုံများကို ရောမွှေလျက် သူတို့အား စကားကြီးစကားကျယ်များ သုံးနှုန်းကာ ဝေဖန်၏။

သူတို့ကလည်း လိုက်လျောကာ ပြင်တန်သည်ကို ပြင်၏၊ ဖျက်တန်သည်ကို ဖျက်၏။

ဖျက်ရာများလွန်းသော စာများကို အပင်ပန်းခံ၍ ပြန်ရေး၏။

ထိုအသက်အရွယ်တွင် ဤကိစ္စကြီးသည် ရေးကြီးခွင့်ကျယ် လုပ်ငန်းကြီး တစ်ခုအဖြစ် ကျွန်ုပ်တို့ သူငယ်ချင်းများကြားတွင် ရှိခဲ့လေ၏။

"ဟေ့ကောင် ညီဝင်းမောင်၊ မင်း ခင်လှဝေကို ပေးမယ့် သုံးဆယ့်သုံးစောင်မြောက် မေတ္တာစာကို မရေးသေးဘူးလား၊ ငါဖတ်ချင်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ညို့ဝင်းမောင်ရေးသော ခင်လှဝေထံသို့ပေးရန် မေတ္တာစာကို မဖတ်ရသည်မှာ ကြာမြင့်လှပြီဖြစ်သော တစ်နေ့သ၌ ကျွန်ုပ်သည် မအောင့်မအည်းနိုင်အောင် ဖြစ်လေ၏။

"ဒီကနေ့ညရေးမလို့ စဉ်းစားထားတာပါပဲကွာ၊ ဒါပေမယ့် ဒီကနေ့ ပြဿဒါးနေ့ ကျနေတယ်ကွ၊ အဲဒါ မနက်ဖြန်ကျမှရေးရင် ကောင်းမလားလို့"

ညို့ဝင်းမောင်က စီးကရက်ငွေ့များကို ဖွာထုတ်ရင်း မေးလိုက်၏။

"ဟား ဟား ဟား၊ အမယ်လေး ညို့ဝင်းမောင်ရာ၊ ရည်းစားစာရေးတာပဲ၊ မင်းလက်ထက်ကျမှ ရက်ရာဇာ၊ ပြဿဒါး ရွေးနေရသေးတယ်လို့"

ကျွန်ုပ်က သူ့စကားကို သဘောကျစွာ တဟားဟား ရယ်မိရင်း ပြောလိုက်လေ၏။

"ရွေးရမယ် သူငယ်ချင်း ရွေးရမယ်၊ မင်း ကြားဖူးတယ် မဟုတ်လား"

"ဘာကိုလဲ"

"အိမ်ထောင်မှု ဘုရားဘည်၊ ဆေးမင်ရည် စုတ်ထိုး၊ ဤသုံးမျိုး ခုမပိုင်လျှင် နောင်ပြင်နိုင်ခက်သည့်အမျိုးတဲ့"



"အဲဒါ ဒါနဲ့ဘာဆိုင်လို့လဲဟ၊ မင်းက အိမ်ထောင်ပြုသေးတာမှ မဟုတ်ဘဲ၊ ရည်းစားစာရေးရုံ ရေးတာပဲ"

"ဆိုင်တာပေါ့ကွ၊ ဘာဖြစ်လို့မဆိုင်ရမှာလဲ၊ လူကြီးသူမများက မင်းတို့လိုလူတွေကို ရည်ရွယ်ပြီးပြောခဲ့တာဖြစ်မှာ"

"ဘာများလဲ"

"ဘာရမှာလဲကွ၊ မရှိတာထက် မသိတာခက်တဲ့၊ မင်းလဲ စဉ်းစားကြည့်စမ်းပါဦး၊ ရည်းစားစာ ရေးတယ်ဆိုတာဟာ အိမ်ထောင်ပြုခြင်းရဲ့ အရင်းဦးပဲ မဟုတ်ဘူးလား"

"တော်တော် အပြောကောင်းတဲ့ကောင်"

ဤသို့အားဖြင့် ညို့ဝင်းမောင် နှင့် ကျော်မြင့် တို့၏ ခင်လှဝေ အချစ်ဝေဒနာများသည် သူတို့ နှစ်ဦးစလုံးအား နေမြင့်လေ အရှုးရင့်လေဆိုသလို ဖြစ်လာစေခဲ့လေ၏။

စောစောပိုင်း ကာလများက နောက်သလိုလို၊ ပြောင်သလိုလို လုပ်ခဲ့မိသော်လည်း တဖြည်းဖြည်း ကာလ ကြာလာသောအခါ ကျွန်ုပ်သည် ပင်လျှင် ညို့ဝင်းမောင်တို့ ကျော်မြင့်တို့ ခံစားသလို ခံစားရင်း....

သူတို့ အားတက်လျှင် ကျွန်ုပ်လည်း အားတက်၏။

သူတို့ ဝမ်းသာလျှင် ကျွန်ုပ်လည်း ဝမ်းသာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဝမ်းနည်းလျှင် ကျွန်ုပ်လည်း ဝမ်းနည်း၏။

ဤကဲ့သို့ သူတို့နှင့်အတူ ကျွန်ုပ် လိုက်၍ ခံစားနေသော်လည်း ကျွန်ုပ်၏ စိတ်သဘောထားကား တစ်သမတ်တည်းဖြစ်အောင် နေရလေ၏။

ခင်လှဝေကို ညို့ဝင်းမောင်နှင့်သာ ဖြစ်စေချင်သည်ဟူ၍လည်းကောင်း၊ ကျော်မြင့်နှင့်သာ ဖြစ်စေချင်သည် ဟူ၍လည်းကောင်း မခံစားဖြစ်အောင် ဂရုစိုက်ရ၏။

အမှန်တကယ်လည်း မည်သူ့ဘက်ကမျှမလိုက်ဖြစ်ပါချေ။

ညို့ဝင်းမောင်နှင့် ခင်လှဝေတို့ ချစ်သူ ရည်းစားများဖြစ်သွားကြလျှင်....

ကျော်မြင့်က ကျန်ရစ်ကြီးဖြင်လျက် အသည်းကွဲဝေဒနာခံစားရလိမ့်မည်။

အကယ်၍ ကျော်မြင့်နှင့် ခင်လှဝေ ချစ်သူတွေဖြစ်သွားကြမည် ဆိုပါကလည်း ညို့ဝင်းမောင်ခမျာ အချစ်ရှုံးသမားဖြစ်ကာ မျက်ရည်သမုဒ္ဒရာ ထွန်းလိမ့်မည်။

စီးကရက် စက်ရုံကြီးထဲ သွားနေရလောက်အောင် မီးခိုးများကြားထဲမှ မထွက်ဘဲ နေလိမ့်မည်။

သို့ဖြစ်၍ ကျွန်ုပ်အနေနှင့် မည်သူ့ဘက်ကမျှ ရပ်တည်မှုမရှိခဲ့ခြင်း ဖြစ်၏။



ညို့ဝင်းမောင်ရော ကျော်မြင့်ပါ ကျွန်ုပ်၏အခင်မင်ဆုံးသူငယ်ချင်းများဖြစ်သောကြောင့် မည်သူ သာစေ၊ မည်သူနစ်နာစေ ဟူ၍ စိတ်ကူးမရှိပေ။

ခင်လှဝေ၏ ချစ်တုံ့ပြန်မှုကို မည်သူ ခံစားရမလဲ ဟူသော ရင်တလှပ်လှပ် ခုန်ရသည့် ဝေဒနာကလေးတစ်မျိုးကိုသာ သူတို့နှစ်ယောက်နှင့်အတူ ကိုယ်ချင်းစာ၍ လိုက်လံခံစားဖြစ်လေ၏။

"တကယ်တော့ ဝေ့ကို ငါက ညို့ဝင်းမောင်ထက်ပိုပြီးတော့ ချစ်တာအမှန်ပါ သူငယ်ချင်းရာ၊ ဒါကို မင်းကသေသေချာချာ ယုံထားစမ်းပါ"

ကျော်မြင့်က ကျွန်ုပ်နှင့်တွေ့တိုင်းလိုလို သည်စကားမျိုးပြောတတ်၏။

"ဒါကတော့ ကိုယ့်ငါးချဉ် ကိုယ်မချဉ်လို့ ဘယ်သူကလာပြီး ချဉ်ရမှာလဲ ကျော်မြင့်ရာ၊ မင်းကိုယ် မင်းတော့သူများထက်ပိုပြီး ချစ်တယ်လို့ ထင်မှာပေါ့"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်တဲ့ သဘောနဲ့ ပြောတာ မဟုတ်ဘူး သူငယ်ချင်း၊ ညို့ဝင်းမောင်လို ရုပ်ရည်မျိုးနဲ့ကောင်ကဝေ့ တစ်ယောက်တည်းကို နှစ်နှစ်ကာကာ ချစ်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်းယုံလား၊ ဒီကောင့် မျက်နှာက အိုင်တွေ့တိုင်း ခြေဆေးမှယ့် ရုပ်မျိုး”

“သူငယ်ချင်း အချင်းချင်း အဲလို မပြောပါနဲ့ ကျော်မြင့်ရာ၊ သူလဲ ခင်လှဝေကို ချစ်ရှာပါတယ်၊ သူ ဘယ်လောက် ချစ်တယ်ဆိုတာ ငါ အသိဆုံးပဲ”

“အလကား၊ ညို့ဝင်းမောင် လျှာ အရိုး မရှိတိုင်း လျှောက်ပြောနေတာ မဟုတ်ဘူးလား”

“ဘာပဲဖြစ်ဖြစ် ငါ့အချစ်က ပိုတယ် တော့ကောင်”

ကျော်မြင့်က ထိုကဲ့သို့ ပြော်သလိုပင် ညို့ဝင်းမောင် ကလည်း ကျော်မြင့် ကွယ်ရာတွင်....

“အမှန်က အလှကို ငါက ကျော်မြင့်ထက် ပိုပြီး ချစ်တာပါကွာ၊ ကြည့်ပါလား ငါ့ရဲ့ ရင်ထဲ အသည်းထဲ အောက်ဆုံး အခြေ၊ အနက်ရှိုင်းဆုံး အပိုင်းက ထွက်ပေါ်လာတဲ့ ချစ်ခြင်းမေတ္တာတွေကို ရေးဖွဲ့ထားခဲ့တာ စောင်ရေ ဘယ်လောက် ရှိပြီလဲ....”

ဟု ကျွန်ုပ်ကိုပင် တိုင်တည်၍ ပြောလာခဲ့လေ၏။

“စောင်ရေ ဘယ်လောက်ရှိပြီလဲ....ဟုတ်လား”



“အင်းလေ”

“ကျလဲ ကျတဲ့ကောင်၊ မင်းကပဲ ငါ့ကို ပြန်ပြီးမေးနေရတယ် ရှိသေးလား ညို့ဝင်းမောင်ရာ၊ မင်း ရေးတဲ့ စောင်ရေ ဘယ်နည်းတော့မလဲ၊ငါ ဖတ်ရတာ မှတ်တောင် မမှတ်မိ တော့ဘူး....

“မင်း ခင်လှဝေကို ရေးတဲ့ ရည်းစားစာတွေကိုပေါင်းပြီး ချုပ်ထားရင် တစ်ထောင့်တစ်ည ဝတ္ထုကြီး လောက်တောင် ရှည်နေမလား မပြောတတ်ဘူး”

“မင်း မမှတ်မိပေမယ့် ငါကတော့ မှတ်မိနေတယ် သူငယ်ချင်း၊ တဲ တဲ....ချစ်တာကိုးကွ”

“ပြောစမ်းပါဦး၊ ဘယ်နှစ်စောင် ရှိပြီလဲ ညို့ဝင်းမောင်”

“စုစုပေါင်း ငါးဆယ်နဲ့ တစ်စောင် ကွ”

“ဘုရားရေ....ငါးဆယ့်နဲ့တစ်စောင်တောင် ဟုတ်လား၊ မင်း တော်တော် ဇွဲကောင်းတဲ့ ကောင်ပဲ ညို့ဝင်းမောင်၊ ဒါပေမယ့် ခင်လှဝေက မင်းကို ခုချိန်ထိ ခေါင်း မညိတ်သေးတာတော့ ခက်တာပဲ”

ကျွန်ုပ်၏ စကားကြောင့် ညို့ဝင်းမောင်က သက်ပြင်း တစ်ချက် ရှိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဘူ ခေါင်းမညိတ်သေးတာ ဘာဖြစ်လို့လဲသိလား သူငယ်ချင်း"

"မပြောစမ်းပါဦး"

"ဟို အကောင် ကျော်မြင့် ကြောင့်ပေါ့ကွ၊ ဘာပဲဖြစ်ဖြစ် ကျော်မြင့်ကလဲ ခင်မင်တဲ့သူငယ်ချင်း တစ်ယောက်ဖြစ်နေတော့ ယတိပြတ်မဖြတ်နိုင်ဘဲ သူ့ကိုပါထည့်စဉ်းစားနေရလို့ ခုချိန်ထိ ကြာနေတာပေါ့ကွ"

ထိုစကားများ ပြောနေစဉ်အတွင်း ညို့ဝင်းမောင်၏ မျက်နှာသည် ဖြို့တော့မည့်မိုးလို မည်းမည်း ညို့ညို့မှိုင်းမှိုင်းကြီး ဖြစ်နေသည်ကို ကျွန်ုပ် ကောင်းစွာ သတိ ထားမိခဲ့လေသည်။

"ဘာပဲ ဖြစ်ဖြစ်ပေါ့ ညို့ဝင်းမောင်ရာ၊ ခင်လှဝေ နှစ်သက်တဲ့လူကို ရွေးချယ်တဲ့အထိတော့ စောင့်ရမှာပေါ့၊ ငွဲ့ရှိရမှာပေါ့"

"ငါကတော့ အလှကို ချစ်တာ တစ်ခုတည်း သိတယ်ကိုယ့်လူ၊ တခြား ဘာကိုမှ မစဉ်းစားချင်ဘူး"

ညို့ဝင်းမောင်က စိတ်ရှည်ရှည် မစောင့်ချင်တော့သည့် နှယ် စကားကို ပြတ်ပြတ်ပင် ပြောခဲ့၏။



ကျွန်ုပ်အနေနှင့် သူငယ်ချင်း မိန်းကလေး တစ်ယောက်ကို အခင်ဆုံး သူငယ်ချင်းနှစ်ယောက် ဝိုင်းဝန်း ပိုးပန်းနေခြင်းအတွက် သိပ်တော့ စိတ်မတွေလှပေ။

သူတို့နှစ်ယောက် နေရာတွင် ကျွန်ုပ်သာရှိမည်ဆိုပါက နောက်ဆုတ်ပေးလိုက်ရန် အဆင်သင့်ပင်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် အချစ်ဟူသည် ကျွန်ုပ်တို့လို ယောက်ျားကလေးများအတွက် ရေးကြီးခွင့်ကျယ် လုပ်နေရာအကြောင်း တစ်ခုမဟုတ်ဟု မှတ်ယူထားသောကြောင့်ပင်ဖြစ်ပါ၏။

ဘဝကို သစ်ပင်ကြီးတစ်ခုနှင့် နှိုင်းယှဉ်ကြည့်မည် ဆိုပါလျှင် အချစ်သည် အရေးမကြီးသော ကိုင်းဖျား ကိုင်းနားကလေးတစ်ခုပမျှ ထင်မြမိသည်။

ယောက်ျားလေး တစ်ယောက်အတွက် အချစ်တစ်ခုဆုံးရှုံးသွားသည်ဆိုလျှင် သိပ်အရေးမကြီး လှသော ထိုကိုင်းဖျားကိုင်းနား ကလေးတစ်ခု ဆုံးရှုံးသွားသလောက်သာရှိ၍ အရေးမကြီးလှပေ။

အချိန်တန်ပါက ထိုအကိုင်းကလေးသည် ပြန်၍ အညွန့်ထွက်လာကာ အကိုင်းအခက်တွေ တဝေဝေနှင့် ပြန်လည်ရှင်သန်ထွန်းနိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မိန်းကလေး တစ်ယောက်အတွက်မူ ထိုသို့ တုတ်ချင်မှ တုတ်ပေလိမ့်မည်။

မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုလိုက်ခြင်းသည် (အထူးသဖြင့် ကျွန်ုပ်တို့ အမရှေ့တိုင်းသားများ အဖို့) သစ်ပင်ကို ပင်စည်မှနုတ်ပြတ် လွဲချလိုက်ခြင်းနှင့်လည်း တူချင်တူပေလိမ့်မည်။

ထားတော့။

ကျွန်ုပ် စဉ်းစားမရသည်က ညိုဝင်းမောင်နှင့် ကျော်မြင့်တို့ နှစ်ယောက်ကိုပင်ဖြစ်၏။

ဘာဖြစ်လို့များ ခင်လှဝေတစ်ယောက်တည်းကို ဝိုင်း၍ ကြိုက်နေမှန်း မသိပေ။

ကျွန်ုပ်တို့ သူငယ်ချင်းအရင်းအချာကြီးဖြစ်သူ မမျိုးဆွေမှာလည်း အရုပ်ဆိုးအကျည်းတန် တစ်ယောက်မဟုတ်ချေ။

သူတို့ စိတ်ဝင်စားမည်ဆိုက စိတ်ဝင်စားစရာ မိန်းကလေးတစ်ယောက် ဖြစ်၏။

သူတို့ စိတ်အပြောင်းအလဲ ဖြစ်လိုဖြစ်ငြား ကျွန်ုပ်က မမျိုးဆွေကို စဉ်းစားကြည့်ပါလားဟု နှစ်ယောက်စလုံးကို စကားတောက်ကြည့်ခဲ့ဖူး၏။



သို့သော်လည်း နှစ်ယောက်စလုံးက ဇာတ်တိုက်ထားကြသကဲ့သို့ပင် ခေါင်းတခါခါ၊ လည်တခါခါဖြင့် ငြင်းကြလေတော့၏။

ဤသို့ဖြင့် သူငယ်ချင်းနှစ်ယောက်အကြားတွင် စာရေးဆရာ ယက်လျှော့နေလေတော့ဟု ပြောရလောက်အောင် ဖြစ်ခဲ့ရလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### မိန်းမနိုင်ထိန်းရှိ၍ အိမ်ထောင်မြဲသူ

ညိုဝင်းမောင်နှင့် ကျော်မြင့်တို့ နှစ်ဦးစလုံး ခင်လှဝေမှ ခင်လှဝေဖြစ်နေကြချိန်တွင် ဆိုးရွားသော ပြဿနာကြီး တစ်ခု ဖြစ်ပွားခဲ့လေတော့၏။

ထိုပြဿနာကြီးမှာ အခြားမဟုတ်ချေ။

ကျော်မြင့် တစ်ယောက် သူ့အိပ်ခန်းထဲတွင် ဝဲဘက် ရင်အုံကို ဓားစိုက်လျက် တန်းလန်းဖြင့် သေဆုံးနေခဲ့သည့် ပြဿနာကြီးပင် ဖြစ်လေတော့၏။

ပို၍ ဆိုးရွားသည်မှာ ကျော်မြင့်၏ဝဲဘက် ရင်အုံတွင် တန်းလန်းစိုက်နေသည့် ဓားမြှောင်ရိုးမှာ နှင်းခင်နု-ဒုဗလျူ-

www.burmeseclassic.com

www.burmeseclassic.com



အမ်)ဟူ၍ ထွင်းထားသော စာလုံးများကို တွေ့ရခြင်းပင် ဖြစ်၏။

အင်န်-ဒဗလျူ-အမ် ဟူသောစာလုံးကို တွေးကြည့်လျှင် ညို့ဝင်းမောင်ဟူသော နာမည်ကို အတိုကောက် ရေးထိုးထားခြင်းဖြစ်နိုင်၏။

ဤသို့ဆိုလျှင် ကျော်မြင့်ကိုသတ်သူ တရားခံမှာ ညို့ဝင်းမောင် ဖြစ်နိုင်လေ၏။

သို့ဖြစ်၍ ရဲအရာရှိများက စစ်ဆေးမေးမြန်းကြသောအခါ နီးစပ်သူများက ထင်ကြေးအမျိုးမျိုး ပေးကြလေတော့၏။

"ဟုတ်တယ်၊ ညို့ဝင်းမောင်ပဲ ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ ကျော်မြင့်နဲ့ ညို့ဝင်းမောင်နဲ့က ရည်းစားလုဘက်တွေလေ၊ ခင်လှဝေဆိုတဲ့ ကောင်မလေးကို နှစ်ယောက်စလုံးပြိုင်ပြီး လိုက်နေကြတာ"

ခုတ်သိဖြစ်သူတစ်ဦးက အထက်ပါအတိုင်း မှတ်ချက်ချလိုက်သောအခါ အခြားသူများကလည်း ဟုတ်လိမ့်နိုးနိုးဖြင့် ခေါင်းတညိတ်ညိတ် ရှိကြလေ၏။

"အင်း....ဒါဆိုရင်တော့ ညို့ဝင်းမောင်ကိုပဲ ရှာပြီး စစ်ဆေးရတော့မှာပဲ"



တာဝန်ရှိသူ ရဲအရာရှိကလည်း ဖြစ်နိုင်ချေရှိသောကြောင့် ထိုကဲ့သို့ပင် ယူဆလေ၏။

သို့ဖြစ်၍ ရဲများသည် ရပ်ကွက်လူကြီးများနှင့်အတူ ညို့ဝင်းမောင်၏ အိမ်သို့စစ်မေးရန် သွားရောက်ခဲ့ကြ၏။

တာဝန်ရှိသူရဲများနှင့် တွေ့ရသူမှာ ညို့ဝင်းမောင်၏ အမေ ဒေါ်ခင်ညိုဖြစ်၏။

"ညို့ဝင်းမောင် ရှိသလား ဒေါ်ဒေါ်၊ ကျွန်တော်တို့ နည်းနည်းပါးပါး စစ်မေးချင်လို့ပါ"

ဒေါ်ခင်ညိုက ခေါင်းခါလိုက်၏။

"ကျွန်မသားလေး မနက်ကတည်းက အပြင်ထွက်သွားတာပါပဲရှင်"

"ဘယ်သွားမယ်လို့ ပြောသွားလဲဒေါ်ဒေါ်"

ရဲအရာရှိက သံသယများ ပိုမိုဖြစ်ပွားသွားသည့် အမူအရာဖြင့် မေးခွန်းထုတ်လိုက်၏။

"ဘယ်ကိုသွားမယ်လို့တော့ တိတိကျကျ မပြောသွားပါဘူးရှင်၊ အမရေးတကြီး ခရီးထွက်စရာရှိတယ်လို့ ပြောသွားတာပဲ၊ အဝတ်အစား သုံးစုံလောက်တောင်မှ ခရီးဆောင်အိတ်ထဲထည့်ပြီး ယူသွားလေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ညိုဝင်းမောင်အိမ်မှ ရုတ်တရက် ပျောက်ဆုံးသွားမှုကြောင့် သက်ဆိုင်သူများ အားလုံး လိုလိုပင် ကျော်မြင့် သေဆုံးရခြင်းမှာ ညိုဝင်းမောင်၏ လက်ချက်ဟု တညီတညာတည်း ဆုံးဖြတ်ချက်ချခဲ့ကြလေ၏။

ထိုပြဿနာများ ဖြစ်ပွားပြီး မကြာခင်မှာပင် ပထမဦးဆုံး ကွန့်နိုပ်နှင့် မမျိုးဆွေတို့ အရင်ကျောင်းတွင် တွေ့ဖြစ်ကြလေသည်။

“ညိုဝင်းမောင်သတင်း ဘာကြားသေးလဲဟဲ့”

“ခုချိန်ထိ စုပ်စမြုပ်စ ပျောက်နေတာပဲ မမျိုးဆွေ ဘာသတင်းမှ မကြားမိသေးပါဘူး”

“အေး...ငါတို့လဲ ဘာသတင်းမှ မကြားရဘူး ညိုဝင်းမောင် ဘယ်ထိအောင်တောင် ထွက်ပြေးသွားသလဲ မသိဘူး၊ နိုင်ငံခြားအထိရောက်အောင် ပြေးပြီလား မဆိုနိုင်ဘူး”

“မပြောတတ်ပါဘူး မမျိုးဆွေရယ်”

* * *



မမျိုးဆွေနှင့် တွေ့ပြီး မကြာခင်မှာပင် ခင်လှဝေနှင့် တွေ့သောအခါ ညိုဝင်းမောင်အကြောင်းကိုပင် ပြောဖြစ်ကြပြန်လေသည်။

“ညိုဝင်းမောင် သတ်တာလို့ နင်ထင်သလားဟင်”

“ငါတော့ မထင်ပါဘူး ခင်လှဝေရယ်၊ ညိုဝင်းမောင်က ထက်ထက်မြက်မြက် သွက်သွက်လက်လက် နေတတ်တာကလွဲလို့ ဒီလောက်အထိ မယုတ်မာ မရက်စက် တန်ကောင်းပါဘူးဟယ်၊ ငါ့သူငယ်ချင်းအကြောင်း ငါသိတာပေါ့၊ မဟုတ်ဘူးလား”

ကွန့်နိုပ်က ကွန့်နိုပ်၏ အယူအဆကို ပြောပြ၏။ ထိုအခါ ခင်လှဝေသည် ခေါင်းတညိတ်ညိတ် လုပ်၏။

“ဒါနဲ့ နေပါဦး၊ ကျော်မြင့်ရင်ဘတ်မှာ စိုက်နေတဲ့ ဓားမြှောင့်ရဲ့အရိုးမှာ အင်န်ဒဗလျူအမ် ဆိုတဲ့ အင်္ဂလိပ်စာလုံး ထိုးထားတယ်ဆို၊ ဒါ ညိုဝင်းမောင်ရဲ့ဓား မဟုတ်ဘူးလား”

“ပြောရမယ် ဆိုရင်တော့ သေမှုသေခင်း တစ်ခုဟာ အမျိုးမျိုး ဖြစ်နိုင်တာပဲ ခင်လှဝေရယ်၊ တခြားသူ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်က ညို့ဝင်းမောင်ကို ချောက်တွန်းချင်လို့ လုပ်တာဆိုရင်ကော မဖြစ်နိုင်ဘူးလား"

"အင်း....အဲဂ်ါဆိုရင်တော့ ညို့ဝင်းမောင်ခမျာ သနားပါတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်ပြဿနာက ဘုန်းကြီးအမှူးရွာပတ် ဆိုသလိုမျိုး ငါ့ကိုပါ လာပတ်နေကြတာခက်တယ်၊ ရဲတွေက ငါ့ကိုပါ စစ်လားဆေးလား လုပ်ကြတယ်ဗျ"

"လုပ်ရမှာပေါ့ဟာ၊ ဒါက သူတို့ရဲ့ဘာဝန်ပဲ၊ ဒါမှလဲ အမှုမှန်ပေါ်မှာပေါ့၊ ငါ့ကိုတောင် နည်းနည်းပါးပါး မေးကြ မြန်းကြသေးတာပဲ"

"ဟုတ်တော့ ဟုတ်တာပဲဟာ၊ ဒါပေမယ့် ခက်နေတာက ငါ့ကို သူတို့နှစ်ယောက်စလုံး ချစ်ရေးဆိုခဲ့ကြတာတော့ ဟုတ်ပါတယ်၊ ငါကမှ ဘယ်သူ့ကိုမှ ချစ်ပါတယ်၊ ကြိုက်ပါတယ် မပြောဖူးသေးတာ၊ ပိန္နဲပင်ဆွဲထည့်သလို ဖြစ်နေတာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ သေသွားတဲ့ ကျော်မြင့်က တို့ရဲ့ သူငယ်ချင်း၊ ကျော်မြင့်ကိုသတ်ထဲ့တရားခံဟာ တရားဥပဒေ



ရဲ့ အပြစ်ပေးတာကိုတော့ ခံယူသင့်တာပေါ့၊ ဒီတရားခံ ပေါ်ပေါက်လာမယ့် ကိစ္စမှာ တို့ အစစ်ခံရုံတင် မကဘူး၊ အကူအညီ ပေးသင့်ရင်တောင် ပေးရမှာပေါ့"

ခင်လှဝေသည် ကျွန်ုပ်အား ဘာမှ ပြန်မပြောတော့ဘဲ အင်းလျားကန် ရေပြင်ကိုသာ ခပ်ငေးငေးကလေး ကြည့်နေလေ၏။

ထိုအချိန်အခါမှ စ၍ ညို့ဝင်းမောင်၏သတင်းကို ကျွန်ုပ်တို့ မကြားခဲ့ကြရတော့ပေ။

ဤကဲ့သို့ ဖြစ်ပျက်ပြီးခဲ့ကြပြီးသည့် နောက်ထပ် တစ်နှစ်တင်းတင်း ပြည့်သောအခါ ကျွန်ုပ်၊ မခင်မျိုးဆွေ၊ ခင်လှဝေတို့ သုံးယောက်သား စိဇ္ဇာတွဲ့ အသီးသီး ယူကြရလေ၏။

ဘွဲ့နှင်းသဘင်သို့ တက်ရောက်နေသော တစ်ချိန်လုံးလိုလို သွားလေသူ သူငယ်ချင်းကျော်မြင့်နှင့် ပျောက်ဆုံးနေသော ညို့ဝင်းမောင်တို့ကို အထူးတလည် သတိရလေ၏။

ရင်ထဲမှာလည်း နှင့်ကျင်ကာ တစ်ချိန်လုံး စိတ်မကောင်းဖြစ်နေမိ၏။

ခင်လှဝေနှင့် မမျိုးမဆွေတို့လည်း ကျွန်ုပ်ကဲ့သို့ပင် ရှိလိမ့်မည် ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ထင်သည့်အတိုင်းပင် သူငယ်ချင်းသုံးယောက် ဘွဲ့ဝတ်စုံ ကိုယ်စီဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသောအခါ ခင်လှဝေက....

"ကျော်မြင့်နဲ့ ညိုဝင်းမောင်တို့ကို သတိရ လိုက်တာ ဟယ်...."

ဟု စကား စ၍ပြော၏။

"ဟုတ်တယ် ခင်လှဝေ၊ ငါလဲ သိပ်ပြီးသတိရတယ်"

မမျိုးဆွေကပါ ဝင်ပြီး ထောက်ခံလိုက်၏။

သို့ဖြစ်၍ အများသူငါတွေ ဘွဲ့ဝတ်စုံတွေ တကားကား ဖြင့် ပျော်ကြ ရွှင်ကြ ရယ်ကြ မောကြဖြင့် ဘွဲ့ယူကြသည့် နေ့တွင် ကျွန်ုပ်၊ ခင်လှဝေနှင့် မမျိုးဆွေတို့ သူငယ်ချင်း သုံးယောက်တို့မှာကား ခံစားချက်များ ရှိကြ၍ သူများ လောက် မပျော်နိုင်ခဲ့ကြသည်က အမှန်ပင်ဖြစ်လေ၏။

ဘွဲ့ရပြီး မကြာမီကာလအတွင်းမှာပင် မမျိုးဆွေ တစ် ယောက် အင်ဂျင်နီယာတစ်ဦးနှင့် လက်ထပ်လေ၏။

ကျွန်ုပ်နှင့်ခင်လှဝေလည်း မမျိုးဆွေ၏ လက်ထပ်မင်္ဂလာ အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ခဲ့ကြ၏။

မမျိုးဆွေတို့မှာ နှစ်ဖက်သောလူကြီးမိဘများက သဘော တူ၍ ပေးစားကြသော မင်္ဂလာဆောင်ဖြစ်၍ သတို့သား ဘက် ခြံကြီးဝင်းကြီးထဲမှာပင် မင်္ဂလာပွဲကို ကျင်းပလေ၏။



ကျွန်ုပ်နှင့် ခင်လှဝေသည် သူငယ်ချင်းများပီပီ စားပွဲ တစ်လုံးတွင် အတူတကွ ထိုင်ကြ၏။

ဧည့်ခံသူများက ချပေးကြသည့် ကိတ်မုန့်နှင့်ဖာလူဒါကို အရသာခံ သောက်ရင်း စကားစမြည် ပြောဆိုဖြစ်ကြ၏။

"ကဲ....ခင်လှဝေ၊ မမျိုးဆွေတော့ စွံသွားပြီ၊ ဘယ်လို လဲ.... နင်ကော"

"အောင်မာ....နင်ကများ ငါ့ကို မေးခွန်း ထုတ်ရတယ် ရှိသေးတယ်၊ ကဲ....ပြောစမ်းပါဦး၊ နင်ကကော မိန်းမ မယူ တော့ဘူးလား"

ကျွန်ုပ်က ပြုံးလျက် ခေါင်းယမ်းပြလိုက်၏။

"ဘာဖြစ်တယ်....မယူတော့ဘူးပေါ့"

"မယူတော့ဘူးတော့ မဟုတ်ပါဘူး ခင်လှဝေရာ၊ ယူရ မှာ ကြောက်နေတာပါ"

"ဘာဖြစ်လို့"

"ဗေဒင်ဆရာက ဟောထားတယ် ခင်လှဝေရဲ့"

"ဘာတဲ့လဲ"

"အိမ်ထောင်ပြုရင် မိန်းမနိုင်ကိန်း ရှိတယ်တဲ့၊ အဲဒါ ကြောင့် ငါ အများကြီးစဉ်းစားနေတာ"

"သွားစမ်းပါ စာရေးဆရာရယ်၊ မဟုတ်ကဟုတ်က"

www.burmeseclassic.com

www.burmeseclassic.com



ခင်လှဝေသည်သဘောကျ၍ရယ်လိုက်သောအခါ သွားတက်ကလေးများဖြင့် အလွန်လှလေသည်။

ထိုလှပသော သွားတက်ကလေးများအပြင် ပါးကလေးနှစ်ဖက်တွင် 'ဒင်ပယ်လ်' ခေါ်သော ပါးချိုင့်ကလေးနှစ်ခုပါ ရယ်လျှင် ပေါ်သွားတတ်ပေရာ လွန်စွာ စွဲမက်စရာကောင်းသည့် အလှပိုင်ရှင်ဖြစ်လေ၏။

ထိုမျှသာမကသေး။ ခင်လှဝေ၏မျက်ဝန်းအစုံမှာလည်း သောက်ရူးကြယ်ညီနောင်ကဲ့သို့ တောက်တောက်ပပ ရှိ၏။ နှုတ်ခမ်းကလေးကလည်း နှင်းဆီ ပွင့်ဖတ်လွှာကလေးများကဲ့သို့ နီနီတွေးတွေးကလေးဖြစ်၏။

မျက်ခုံးကလေး နှစ်ခုကလည်း စင်ရော်ငှက်ကလေးများ၏ တောင်ပံဖြန့်ဝဲသကဲ့သို့ ကြည့်၍ အလွန်ကောင်းလေ၏။

ထိုမျှသာ မကသေး။ လှိုင်းတွန့်ကလေးများ ထနေသော ဆံကေသာများကလည်း တစ်ဖက်သားကို စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်နေသကဲ့သို့ ရှိလေ၏။

ထို့နောက် မို့မောက်သော ရွှေရင်အစုံသည် လည်းကောင်း၊ ရှားပါးစွာ ခါးကလေးထွာဆိုင်ခန့်သည်လည်းကောင်း၊ စွင့်ကားသောတင်သားများသည်လည်းကောင်း ခင်လှဝေကို ဖွံ့ဖြိုးကျည်ထားပြန်လေသည်။



မည်သို့သောစူရိသမှ ခင်လှဝေ၏အလှကို မနှစ်သက်ဘဲ ရှိနိုင်မည် မဟုတ်ပါချေ။

ထိုကဲ့သို့ စွဲလမ်းဘွယ်မက်ဖွယ် ကောင်းသောကြောင့် လည်း ညိုဝင်းမောင်နှင့် ကျော်မြင့်တို့ နှစ်ယောက်စလုံး ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်သွားကြလေသလောဟု တွေးတော ကြည့်မိရင်း ကွန်နံပ်မှာ ကြက်သီးမြမြပင် ထမိခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

### အချိန်းအချက်အတွက် ရင်ခုန်ခြင်း

နောက်များ မကြာမီမှာပင် ခင်လှဝေသည်လည်း မမျိုးဆွေကို အားကျမခံ တက္ကသိုလ်မှ ကထိက တစ်ယောက်နှင့် လက်ထပ်လိုက်မြန်လေတော့၏။

ခင်လှဝေ၏ မင်္ဂလာဆောင်သို့ သွားရသောအခါတွင်ကား မျှော်လင့်ထားသည့်အတိုင်း မမျိုးဆွေတို့ လင်မယားနှင့် တွေ့ဆုံဖြစ်ကြလေ၏။

"ဟာ....စာရေးဆရာကြီး၊မမြင်ရတာကြာလို့ ထင်ပါရဲ့၊ ဝ,လာလိုက်တာ"

"ဟုတ်တယ်၊ အသားတွေ မစားတော့ဘဲ ဟင်းသီးဟင်းရွက်တွေစားလို့ ဝ,လာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ကြုံကြုံဖန်ဖန် စာရေးဆရာရယ်၊ အသားမစားဘဲ ဝ,ရတယ်လို့၊ သူ့လက်ထက်ကျမှပဲ ကြားဖူးတော့တယ်”

“အကောင်း ပြောတာ မမျိုးဆွေ၊ ဟင်းသီး ဟင်းရွက်တွေမှာလဲ ဗီတာမင်တွေ အချိုးကျပါနေကာပဲ....

“လူကို ဝဖြိုးစေနိုင်တယ်၊ အဲ...လူကို ဖြိုးစေတယ်ဆိုလို့ လူဝကြီးတွေလို ကုပ်ပိုး သုံးထပ်ကြီးတွေ ဖြစ်လာမယ်တော့ မဟုတ်ဘူး....

“စိုစိုပြေပြေနဲ့ အချိုးကျကျ ဝဖြိုးလာနိုင်တာကို ပြောတာ၊ အသီးအရွက်ကြောင့် ဝ,တယ်ဆိုတာ သိပ်ဝ,တာ မဟုတ်ပါဘူး....

“သန့်သန့်မာမာ တောင့်တောင့်တင်းတင်း ရှိတာပါ၊ ဒါဟာ အသားဓာတ်တွေ ရနိုင်တဲ့ အစားအစာပဲ....

“အဲ....အဆီ သိပ် ဖြစ်စေမယ့် မြေပဲလို ပဲမျိုးကိုတော့ ကြည့်ပြီး စားရတာပေါ့ဗျာ”

“သက်သတ်လွတ် စားလို့ရတဲ့ အတွေ့အကြုံကို ပြောစမ်းပါဦး စာရေးဆရာကြီးရယ်၊ ဗဟုသုတပေါ့”

မမျိုးဆွေက ပွဲတောင်းလိုက်သဖြင့် နဂိုဘည်းက ပြောပြချင်ချင် ဖြစ်နေသော ကျွန်ုပ်သည် သက်သတ်လွတ် တရားကို အာပေါင် အာရင်း သန်သန်ဖြင့် ဟောရလေတော့၏။



“အထူးသဖြင့်တော့ သက်သတ်လွတ်စားလို့ နှစ်နဲ့ချီပြီး ကြာလာတဲ့ အခါ အမောခံလာနိုင်တယ်၊ ခရီးဝေးဝေး ဘယ်လောက် လျှောက်လျှောက် မမောမပန်းဘဲ ခံနိုင်ရည် ရှိလာတယ်”

“ကျွန်တော်တို့လို ဆေးလိပ်သမားတွေ သက်သတ်လွတ် စားရင်ကော ဆရာ”

မမျိုးဆွေ၏ အမျိုးသားက ဝင်၍ မေးလိုက်၏။

“အဲဒါတော့ အာမ မခံနိုင်ဘူးဗျို့၊ ဆေးလိပ်ကတော့ ဒုက္ခ သိပ်ပြီးပေးတတ်တဲ့သဘောတော့ရှိတယ်....

“နီကိုတင်း ဓာတ်က သွေးကြောတွေအားလုံးကို ကျဉ်းစေတယ် မဟုတ်လား၊ ဒီတော့ ခမာမှာပဲ....

“ကျန်းမာရေး ကောင်းချင်ရင်တော့ ဆေးလိပ်ကိုအရင် ဖြတ်ဗျာ၊ ပြီးမှ သက်သတ်လွတ်စား”

“ဆေးလိပ်ဖြတ်ဖို့ ကြိုးစားတာ မလွယ်ဘူး ဖြစ်နေတယ်ဗျာ”

“ဟုတ်တယ် သူငယ်ချင်း ရေ... ကိုယ့်မောင်တော်က ဆေးလိပ်ကို ခဏခဏ ဖြတ်တယ်၊ ပြီးတော့ ခဏခဏ ပြန်ပြန်သောက်တယ်....

“ခုလဲ....ဖြတ်ဖို့ ကြိုးစားနေပြန်ပြီ၊ (၁၀၁)ကြိမ်မြောက် ဖြတ်ခြင်း ဖြစ်မလားပဲ၊ ဟင်း ဟင်း”

www.burmeseclassic.com

www.burmeseclassic.com



မမျိုးဆွေက သူ့ မောင်တော်ကို ကြည့်ရင်း ချစ်စနိုးတလေး စ,ပြော ပြောလိုက်၏။

ဤကဲ့သို့ တောင်တောင်အီအီအကြောင်းများ ပြောနေကြစဉ် မမျိုးဆွေက သတိတရဖြင့်....

"ဒါနဲ့ နေစမ်းပါဦး၊ ညိုဝင်းမောင် အကြောင်း ဘာများ ကြားမိသေးလဲ"

ဟု ကျွန်ုပ်အား မေးခွန်းထုတ်လိုက်လေ၏။

"ဘာမှ မကြားမိပါဘူး မမျိုးဆွေရယ်၊ ပျောက်သွားပြီး ကတည်းက ဘာသတင်းမှ မကြားရတော့ဘာ"

"အင်း....အံ့ဩစရာပဲ၊ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းကို မသိဘူးနော်၊ အတော်တောင် ကြာသွားပြီ"

အထက်ပါကဲ့သို့ မမျိုးဆွေနှင့်ကျွန်ုပ်တို့ ဘူငယ်ချင်းများတွေ့ဖြစ်ကြသည့် ကာလမှာလည်း အတော်ကြီးကြာသွားပြီဖြစ်၏။

ညိုဝင်းမောင်နှင့် ကျော်မြင့် တို့အကြောင်းကို ကျွန်ုပ်မေ့ဖျောက်ထားလိုက်သည်မှာ အနှစ် နှစ်ဆယ်ပင်ကျော်သွားခဲ့သေပြီ။

ယခုမှ ညိုဝင်းမောင်က မမျှော်သာမလင့်သာ စာရေးဆက်သွယ် လာခဲ့သောအခါ ကျွန်ုပ်မှာ သေရွာပြန် လူတစ်ယောက်၏ စာကို ဖတ်ရှုရသည့်အလား စိတ်လှုပ်ရှားနေမိခဲ့ခြင်းဖြစ်၏။



သို့ဖြစ်၍ စနေနေ့သို့ မရောက်မချင်း ကျွန်ုပ်သည် စိတ်များ စောလျက်ရှိ၏။

အချိန်များသည် လွန်စွာ ကုန်ခဲလှသည်ဟု ထင်မိ၏။

နှစ်ရက်သုံးရက်မျှသော အချိန်ကာလများကို ကမ္ဘာနှင့်ချီ၍ ကြာညောင်းလေရော့သလားဟုပင် စိတ်မှ မှတ်ထင်မိ၏။

ကျွန်ုပ်သည် စောင့်ဆိုင်းရသော ရက်များကို အမြန်ဆုံးကုန်လွန်စေရန် အိမ်တွင်ပင် ကပ်မနေတော့ဘဲ မိတ်ဆွေသူငယ်ချင်းများထံသို့ ဟိုဟိုသည်သည် သွားရောက်လည်ပတ်ရင်း အချိန်တွေဖြုန်းရလေ၏။

ထိုကဲ့သို့ အချိန်ဖြုန်းရသည့် ကာလများတွင် တောင်ဒဂုံမြို့နယ်၊ ဂိတ်ဟောင်းမှတ်တိုင်အနီး အိတ်ထိဝမ်း စိုးအာကာဟု အမည်ပေးထားသည့် ဗွီဒီယို၊ ကက်ဆက်၊ ထီဗွီ၊ ရေခဲသေတ္တာ စသည့် လျှပ်စစ်ပစ္စည်းပြင်ဆိုင်သို့ ရောက်ရှိသွားခဲ့လေ၏။

ထို လျှပ်စစ်ပစ္စည်းဆိုင်ရှင်မှာ မောင်စိုးလွင်ဟု ခေါ်သော လွန်စွာ သဘောမနောကောင်းသည့် လူငယ်လေးတစ်ယောက် ဖြစ်၏။

မောင်စိုးလွင်သည် ကျွန်ုပ်အား အစ်ကိုကြီးတစ်ယောက်ကဲ့သို့ ခင်မင်လေးစား၏။ ကျွန်ုပ်၏ လျှပ်စစ်ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



ပျက်သည့်အခါတွင် အချိုသာဆုံးဖြစ်အောင် ကူညီပြင်ဆင်ပေးတတ်သည်။

ကျွန်ုပ် မြင်ဖူးသမျှ လျှပ်စစ်ပြင်သမားများထဲတွင် အမှန်ကန်ဆုံး လုပ်ဆောင်ပေးသူဖြစ်သည်။ မကုန်သင့်သည်ကို မကုန်အောင် တွက်တွက်ဆဆနှင့် ဆောင်ရွက်ပေးတတ်၏။

"အစ်ကို၊ ကျွန်တော် ဘာအကူအညီ ပေးရဦးမလဲ"

မောင်စိုးလွင်က တွေ့တွေ့ချင်း ပဋိသန္ဓာရစကားကို ဆိုလိုက်၏။

"ဒီတစ်ခါတော့ ဘာပစ္စည်းမှ မပျက်ပါဘူးကွာ၊ မင်းပြင်ပေးလိုက်တဲ့ တီဗွီလဲ ကောင်းမှကောင်း၊ မင်း ကွိုင်ပြန်ပတ်ပေးလိုက်တဲ့ မီးအားမြှင့်စက်လဲ ဒေါင်ဒေါင်မြည်၊ ဘာမှမလိုပါဘူး"

"ဒါဖြင့်...."

"အလည်သက်သက် လာတာပါကွာ၊ မရောက်တာကြာလို့၊ ဟိုဘက်နားက ပန်းချီ နေခြည်အဖွဲ့ဆီလဲ လာရင်းနဲ့"

"ကောင်းတာပေါ့ အစ်ကို၊ စာရေးရတာ အညောင်းမိတယ်၊ တစ်ခါတလေလဲ အဲဒီလို ဟိုဟိုဒီဒီ ထွက်ပေးဦးမှ၊ ခြော်.... ဒါနဲ့ အစ်ကိုနဲ့တွေ့တုန်း မေးကြည့်ရဦးမယ်"

"ဘာများလဲကွ မောင်စိုးလွင်ရ"



"ခြော်.... ဒီလိုပါ အစ်ကိုရယ်၊ လူတွေဟာ အချစ်ကို မီးနဲ့နှိုင်းပြီး ပြောကြလွန်းလို့၊ အဲဒါ အစ်ကိုရော ဘယ့်နှယ်မြင်သလဲ"

"အင်း....ဟုတ်တယ်၊အချစ်ဟာ မီးလိုပဲ ပူပြင်းတယ်ကွ"

မောင်စိုးလွင်၏ စကားကြောင့် ကျွန်ုပ်သည် ညိုဝင်းမောင်နှင့် ကျော်မြင့်တို့ နှစ်ယောက်အား ပြေးရှုမြင်လိုက်မိလေ၏။

သူတို့သည် အချစ်ကြောင့် ဘဝဆုံးခဲ့ရသူနှင့် အချစ်ကြောင့် ဘဝပျက်ခဲ့ရသူများပင် မဟုတ်လော။

"အချစ်ဟာ မီးနဲ့တူတဲ့နေရာမှာ နှစ်မျိုးနှစ်စား ရှိတယ်ကွ၊ တချို့လူတွေရဲ့ အချစ်ကျတော့ ကောက်ရိုးမီးလိုပဲ၊ ဝုန်းခနဲတောက်ပြီး ချက်ချင်းငြိမ်းသွားတတ်တာမျိုး"

"စွဲစွဲလမ်းလမ်းမရှိဘဲ ခဏပန်းအချစ်မျိုးပေါ့နော်"

"ဟုတ်တယ် မောင်စိုးလွင်၊ တချို့လူတွေရဲ့ အချစ်ကျတော့ ဖွဲမီးလိုပဲ၊ တငွေ့ငွေ့ လောင်ကျွမ်းတတ်တဲ့ သဘောမျိုးပေါ့၊ ကြာလေ မီးရဲ့အပူရှိန်က ကြီးလေပဲ၊ အချစ်ဆိုရင် ဘယ်လိုအချစ်မျိုးမှ မကောင်းပါဘူးကွာ"

"သစ္စာရှိရှိနဲ့ ချစ်ကြတဲ့ အချစ်ကျတော့ ဖွဲမီးလိုမျိုးပေါ့ အစ်ကို၊ ဟုတ်လား"

"အေး.... ဘာပဲဖြစ်ဖြစ် အချစ်ဟာ မီးနဲ့တူတော့ မကောင်းပါဘူးကွာ၊ ချစ်မိပြီဆိုမှတော့ ပူတော့တာ

www.burmeseclassic.com

www.burmeseclassic.com



ပဲတော့၊ နည်းနည်းပူရတာနဲ့ များများပူရတာပဲ ကွာလိမ့်မယ်....

"ဟိုဘက်ဆွေမျိုး၊ ဒီဘက်ဆွေမျိုး သဘောမတူလို့ ပူရတဲ့အပူ၊ သဘောတူပြန်တော့လဲ ပေါင်းစပ်ဖို့ ငွေစာရင်း မပြည့်စုံလို့ ပူရတဲ့အပူ....

"ပေါင်းစပ်ပြီးပြန်ရင်လဲ သစ္စာမရှိကြလို့ ကွဲကြပြဲကြ ပြီး ပူရတဲ့အပူ၊ မကွဲမပြဲရင်လဲ သဝန်တိုလို့ ပူရတဲ့အပူ...

"ဘာမှမဖြစ်ဘဲ အေးအေးချမ်းချမ်း ပေါင်းစပ်ကြရပြန် တော့လဲ သားကျွေးမှု၊ မယားကျွေးမှု ပူရတဲ့အပူတွေတော့ ရှိလာတာပဲ....

"အချစ်ဟာ မင်းပြောသလို မီးအစစ်ပဲ၊ မီးမှ ငရဲမီးကွ မင်းတို့သုံးတဲ့ အင်္ဂလိပ်လို ငရဲမီးလေ၊ လောင်မှန်းမသိ တငွေ့ငွေ့လောင်တာမျိုး"

ဤသို့ဖြင့် မောင်စိုးလွင်နှင့် အချစ်ဌီကာဖွင့်ပြီးပြန်လာ သောအခါ လမ်းတွင် သူငယ်ချင်း ကျော်မြင့်နှင့် ညို့ဝင်း မောင်တို့၏ မျက်နှာများကို ပြန်၍ မြင်လာခဲ့မိ၏။

အထူးသဖြင့် တွေ့ရန်ချိန်းဆိုထားခဲ့သော ညို့ဝင်းမောင် ကို အာရုံထဲတွင် ပို၍ မြင်မိလေ၏။

နောက်တစ်နေ့သည် စနေနေ့နံနက် ဖြစ်လေ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ညို့ဝင်းမောင် လိပ်စာပေး၍ ချိန်းဆိုထား သော နေရာသို့သွားရန် ပြင်ဆင်ရလေ၏။



ကျွန်ုပ်သည် ချိန်းဆိုထားသော အချိန်ကို တိကျစေရန်နှင့် အလွယ်တကူသွားရောက်နိုင်စေရန်အတွက် တက္ကစီ အငှား ကား တစ်စီးကို ငှားရမ်းလိုက်ရလေ၏။

ထို့နောက် ညို့ဝင်းမောင် ချိန်းဆိုထားသည့် ထောက် ကြန့်ရှိ ခြံကြီးတစ်ခုဆီသို့ တက္ကစီမောင်းသမားကို ညွှန်ကြား မောင်းနှင်စေရလေ၏။

ကျွန်ုပ်သည် သူငယ်ချင်း ညို့ဝင်းမောင်နှင့်တွေ့ရန် ချိန်း ဆိုထားခြင်းအတွက် ချစ်သူရည်းစားနှင့် ချိန်းထားသည်ကို သွားတွေ့ရခြင်းထက် ပို၍ ရင်ခုန်နေမိလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### နေ့ရှုရှုာ ဆဏ္ဍာထက်ဆာကိုဆထူးကြီးနှင့်ထူ

စာထဲတွင်ပါလာသောလိပ်စာအရ ခြံကြီးကို တွေ့ရှိပြီးသောအခါ အငှားကား တက္ကစီမောင်းသူအား ကျသင့်ငွေကို ပေးချေပြီးနောက် ပြန်၍လွှတ်လိုက်ရလေ၏။

ထို့နောက် ကျွန်ုပ်သည် လွန်စွာကျယ်ဝန်းလှသော ခြံကျယ်ကြီး အတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာခဲ့ရလေသည်။

ခြံကျယ်ကြီးသည် လူမနေသည်မှာ ကြာညောင်းလှဟန်ဖြင့် ချုံနွယ်ပိတ်ပေါင်းများ ရှုပ်ထွေးလျက်ရှိ၏။ ခြံထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရသည့် ပတ်လမ်းသည်ပင် မြက်များဖြင့် အတော်ကြီး ဖုံးအုပ်လျက်ရှိလေ၏။

မြို့ကြီး၏အလယ်လောက်တွင်ရှိသော တိုက်အိမ်အိုကြီး ဆီသို့ မြေလှမ်းပေါင်း များစွာလှမ်း၍ ဝင်ခဲ့ရလေတော့ သည်။

ထိုသို့လှမ်းလာနေရင်း အိမ်ကလေးဆီသို့ ရောက်ခဲလွန်း လှသည်ဟု ထင်မြင်နေမိ၏။ တစ်ခြံလုံး မြက်ပင် ပေါင်းပင် များဖြင့် ရှုပ်ထွေး၍နေလေရာ မြွေပါး ကင်းပါး ခပ်လန့် လန့်နှင့်ပင် မလျှောက်ရဲ လျှောက်ရဲ လျှောက်ခဲ့ရလေတော့ သည်။

မကြာခင်မှာပင် ကိုရင်ကြီးဂမုန်း၊ မယ်တော်ကြီးဂမုန်း၊ ဒေါင်းဂမုန်း၊ ခွက်ပေါက်ဂမုန်း၊ ရွှေလာ ငွေလာ ဂမုန်း များ ရစ်ပတ် နွယ်တက်နေသော တိုက်အိမ်အိုကြီးဆီသို့ ရောက်လာခဲ့၏။

တိုက်နံရံများသည် အချို့သောနေရာတွင် အင်္ဂတေများ ကွာကျလျက်ရှိပြီး နတ်သမီးကွမ်းရွက်ပင်လို အပင်များ၊ ညောင်ပင်ငယ်လေးများပင် ပေါက်ရောက်လျက်ရှိ၏။



နံရံအချို့နေရာများတွင်ရေညှိစိမ်းများတက်ကာ အချို့ နေရာများတွင် ပင်ကြားအက်လျက်ရှိကြလေ၏။

တိုက်အိမ်ကြီးအနီးသို့ရောက်လာခဲ့ပြီး အိမ်ကြီးကို မော့ ကြည့်မိရာ အကြောက်အရွံ့နည်းပါးလှသော ကျွန်ုပ်သည်ပင် လျှင် မိမိကိုယ်မိမိ သိမ်ငယ်သွားသကဲ့သို့ ခံစားရလေ သည်။

ဤမျှ အိုမင်းဟောင်းနွမ်းလျက် လူမနေတော့ သော နေရာမျိုးကို ရောက်လာခဲ့ရလိမ့်မည်ဟု ကျွန်ုပ် မတွေးခဲ့ဘူး မိခဲ့ချေ။

ကျွန်ုပ်သည် လက်ပတ်နာရီကို ကြည့်လိုက်မိလေရာ ညို ဝင်းမောင်နှင့် ချိန်းဆိုထားသည့် နေ့လယ်ခင်း တစ်နာရီ တိတိ ရှိပြီဖြစ်ကြောင်း တွေ့ရလေ၏။

မကြာခင်မှာပင် ကျွန်ုပ်သည် တိုက်အိမ်ရှေ့ရှိ သံဘာဂျာ တံခါးရှိရာသို့ ရောက်လာခဲ့၏။

သံဘာဂျာတံခါးသည် ပျက်စီးဆွေးမြည့်နေပြီဖြစ်သော ကြောင့် အလွယ်တကူပင် ဝင်၍ရလေ၏။

သို့သော်လည်းကျွန်းတံခါးမကြီးမှာမူ လွန်စွာခိုင်ခံ့စွာ ပြုလုပ်ထားသောကြောင့် ယခု အချိန်အထိ မပျက်စီးဘဲ ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



"တံခါးစေ့ရုံတင်စေ့ထားတယ် သူငယ်ချင်း၊ တွန်းဖွင့်ပြီး ဝင်ခဲ့ပါ"

တိတ်ဆိတ်သော အခြေအနေကို ထွင်းဖောက်ပြီး စူးရှ ...ာ အသံတစ်သံ ထွက်ပေါ်လာသောကြောင့် ကျွန်ုပ်မှာ ...က်သီးတဖြန်းဖြန်း ထသွားမိလေ၏။

သ...ျွန်ုပ်မှာ အကြောင်းမဲ့ကြောက်တတ်လှသူမဟုတ်သော် ...မျှော်လင့်မထားသော အသံကြောင့် တုန်လှုပ်သွားမိ လုး ဖြစ်လေ၏။

...ကြားလိုက်ရသည့် အသံကို ကျွန်ုပ် ကောင်းစွာမှတ်မိ ပါ၏။

အနည်းငယ် ခပ်အောအော ဖြစ်နေသည်မှလွဲ၍ သူငယ်ချင်း ညိုဝင်းမောင်အသံဖြစ်ကြောင်း ချက်ချင်းပင် ဆုံးဖြတ်လိုက်နိုင်ပါ၏။

သူပြောလိုက်သည့်အတိုင်းပင် ကျွန်ုပ်သည်ကျွန်းတံခါးမကြီးကို အသာအယာ တွန်းဖွင့်ကြည့်လိုက်ရာ ကျပ်နေပြီး ချက်ချင်းပွင့်မသွားဘဲရှိလေ၏။

သို့ဖြစ်သောကြောင့် ကျွန်ုပ်သည်အားစိုက်လျက် ခပ်ဖိဖိ တွန်းလိုက်ရ၏။



ထိုအခါမှသာ ကျွန်းတံခါးမကြီးသည် မပွင့်ချင်ပွင့်ချင်ဖြင့် ပွင့်သွားလေတော့၏။

"ကျွီ....အီ....အီ....အီ....အီ"

လူမသုံးသည်မှာ ကြာပြီဖြစ်သောကြောင့် တံခါးပတ္တာတို့မှာ ဆွဲဆွဲငင်ငင် မြည်သွားသည့် အသံရှည်ကြီးတစ်သံ ဖြစ်ပေါ်သွားလေရာ တိုက်သံဖြင့် ဟိန်း၍ ထွက်ပေါ်လာလေ၏။

ကျွန်ုပ်သည် ချက်ချင်း အခန်းတွင်းသို့ မဝင်သေးဘဲ လှမ်းကြည့်လိုက်ရာ ဧည့်ခန်းဆောင်ကြီး တစ်ခုလုံးတွင် ဖုန်များအလိမ်းလိမ်း တက်နေလေ၏။

တစ်ခန်းလုံးလိုလိုပင် ပင့်ကူအိမ်များလည်း ပတ်ဖွဲ့ထားသည်ကို တွေ့ရ၏။

မှန်ပြတင်းများကြောင့် အလင်းရောင် ကောင်းကောင်း ဝင်နေသည့်အတွက် တော်ပေသေးသည်ဟု ဆိုရမည်ဖြစ်၏။

ဖုန်များထူတက်နေသောကြောင့် ဧည့်ခန်းတွင်းရှိဆိုဖာ ဆက်တီများမှာလည်း အဆင်များ အကွက်များ မပေါ်နိုင်တော့ဘဲ ဟောင်းနွမ်းညစ်ပတ်လျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ညှော်ခန်းတွင်းသို့ ဖြည်းဖြည်းချင်းလျှောက်၍ ဝင်ခဲ့ရာတွင် ဆိုဖာဆက်တီ နှစ်ယောက် ထိုင်ခုံတွင် လူတစ်ယောက်သည် ပက်လက်လှန်၍ ဒူးထောင်လျက် အနေအထားဖြင့် လဲလျောင်းနေသည်ကို တွေ့ရလေ၏။

လူတစ်ယောက် ဆိုလိုက်ရခြင်းမှာ သူ့ကို ညိုဝင်းမောင်ဟု ယူဆရသော်လည်း သူ့ရုပ်သွင်ကို ကျွန်ုပ် ရှက်ချင်း မမြင်ရသေးသောကြောင့် ဖြစ်သည်။

သူသည် ဘောင်းဘီ၊ ရှပ်အင်္ကျီတို့ဖြင့် အနောက်တိုင်းဆန်ဆန် ဝတ်ဆင်ထား၏။

လောင်းကုတ်အင်္ကျီပေါ် သက္ကလတ်အင်္ကျီရှည်မည်းမည်းကြီးကို ဝတ်ထား၏။

လက်အိတ်များလည်း စွပ်ထား၏။

ထို့ပြင် အင်္ကျီကော်လာကြီး နှစ်ဖက်ကိုလည်း လည်ပင်းဖုံးအောင် ထောင်ထား၏။

နေကာမျက်မှန် အကြီးကြီးကိုလည်း တပ်ထား၏။

ထို့နောက် ဦးထုပ်အကြီးကြီးကိုလည်း စိုက်စိုက်ဆောင်းထားသေးသည်ဖြစ်ရာ ညိုဝင်းမောင်ဟု ပြောရခက်နေလေ၏။



ကျွန်ုပ်အနေနှင့် သူ့မျက်နှာကို လုံးဝမမြင်ရချေ။

"ထိုင်လေ သူငယ်ချင်း"

သူက နေရာမှ မလှုပ်မယှက် အနေအထားကပင် ဆိုဖာဆက်တီတစ်လုံးကို လက်ညှိုးထိုးလျက် ညွှန်ပြလိုက်လေ၏။

ကျွန်ုပ်သည်လည်းဆိုဖာဆက်တီပေါ်တွင် မြင်မကောင်းအောင် ထူဗာက်နေသောဖုန်များကိုလွင့်သွားအောင် လက်ဝါးဖြင့် နှစ်ချက် သုံးချက် ပုတ်ခါလိုက်၏။

"ဖုံး....ဖုံး....ဖုံး"

ထိုအခါ ဆက်တီပေါ်တွင် တင်နေသည့် ဖုန်များသည် တလိမ့်လိမ့်ထကာ ကျွန်ုပ်၏ နှာခေါင်းတွင်းသို့ပင် ဝင်ရောက်သွားကြလေတော့၏။

"ဟ....ဟ....ဟတ်....ဟတ်ချိုး"

မီးခိုးလုံးများသဖွယ် တိုးဝင်လာကြသော ဖုန်များ၏ ဒဏ်ကို ကြောက်ရွံ့၍ ကျွန်ုပ် ဆက်မခါရဲတော့ချေ။

မထိုင်ချင့်ထိုင်ချင်ဖြင့် ထိုင်ချလိုက်ရလေတော့၏။

"ဟင်း....ဟင်း....ဟင်း....မောင်ရင်က စာရေးဆရာသာဆိုတယ်၊ မင်းသားကျနေတာပဲ၊ ဖုန်ပေမှာ တယ်ကြောက်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အဖြစ်ကိုကြည့်ရင်း ညိုဝင်းမောင်က ရယ်သွမ်းသွေး စကားဖြင့် ပြောလိုက်၏။

"ခင်ဗျား....ခင်ဗျား ညိုဝင်းမောင် အစစ်ပါနော်"

ကျွန်ုပ်က ပိုမိုသေချာသွားစေရန် မေးခွန်းထပ်၍ ထုတ်လိုက်မိ၏။

ထိုအခါ ထိုသူသည် သဘောကျစွာ တဟားဟား ရယ်လိုက်ပြီးနောက်....

"ညိုဝင်းမောင်မှ ညိုဝင်းမောင် အစစ်ပါ သူငယ်ချင်းရယ်၊ တစ်စက်မှ ရေမရောပါဘူး ဘာလဲ၊ မောင်ရင်တကိုယ့်ကို ညိုဝင်းမောင် အတုကြီးလို့ ထင်နေတာလား"

ဟု ပြောလိုက်လေ၏။

ထိုအခါတွင်ကား သူ့အသံမှ သူ့အသံအစစ်ဖြစ်နေသောကြောင့် ကျွန်ုပ်မှာ မယုံကြည်ဘဲ မနေနိုင်တော့ချေ။

"နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာသွားပြီးမှ မမျှော်လင့်ဘဲ ခုလို ပြန်တွေ့ရတာဆိုတော့ မယုံကြည်နိုင်လောက်အောင် အံ့ဩလွန်းလို့ပါ"

"မဖြစ်နိုင်တဲ့အရာ လောကမှာ ဘာမှမရှိဘူး သူငယ်ချင်း၊ စာရေးဆရာရဲ့၊ မဖြစ်သေးတာတွေပဲရှိတယ်၊ ကဲပါ



ကွာ၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေ အသာထားပြီး တို့သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြတဲ့ အထိမ်းအမှတ်အဖြစ် ဘီယာသောက်ကြရအောင်၊မင်းလဲ အမောပြေသွားအောင်ပေါ့ကွာ"

ညိုဝင်းမောင်က ဘီယာဘူးများကို ညွှန်ပြရင်း သူကိုယ်တိုင်လည်း တစ်ဘူးယူသောက်လိုက်၏။

ကျွန်ုပ်ကမူ ဘီယာသံဘူးများကို လုံးဝ မတို့ထိဖြစ်ချေ။

ဆက်တီစားပွဲပေါ်တွင် မသောက်ရသေးသော ဘီယာသံဘူးများ ခြောက်ဘူးခန့် ရှိနေပြီး ကြမ်းပြင်ပေါ်တွင် သောက်ပြီးသားဘူးခွံမှာ ငါးလုံးခန့် လဲကျနေကြ၏။

စားပွဲပေါ်ရှိ ဘီယာဘူးများ အလယ်တွင် ဘဲကင်များအမောက်ကြီးထည့်ထားသော စတီးပန်းကန်ပြားတစ်ချပ်ကလည်း အဆင်သင့်ရှိလေ၏။

"ယူပ်လေ သူငယ်ချင်း"

စားပွဲပေါ်ရှိ ဘီယာဘူးများနှင့် ဘဲကင်ပန်းကန်ပြားကို စေးကြောင်ကြည့်နေသည့် ကျွန်ုပ်ကို သူက ထပ်မံတိုက်တွန်းလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မသောက်တော့ဘူး သူငယ်ချင်း"

"ဘာရယ်...."

"ဪ....ကိုယ် အရက်မသောက်တော့ဘူး၊ ရာသက်ပန် ရှောင်ထားလိုက်ပြီ"

"ဘာဖြစ်ဘယ်....စာရေးဆရာက အရက်မသောက်ဘူး ဟုတ်လား၊ အဆန်းပဲ၊ တကယ့်ကို အံ့ဩကုန်နိုင်ဖွယ်ပါပဲ သူငယ်ချင်းရာ"

ညို့ဝင်းမောင် အံ့ဩမည်ဆိုပါကလည်း အံ့ဩလောက်စရာပင် ဖြစ်၏။

စာရေးဆရာသည် စိတ်ကူးယဉ်တတ်သောလူထူးလူဆန်း ဖြစ်၏။

ထို့အတူ အရက်သည်လည်း စိတ်ကူးယဉ်စရာကောင်းသော ရသတစ်မျိုးကို ပေးစွမ်းနိုင်သည့် သတ္တိထူးရှိ၏။

သို့ဖြစ်၍ စာရေးဆရာဆိုသူများသည် ထို စိတ်ကူးယဉ်၍ကောင်းသော ယမကာကို မှီဝဲကြခြင်းမှာ လွန်စွာ သဘာဝကျလှပေ၏။



ကျွန်ုပ်သည်သာ ထိုလမ်းစဉ်မှ ဖယ်ကြဉ်နှစ်ရန်မှာ လွန် မသောက်ဘဲနေခဲ့သောကြောင့် အံ့ဩထိုက်ပေ

"ကဲပါ... ထားပါတော့ကွာ၊ အရက် သျှောက်လှမ်း လဲ နေပါ၊ ဒါက အရက်မှမဟုတ်တာ၊ ဘီယ ကောင်းဆိုသော ရဲ၊ ဘီယာဆိုတာက ထန်းရည်လောက်ပြင်းတော့ မဟုတ် မဟုတ်ဘူး၊ နည်းနည်းပဲသောက်ရင် သိပ်မူးကို စတင် စိတ်

ညို့ဝင်းမောင်က သူ့ဘီယာကိုသောက် ညို့ဝင်းမောင်" ဆက်ဟောပြန်လေ၏။ ဘ် ညိတ်လိုက်၏။

မှို့ အားပေးပါ

"ဘာပဲဖြစ်ဖြစ်ညို့ဝင်းမောင်ရယ်၊ဘီယာ" ကိုဟောလို့ ခေါ်တဲ့ မူးယစ်စေတတ်တဲ့ဓာတ်စားနေရတာ လေ၊ ဒါကြောင့် ကိုယ် ဘီယာမသောက်ဘူး၊ အိမ်ထဲမှာလဲ လဲ၊ မျက်စိ

ကျွန်ုပ်ကလည်းကျွန်ုပ်ဘီယာမသောက်ရသည် ကို ဖြေရှင်းရလေ၏။

ထား

"အေးပေါ့လေ၊ ဒါဆိုလဲ သာဓုပါပဲသူငယ်ချင်းရာ"

ညို့ဝင်းမောင်က ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

"ကဲ....ကဲ.... ဒါဖြင့် အရက် မသောက်ရင်လဲ ဘဲဟင်းပဲ စားကွာသူငယ်ချင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မ
မောင်က ဘဲကင်ပန်းကန်ကြီးကို ကျွန်ုပ်ရှေ့သို့
"ဘာရယ် လိုက်ပြန်၏။

"ဪ....ဘလည်း ခေါင်းကိုခါယမ်းလျက် ဘဲကင်ပန်းကန်
ရှောင်ထားလိုက်သို့ ပြန်၍တွန်းပို့လိုက်မိလေ၏။

"ဘာဖြစ်ဘ ဘာဖြစ်ပြန်တာတုံး"
ဟုတ်လား၊ အခုလဲ မစားတော့ပါဘူးကွာ"
သူငယ်ချင်းရာ" တယ်၊ ဘဲကင်လဲမစားတော့ဘူး ဟုတ်လား

ညို့ဝင်းမော
စရာပင် ဖြစ်၏။ ယ်သူငယ်ချင်း၊ ကိုယ် အသက်လေးဆယ် ပြည့်
က ကုန်းသတ္တဝါတွေ မစားသုံးတော့ပါဘူးလို့
စာရေးဆရာစ်ခါတည်း လှူပစ်လိုက်တယ်"
ဖြစ်၏။ ခုပါ သူငယ်ချင်းရယ်....၊ သာဓု သာဓု သာဓု
.... မောင်ရင်ကတော့ အရက်မသောက်၊ ကုန်းသတ္တဝါ
တို့မစားသုံးနဲ့ တကယ့်ကို လောဘသက္ကာယ နည်းတဲ့
သူတော်ကောင်းကြီး ဖြစ်နေပြီကိုး"

ညို့ဝင်းမောင်က တကယ့်ကို အံ့ဩတကြီးဖြင့် ကျွန်ုပ်
အား ချီးမွမ်းစကား ပြောလိုက်လေ၏။

သူတော်ကောင်းဖြစ်နေပြီဟူသောစကားကြောင့် ကျွန်ုပ်
သည် ခေါင်းနပန်း ကြီးမိသွားလေ၏။



အမှန်စင်စစ် သူတော်ကောင်းစစ်စစ် ဖြစ်ရန်မှာ လွန်စွာ မလွယ်ကူသော အလုပ် ဖြစ်၏။

သူတော်ကောင်းလမ်းစဉ်ကိုနှစ်သက်ကာ လျှောက်လှမ်းရုံမျှသာ ရှိသေးသော ကျွန်ုပ်အဖို့ သူတော်ကောင်းဆိုသော စကားအတွက် ဝန်လေးမိလေ၏။

"အင်း....သူတော်ကောင်း အတိအကျကြီးတော့ မဟုတ်သေးပါဘူး၊ သူတော်ကောင်းကျင့်စဉ်များကို စတင် စိတ်ဝင်စားနေပြီလို့ ပြောရင်တော့ ရပါတယ် ညို့ဝင်းမောင်"

ညို့ဝင်းမောင်က ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ် မွန်မြတ်တဲ့အလုပ်တစ်ခုမို့ အားပေးပါတယ်ကွာ၊ ဆက်ပြီး ကြိုးစားနိုင်ပါစေကွာ"

"တတ်နိုင်သမျှတော့ နည်းနည်းချင်း ကြိုးစားနေရတာပဲ သူငယ်ချင်း၊ ဒါနဲ့ နေပါဦး၊ မောင်ရင်က အိမ်ထဲမှာလဲ နေကာမျက်မှန်ကြီး တကားကားနဲ့ ဘာဖြစ်လို့လဲ၊ မျက်စိနာနေလို့လားကွ"

ကျွန်ုပ်က ယခုချိန်ထိ နေကာမျက်မှန်နက်ကြီး တပ်ထားဆဲ ဖြစ်သော ညို့ဝင်းမောင်ကိုကြည့်ရင်း စိတ်အတွင်း ကသိကအောက် ဖြစ်လာသောကြောင့် မေးခွန်း ထုတ်လိုက်မိ၏။

"မျက်စိမနာပါဘူးကွာ"

ညို့ဝင်းမောင်က ခေါင်းကိုခါယမ်းလျက် ပြန်ဖြေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဦးထုပ်မချွတ် သက္ကလတ်အင်္ကျီကြီးတကားကားနဲ့ ဖြစ်နေတာကကောကွာ ဘာဖြစ်လို့တုံး၊ နေမကောင်းလို့လား"

ညို့ဝင်းမောင်က ခေါင်းကိုယမ်းခါလိုက်၏။

"နေကောင်းပါတယ် သူငယ်ချင်းရာ"

ထိုကဲ့သို့ ဖြေပြီးနောက် ညို့ဝင်းမောင်ထံမှ သက်ပြင်းရှည်ကြီး တစ်ချက် ရှိုက်ထုတ်လိုက်သည်ကို ကြားလိုက်ရ၏။

"ဩော်.... ငါ သဘောပေါက်ပြီ သူငယ်ချင်း၊ မင်းက ခုချိန်ထိ ဝရမ်းပြေးရတုန်းပဲ မဟုတ်လား၊ ခါကြောင့် တခြားလူတွေ မြင်ရင် မမှတ်မိအောင်လို့ ဒီလို ဝတ်စားထားရတာ မဟုတ်လား"

ညို့ဝင်းမောင်က ခေါင်းကို ယမ်းခါလိုက်ပြန်၏။

"အဲ့သလိုလဲ မဟုတ်ပါဘူးကွာ"

ပူရအိုက်ရသည့်ကြားထဲတွင် သက္ကလတ် လောင်းကုတ်ကြီးနှင့် ဦးထုပ်ဆောင်းကာ နေကာမျက်မှန်တပ်ထားသော သူ့ကိုကြည့်ရင်း ကျွန်ုပ်မှာ စိတ်အိုက်လာပြီး သက်ပြင်းကို ဖူးခနဲ မှုတ်ထုတ်လိုက်မိ၏။

"မောင်ရင် ပျောက်သွားပြီး ကိုယ်ခရှင်းတာကို ခုမှပဲ မေးရမယ် ညို့ဝင်းမောင်"

"မေးလေ သူငယ်ချင်း၊ မင်း ဘာသိချင်လဲ"

"မောင်ရင်....၊ မောင်ရင် ကျော်မြင့်ကို သတ်ဖစ်ခဲ့သလား"



ကျွန်ုပ်က တဲ့တိုးကြီးမေးလိုက်သောအခါ ညို့ဝင်းမောင်သည် ခေါင်းတခါခါ လည်တခါခါဖြင့် ငြင်းဆန်လိုက်လေတော့၏။

"ငါ....ငါ ကျော်မြင့်ကို မသတ်ရပါဘူး သူငယ်ချင်းရာ၊ အဲဒါ တကယ့်ကို အမှန်တရားပါ၊ ကိုယ့်ကို ယုံပါ သူငယ်ချင်းရယ်"

ညို့ဝင်းမောင်၏ စကားသံများက တုန်ယင်လှိုက်လှဲနေသည်ကို သတိထားမိလိုက်လေ၏။

ကျွန်ုပ်ကိုယ်တိုင်ကလည်း ညို့ဝင်းမောင် မသတ်ဘူးဟု ထင်ထားသောကြောင့် အနည်းငယ် စိတ်သက်သာရာ ရသွားမိလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### သတ္တဝါအခန်းကြီး၏ နောက်ကြောင်းပြန်

“အဲဒါဆိုရင် ပြောစမ်းပါဦး၊ မောင်ရင် မသတ်ရင် ကျော်မြင့်ကို ဘယ်သူက သတ်သွားတာလဲ၊ မောင်ရင် အဲဒီအကြောင်းတွေများ သိသလား”

ကျွန်ုပ် အမေးကြောင့် ညိုဝင်းမောင်က ခေါင်းကို ဆတ်ညိတ်လိုက်မိ၏။

“သိရင်ပြောစမ်းပါဦး၊ ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျော်မြင့်ရဲ့ ရင်အုံမှာ စိုက်နေတဲ့ဓားက မောင်ရင့်ရဲ့ဓား ဖြစ်နေရတာလဲ....

www.burmeseclassic.com

www.burmeseclassic.com



"အန်-ဒဗလျူ-အမ် ဆိုတဲ့စာလုံး ဘာဖြစ်လို့ ရေးထားရတာလဲ"

ညို့ဝင်းမောင်က အသံထွက်အောင် တဟင်းဟင်း ရယ်လိုက်၏။

"ဟင်း ဟင်း ဟင်း ဟင်း....အန် ဒဗလျူ အမ်ဆိုတဲ့ စာလုံး ခေါင်းရိုးမှာ ရေးထားရုံနဲ့ ညို့ဝင်းမောင်က လူသတ်တရားခံဖြစ်ရရောတဲ့လား စာရေးဆရာရယ်....

"မောင်ရင်လဲ ရေးနေတွေးနေတဲ့ လူတစ်ယောက်ပဲ၊ စဉ်းစဉ်းစားစား ပြောစမ်းပါ....

"အဲဒီလို မြင်ရုံထင်ရုံနဲ့ စွဲချက်တင်ကြလွန်းလို့ မဆိုင်တဲ့ လူတွေ ဒုက္ခရောက်ကြရတဲ့ အမှုအခင်းတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်ခဲ့ဖူးတယ် မဟုတ်လား"

"ဒါဆိုရင် ကျော်မြင့်ကို ဘယ်သူသတ်တာလဲ"

"ကျော်မြင့်နဲ့ စီးပွားပြိုင်ဘက် တစ်ယောက်က သတ်သွားတာ"

"ဘယ်သူ...."



"သိန်းတိုးဆိုတဲ့ကောင်၊ ဒီကောင်က ကျောင်းနေရင်း တန်းလန်းနဲ့ စီးပွားရှာနေတာ၊ မောင်ရင်သိတယ် မဟုတ်လား၊ ပွဲရုံလုပ်ငန်း ယုပ်တာလေ"

"သိတယ်....သိတယ်၊ သိန်းတိုးကို ကိုယ်ကောင်းကောင်း သိတယ်၊ ကိုယ်တို့နဲ့ အဓိကဘာသာရပ်ချင်း မတူဘူး၊ သူက ဘူမိဗေဒအဓိက မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီသိန်းတိုးက စီးပွားပြိုင်ဘက် အချင်းချင်းလဲ ဖြစ်တယ်၊ အကျိုးအမြတ်ခွဲကြရင်း ကျော်မြင့်နဲ့ အငြေမတည့်ဖြစ်ပြီး စကားများကြတယ်....

"နောက်ဆုံးတော့ သိန်းတိုးက ခေတ်သို့ဆိုတော့ ကိုယ့်ကို အမှုပတ်အောင် တမင်အကွက်ဆင်သွားခဲ့တာ"

"ဒါဖြင့် သိန်းတိုးကို မောင်ရင်နဲ့ပါ ရင်းနှီးတယ်ပေါ့"

"ရင်းနှီးရုံတင်မကဘူး၊ အိမ်ကိုပါအဝင်အထွက် ရှိတဲ့ကောင်၊ အရင်တုန်းက တစ်ရမ်ကွက်တည်း နေခဲ့ကြဖူးသေးတယ်"

"ဒါဆိုရင် မင်းတို့နှစ်ယောက် ရည်းစားလုဘက်ဖြစ်နေတာလဲ သူသိတာပေါ့ ဟုတ်လား"

www.burmeseclassic.com



"သေချာတာပေါ့ကွာ၊ အမွေမျှဒါး မကျန် သိထား တဲ့ ကောင်ပေါ့"

"တော်တော့်ကို အကြံပက်စက်တဲ့ သိန်းတိုးပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ တရားခံဟာ သူမှန်းသိလျှက်နဲ့ မောင်ရင်က ဘာဖြစ်လို့ ဝရမ်းပြေးလုပ်ပြီး ထွက်ပြေးနေရတာလဲ"

ကျွန်ုပ်က ညို၀င်းမောင်အတွက် ကြိတ်မနိုင် ခဲမရ ဖြစ်ပြီး မေးလိုက်မိ၏။

"ကိုယ်လဲ အစပိုင်းမှာတော့ ဘယ်သိပါ့မလဲ စာရေး ဆရာရယ်၊ ဖြစ်ဖြစ်ချင်းတော့ ထူပူပြီး ပြေးမိပြေးရာပြေး ရတာပေါ့....

"မင်းပြောသလို ဓားမြှောင်က ငါ့နာမည်စာလုံး ထိုး ထားတဲ့ ဓားမြှောင်ဖြစ်နေတာကိုး"

"နေပါဦး၊ ဓားကရော မင်းဓားအစစ်လား"

ညို၀င်းမောင်က ခေါင်းကို ယမ်းခါလိုက်၏။

"ဘယ်ကလာ ငါ့ဓားအစစ် ဟုတ်ရမှာလဲကွာ....

"သိန်းတိုးက ညာဏ်နီညာဏ်နက်တွေ ဆင်ပြီး တမင် အကွက်ထွင်ပြီး ငါ့ဓားလိုဖြစ်အောင် တမင်လုပ်သွားတာ ကွ"



"ဒါဆို သိန်းတိုးကို ဥပဒေဘောင်အတွင်း ရောက် အောင် မင်းဘာလို့ မလုပ်သေးတာလဲ ညို၀င်းမောင်"

ကျွန်ုပ်က အားမလိုအားမရ လေသံဖြင့် ပြောလိုက်မိ ၏။

ကျွန်ုပ် မေးခွန်းအဆုံးတွင် ညို၀င်းမောင်က ခေါင်းကို သွက်သွက်ယမ်းခါ ပစ်လိုက်သည်။

"သိန်းတိုးလဲ ဒီလောကကြီးထဲမှာ မရှိတော့ပါဘူး ကွာ၊ သူ့စရိတ်နဲ့သူ သွားပါပြီ သူငယ်ချင်းရယ်"

"ဘာဖြစ်တယ်၊ သိန်းတိုး မရှိတော့ဘူး ဟုတ်လား ညို၀င်းမောင်"

"ဟုတ်တယ် သူငယ်ချင်း၊ သွေးကင်ဆာ ရောဂါနဲ့ မနှစ်ကပဲ ဆုံးသွားတယ်လို့ သတင်းကြားတယ်"

ကျွန်ုပ် သက်ပြင်း ရှိုက်လိုက်မိပြန်၏။

လူတစ်ဖက်သားကို အငဲ့အညှာမရှိ ရက်စက်စွာ သတ် ဖြတ်သူ ကိုယ်တိုင်မှာလည်း အသက်ရှည်ခြင်း မရှိတတ် ပေ။

"ဒါဆိုရင်လဲ မောင်ရင်က ဘာဖြစ်လို့ ဝရမ်းပြေးကြီး ဆက်လုပ်နေရတာလဲ ညို၀င်းမောင်ရယ်၊ သယ်ဆိုင်ရာကို

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းရှင်းပြပြီး ပေါ်ပေါ်ထင်ထင် နေတော့ပေါ့၊ မဟုတ်ဘူးလား"

ညို့ဝင်းမောင်က ခေါင်းကို ခါယမ်းလိုက်ပြန်၏။

"နေလို့မဖြစ်ဘူး သူငယ်ချင်း"

"သတိရလို့ ပြောရဦးမယ်၊ တို့သူငယ်ချင်းတွေ မမျိုးဆွေရော ခင်လှဝေပါ လက်ထပ်သွားကြပြီ"

"ကြာပြီပဲ၊ ကိုယ်သတင်းတွေရပါတယ် သူငယ်ချင်းရာ၊ မမျိုးဆွေ ယောက်ျားရတာရော၊ ခင်လှဝေ လက်ထပ်သွားတာတွေလဲ အကုန်သိပါတယ်....

"အဲဒီလို သိခဲ့တာကြောင့်လဲ ပိုပြီးဝေးရာအရပ်ကို ခရီးနှင်ရင်း ဒီလောက်ထိ အချိန်တွေ ကြာညောင်းခဲ့ရတာပေါ့ကွာ"

ညို့ဝင်းမောင်က ဆို့နင့်ကြေကွဲသံကြီးဖြင့် ပြောလိုက်သောကြောင့် ကျွန်ုပ် စိတ်မချမ်းမသာ ဖြစ်သွားမိရလေ၏။

"မောင်ရင့်ကိုကြည့်ရတာ စိတ်မေ့လိုက်တာ ညို့ဝင်းမောင်ရာ၊ တကယ့်ကို အပြစ်ရှိလို့ ထိမ်းရှောင်နေရတဲ့ ဝရမ်းပြေးကြီးတစ်ယောက် အတိုင်းပဲ....



"လူသတ်တရားခံက ကိုယ်မှမဟုတ်တာ၊ လူ့တောထဲ ပြန်ဝင်ပြီး လုပ်စရာရှိတာ လုပ်ပေါ့"

ညို့ဝင်းမောင်က ခေါင်းကို သွက်သွက်ကြီး ခါယမ်းလိုက်ပြန်၏။

"မဖြစ်ဘူး သူငယ်ချင်း၊ ကိုယ် လူ့တောထဲပြန်ဝင်လို့ မဖြစ်နိုင်တော့ဘူး"

ညို့ဝင်းမောင်၏ ခါးခါးသီးသီး ငြင်းဆိုမှုကို ကျွန်ုပ် လုံးဝနားမလည်နိုင်ချေ။

"လူ့တောထဲကို ပြန်ဝင်လို့ မဖြစ်နိုင်တော့ဘူး ဟုတ်လား၊ ဘာဖြစ်လို့ မဖြစ်ရမှာလဲ ညို့ဝင်းမောင်ရယ်၊ မင်းပီငါ့ကို တစ်ခါတုန်းက ပြောခဲ့ဖူးတယ် မဟုတ်လား....

"လောကကြီးမှာ မဖြစ်နိုင်တာ မရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ်ဆို"

ထိုကဲ့သို့ နှစ်ယောက်သား စကားပြောကောင်းနေကြစဉ် အတွင်းတွင် လေအဝှေ့၌ တစ်ချက် တစ်ချက် ညှီစို့စို့ အနံ့တစ်မျိုးကို ကျွန်ုပ်ရှူရှိုက်နေမိလေ၏။

ငါးညှီနံ့လို အညှီနံ့မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ လူသူမရှိသည့် အိမ်ကြီးတစ်လုံး၌ အဘယ်ကြောင့် ငါးညှီလိုအနံ့မျိုးရ၍ နေရသနည်း။

ကျွန်ုပ်က စဉ်းစားရင်း နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ကြည့်လျက် အနံ့ကို သေချာစွာခံကြည့်မိ၏။

“ဘာဖြစ်နေတာလဲ သူငယ်ချင်း”

“ငါးညှီနံ့လို အနံ့တစ်မျိုး ရနေတယ်ကွ၊ အတော် တောင်ကြာပြီ၊ စကားကောင်းနေတာနဲ့ မပြောဖြစ်တာ၊ မင်းကော ညှီနံ့မရဘူးလား”

ညိုဝင်းမောင်က ခေါင်းကို ယမ်းခါလိုက်သည်။

“မညှီပါဘူးကွာ”

“ဒါဆို ငါ စိတ်ထင်လို့များလား”

“စိတ်ထင်တာ မဟုတ်ပါဘူး”

ညိုဝင်းမောင်၏ စကားကို ကျွန်ုပ်က နားမလည်စွာဖြင့် ဖျတ်ခနဲ လှမ်းကြည့်မိ၏။

“အရက်သမားဆိုတာကိုယ့်ခန္ဓာကိုယ်ကထွက်တဲ့ အရက်နံ့ကို ဘယ်တုန်းကမှ ရဖူးလို့လဲ စာရေးဆရာရယ်၊ မောင်ရင်လဲ အရက်သောက်ခဲ့ဖူးတာပဲ”



“ဘာဆိုင်လို့လဲ ညိုဝင်းမောင်”

“ဆိုင်တာပေါ့ကွာ၊ အဲသလိုပဲ အရက်နံ့တထောင်းထောင်းထွက်နေတဲ့ အရက်သမားက အရက်နံ့မရသလိုဘဲ ငါးညှီနံ့တွေ တထောင်းထောင်းထနေတဲ့ လူကလဲ အဲဒီအညှီနံ့ကို သူကိုယ်တိုင် ပြန်မရနိုင်ဘူးကွ”

“မင်း ဘာကိုဆိုလိုတာလဲ ညိုဝင်းမောင်”

“မောင်ရင်ရနေတယ်ဆိုတဲ့ ငါးညှီနံ့တွေက ကိုယ့်ဆီက ရနေတာ ဖြစ်နေမှာပေါ့”

“ဘာဖြစ်တယ်၊ ငါးညှီနံ့တွေက မောင်ရင့်ဆီက လာနေတာ ဟုတ်လား”

“ဟုတ်တယ်၊ ကိုယ့်ခန္ဓာကိုယ်တစ်ခုလုံးက ငါးညှီနံ့တွေ ထွက်နေလိမ့်မယ်”

ညိုဝင်းမောင်၏ စကားကြောင့် ကျွန်ုပ် လွန်စွာ အံ့အားသင့်သွားမိလေ၏။

“ဘာဖြစ်လို့ မောင်ရင့်ကိုယ်မှာ ငါးညှီနံ့တွေ ထွက်နေတာလဲကွ ညိုဝင်းမောင်ရ၊ မောင်ရင်က ငါးဗိုင်များ လုပ်နေလို့လား”

www.burmeseclassic.com

www.burmeseclassic.com



ညို့ဝင်းမောင်က ခေါင်းကို သွက်သွက် ယမ်းခါလိုက်လေ၏။

"မဟုတ်ပါဘူး စာရေးဆရာရယ်၊ ကိုယ် ငါးဒိုင်မှာ လုပ်တာ မဟုတ်ပါဘူး....

"ကိုယ့်ရဲ့ ခန္ဓာကိုယ်ကြီးကိုက ငါးညှီနံ့တွေ တထောင်းထောင်း ထွက်နေတာကွ"

"ဟာ.... မဟုတ်နိုင်တာ"

ကျွန်ုပ်က အလန့်တကြားလေသံဖြင့် ပြောလိုက်မိလေသည်။

"ဟုတ်နိုင်ပါတယ် စာရေးဆရာရယ်၊ ကိုယ် မောင်ရင့်ဆီ စာရေးလိုက်တုန်းက စာကို သေသေချာချာ မဖတ်ကြည့်ဘူး ထင်တယ်"

"ဘာဖြစ်လို့ သေသေချာချာ မဖတ်ရမှာလဲ၊ သေချာလိုက်တာမှ အထပ်ထပ်အခါခါ ဖတ်လွန်းလို့ အလွတ်တောင် ရသလောက်ရှိနေပြီ....

"ခဏခဏ ဖြန့်လိုက် ခေါက်လိုက် လုပ်လွန်းလို့ ခေါက်ရိုးတွေတောင် ကျိုးနေပြီ၊ ဒီမှာကြည့်ပါလား"



ကျွန်ုပ်က သက်သေသက္ကာယအဖြစ် အင်္ကျီအိတ်ထဲတွင် အရန်သင့် ထည့်လာခဲ့သည့် ညို့ဝင်းမောင်၏ စာခေါက်ကလေးကို ထုတ်၍ပြလိုက်မိ၏။

"ဟုတ်ပါပြီ၊ စာကို မောင်ရင်ပဲသိမ်းထားပါကွာ၊ အဲဒီစာထဲမှာ ကိုယ်က မောင်ရင်နဲ့ ကိုယ်နဲ့ ဘဝချင်းမတူတော့ဘူးလို့ ရေးထားခဲ့တယ်လေ"

ညို့ဝင်းမောင်၏ စကားကြောင့် ကျွန်ုပ်၏ရင်ထဲတွင် ထိတ်ခနဲ ခံစားလိုက်ရလေသည်။

စိတ်ထဲတွင် မသိုးမသန့်လည်း ဖြစ်မိလေ၏။

"ဟုတ်တယ်၊ အဲဒီ ဘဝချင်းမတူတော့ဘူးဆိုတဲ့ စကားကို စဉ်းစားလို့မရဘူး၊ ဝရမ်းပြေးဘဝကို ပြောချင်တာလား"

"ဝရမ်းပြေးဘဝဟာ ဘာထူးတာမှတ်လို့ စာရေးဆရာရယ်၊ ဝရမ်းပြေးဆိုတာ ဟုတ်လို့ပြေးနေရတဲ့သူ ဖြစ်ချင်ဖြစ်မယ်....

"ဒါမှမဟုတ်တဲ့ အစွပ်စွဲခံရပြီး ကိုယ့်အ ထင် သွဲ့ လို့ ရှောင်ပြေးနေရတဲ့သူလဲ ဖြစ်ချင်ဖြစ်မယ်....

"ဒါပေမယ့် သူတို့တွေက လူတွေထဲက လူတွေပဲ"

www.burmeseclassic.com



"သူတို့က လူထဲကလူတွေဆိုတော့ မောင်ရင်ကကော လူထဲကလူ မဟုတ်ဘူးလား၊ ဘာလဲ မောင်ရင်က လူ စင်စစ်ကနေ နတ်ဖြစ်သွားလို့လား၊ ဒါမှမဟုတ် နာနာ ဘာဝ ဖြစ်သွားလို့လား"

ကျွန်ုပ်စကားကြောင့် ညို့ဝင်းမောင် ခေတ္တမျှ ငြိမ်သက် သွားသည်။

ပြီးမှ ဆက်ပြင်းကို တစ်ချက် ရှိုက်လိုက် ပြီးနောက် တဖြည်းဖြည်းချင်း ဆက်၍ ပြောလေ၏။

"မောင်ရင် ပြောသလို နတ်ဖြစ်သွားတယ် ဆိုရင်လဲ ဟုတ်ပါတယ်၊ နာနာဘာဝ ဖြစ်သွားတယ် ဆိုရင်လဲ နီးစပ် ပါတယ်၊ ဒါမှမဟုတ်ရင်လဲ သတ္တဝါ တစ်ကောင်ဘဝကို ပြောင်းလဲသွားတယ် ဆိုရင်လဲ ပိုပြီးမှန်လိမ့်မယ်"

"မောင်ရင် ဘာတွေ လျှောက်ပြောနေတာလဲ"

ကျွန်ုပ်သည် ညို့ဝင်းမောင်နှင့် တစ်ချိန်လုံး စကား ကောင်းတွေ ပြောနေခဲ့ပြီးမှပင် ယခုမှ ဗွေဖောက် လာ သော ညို့ဝင်းမောင်၏ စကားများကြောင့် ကျောထဲ စိမ့် ခနဲ ဖြစ်သွားမိလေ၏။



ယခုမှပင် ငါးညှီနံ့ကဲ့သို့ အောက်သိုးသိုး ညှီအဲ့အဲ့ အနံ့ဆိုးကြီးမှာ ပို၍ နံစော်လာသလို ရှိသဖြင့် ကျွန်ုပ်မှာ လက်ကိုင်ပဝါကို ထုတ်ယူ၍ နှာခေါင်းတွင်အုပ်ထားလိုက်မိ သေး၏။

"ဆောရီးပဲ သူငယ်ချင်း၊ ကိုယ့်ကြောင့် မောင်ရင် အနံ့ဆိုးတွေ ရှူရှိုက်နေရတဲ့အတွက် ဝမ်းနည်း ပါတယ် ကွာ၊ ဒီအတွက် ကိုယ့်ကို နားလည် ခွင့်လွှတ် ပေးဖို့လဲ တောင်းပန်ပါတယ်"

ကျွန်ုပ်က ညို့ဝင်းမောင်ကို ဘာမှ ပြန်မပြောမိသေးဘဲ ထူးခြားလှသည့် အခြေအနေ့ကို အံ့ဩနေမိလေ၏။

"ကိုယ် ဘာတွေ လျှောက်ပြောနေတာလဲ ဆိုတာကို မောင်ရင် သိချင်တယ် မဟုတ်လား"

"သိချင်တာပေါ့ ညို့ဝင်းမောင်ရယ်"

ကျွန်ုပ်က အမှန်တကယ် အဖြစ်အပျက်များကို သိရှိလိုလှ သဖြင့် စိတ်လောကာ ပြောလိုက်မိ၏။

ညို့ဝင်းမောင်က ပထမဦးဆုံး ခေါင်းမှာ ဆောင်း ထားသည့် ဦးထုပ်ဝိုင်း အကြီးကြီးကို ချွတ်လိုက်ကာ ဆက်တိ စားပွဲပုကလေးပေါ်သို့ ပစ်တင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နေကာမျက်မှန်ကို ချွတ်၏။

ထို့နောက် ယောင်ထားသော သက္ကလတ်အင်္ကျီ ကော် လာများကိုလည်း နောက်သို့ လှဲချလိုက်လေသည်။

ထိုကဲ့သို့ မျက်နှာနှင့် ဦးခေါင်းပိုင်းကို လှစ်ပြလိုက်သည် နှင့် ကျွန်ုပ် တစ်သက်တာတွင် လုံးဝ မမျှော်လင့်ထားသော၊ အိပ်မက်မျှပင် မမက်ဖူးခဲ့သော လွန်စွာ ကြည့်ရဆိုးရွားလှ သည့် ငါးလိုလို ဖားလိုလို မျက်နှာကြီးကို ရုတ်တရက် တွေ့ လိုက်ရလေတော့၏။

ညိုဝင်းမောင်၏ ဦးခေါင်းသည် ဆံပင်များ လုံးဝ မရှိ တော့ဘဲ ငါးတစ်ကောင်၏ ဦးခေါင်းကဲ့သို့ ပြောင်ချောနေ လေ၏။

မျက်လုံးများမှာလည်း ငါးတစ်ကောင်၏ မျက်လုံးများ ကဲ့သို့ လုံးဝိုင်းဝိုင်းကြီးများ ဖြစ်နေကြ၏။

နှာခေါင်းနေရာတွင် နှာတံဟူ၍မရှိတော့ဘဲ လေရှူရ အပေါက်ကလေးနှစ်ပေါက်သာလျှင် ပါရှိလေ၏။

ပါးနှစ်ဖက်တွင်လည်း ငါးတစ်ကောင်၏ ပါးဟက်ကဲ့သ ပုံသဏ္ဌာန်များ တွေ့ရပြီး ပါးစပ်မှာလည်း အဆမတန် လျက် ရှိ၏။



ကျွန်ုပ်သည် ညိုဝင်းမောင်ဟု ခေါ်သော အထက်ပါ သတ္တဝါဆန်းကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကို ကြည့်ရင်း ခေတ္တမျှ ကြောင်ငေးနေမိ၏။

ကျွန်ုပ်၏ အသက်အရွယ်နှင့် ဂုဏ်သိက္ခာတို့ကို ငဲ့ကွက်ရာ မလိုဟုဆိုပါက ထိုနေရာမှထလျက် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးမိမှာသေချာသော မြင်ကွင်းပင်ဖြစ်ပါ၏။

ကျွန်ုပ်၏ရင်တွင်း၌ အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မယုံကြည်နိုင်ခြင်း စသည့်ဝေဒနာများသည် တဖွားဖွား ပေါ်ပေါက်နေလေ၏။

ညိုဝင်းမောင်သည် မျက်နှာတွင်သာမက လောင်းကုတ်အင်္ကျီ၊ ရှပ်အင်္ကျီနှင့် လက်အိတ်များပါ ချွတ်ပြလိုက်သော အခါ သူ၏ အထက်ပိုင်း ခန္ဓာကိုယ်တစ်ခုလုံးကို မြင်ခွင့်ရခဲ့ လေတော့၏။

ထိုအခါလက်နှစ်ဖက်၊ ရင်အုပ်၊ ရင်ဘတ်စသည့်ကိုယ်အင်္ဂါ များမှာ လူသဏ္ဌာန်နှင့်တူရုံသာတူတော့၍ လူတစ်ယောက် ၏ ဖွဲ့စည်းပုံမျိုး မဟုတ်တော့သည်ကိုလည်း အံ့ဩစွာ တွေ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ညိုဝင်းမောင်၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ငါးတစ်ကောင်၏ ခန္ဓာကိုယ်ကဲ့သို့ ကြီးမားသည့် အကြေးခွံကြီးများ ဖုံးအုပ်ထားသည်ကို တွေ့ရ၏။

ကျွန်ုပ်နှာခေါင်းမှ ရှူရှိုက်နေခဲ့ရသော ငါးညှီနံ့များမှာလည်း တစ်စထက်တစ်စပိုမိုဆိုးရွားလာနေသည်ဟုခံစားရ၏။

ညိုဝင်းမောင်၏ ခန္ဓာကိုယ်ပေါ်ရှိ အကြေးခွံများမှာ လွန်စွာမာကျောပုံရ၍ ပြောင်လက်နေလေ၏။ အရောင်များမှာကား နီ ဝါ စိမ်း ပြာ သက်တန့်ရောင်စုံကဲ့သို့ ဖြစ်နေ၏။ ပုလဲရောင်ကဲ့သို့ လင်းလက် တောက်ပနေပြန်၏။

မည်ကဲ့သို့ အမည်တပ်ရမည့် သတ္တဝါကြီးပါနည်း။ ထူးဆန်းသော သတ္တဝါကြီးတစ်ကောင် ဟူ၍သာ အမည်တပ်နိုင်မည် ဖြစ်ပါ၏။

ညိုဝင်းမောင်ကသာ ကျွန်ုပ်ထံသို့ စာရေး ဆက်သွယ်ခြင်း မရှိခဲ့ပါက အထက်ကတင်ပြခဲ့သည့်အတိုင်း ကျွန်ုပ်နှင့်အပြန်အလှန် စကားမပြောခဲ့ရဘူး ဆိုလျှင် ကျွန်ုပ်သည် သူ့အား လူတစ်ယောက် အဖြစ် သတ်မှတ်မည် မဟုတ်ဘဲ တိရစ္ဆာန်ရိုင်းကြီး တစ်ကောင်အဖြစ်သာ သတ်မှတ်မိမည် ဖြစ်၏။



သို့နောက် ပြေးလျှင်ပြေး၊ မပြေးပါက နီးရာလက်နက်တစ်ခုခုကို ရှာဖွေပြီး ရိုက်နှက်တိုက်ခိုက်မိမည် ဖြစ်ပါ၏။

စာထဲတွင် သူရေးခဲ့သည့်အတိုင်း ညိုဝင်းမောင်သည် ညိုဝင်းမောင် မဟုတ်တော့။

ဘဝချင်း ခြားသွားပြီဖြစ်၏။

ဖားလိုလို ငါးလိုလို သတ္တဝါဆန်းကြီးတစ်ကောင် ဖြစ်နေလေ၏။

ကျွန်ုပ်၏ ရင်တွင်း၌ ဆက်လက်၍ အံ့သြခြင်း၊ စိတ်မကောင်း ကြီးစွာဖြစ်ရခြင်း၊ ဝမ်းနည်းယူကျုံးမရ ဖြစ်မိခြင်း ဝေဒနာတို့သည် အဆက်မပြတ် တရစပ် ဖြစ်ပေါ်၍ နေလေတော့၏။

"ဖြစ်ရလေ သူငယ်ချင်းရာ၊ မင်း....မင်း ဒီဘဝကို ဘယ်လို အဖြစ်ဆိုးတွေနဲ့ကြုံပြီး ရောက်ခဲ့ရတာလဲကွာ"

ကျွန်ုပ်၏ရင်ထဲတွင် ဆို့နင့် ကြေကွဲနေ၏။

သူ့ကိုမေးလိုက်သည့် မေးခွန်း စကားသံများသည် တုန်ယင် လှိုက်လှဲလျက် ရှိ၏။

ကျွန်ုပ်သည် ယောက်ျားကြီးတန်မဲ့ ငိုချင်စိတ်များပင် ပေါ်ပေါက်နေလေ၏။

မငိုမိအောင် မနည်းကြီး သတိထားနေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရှေ့တွင်ရောက်နေသော ကြောက်ရွံ့ဖွယ်ကောင်းသည့် သတ္တဝါဆန်းကြီးတစ်ကောင်မှာ တစ်ချိန်က ကျွန်ုပ်နှင့်အတူ တက္ကသိုလ်တွင် အတူတက်ခဲ့ဖူးသည့် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့ပါသည်ဟု ဆိုလျှင် မည်သူတစ်စုံတစ်ယောက်မျှ ယုံကြည်လက်ခံလိမ့်မည် မဟုတ်ပါချေ။

ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် ကြုံတွေ့နေရသည့်အဖြစ်အပျက်များသည် အမှန်တကယ်ဖြစ်ပျက်နေခြင်းမဟုတ်ဘဲ အိပ်မက်မက်နေသလိုပင် ခံစားနေရလေသည်။

အိပ်မက်တစ်ခုသာဖြစ်လိုက်ပါတော့ဟူ၍လည်း ကျိတ်၍ ဆုတောင်းမိ၏။

သို့သော် ကျွန်ုပ်ဖြစ်စေချင်သလို ဘယ်လိုမျှဖြစ်လာချေ။

"ပြောစမ်းပါဦး သူငယ်ချင်းရယ်၊ မင်း.... မင်း ဒီလို ဘဝဆိုးကြီးမျိုးကို ဘယ်လိုများရောက်ခဲ့ရတာလဲကွာ၊ ကိုယ့်ကို ပြောပြစမ်းပါဦး"

ညို့ဝင်းမောင်သည် မတ်တတ် ရပ်နေရာမှ နေရာတွင် ပြန်ထိုင်ချလိုက်၏။

ပြီးနောက် စားပွဲပေါ်တွင်တင်ထားသည့် ဘီယာသံဘူးကို ကောက်ယူလျက် ရေသောက်သလို တဂွပ်ဂွပ် သောက်



ရင်း တစ်ဘူးလုံးပြောင်သလင်းခါသွားမှပင် ဘူးခွံကို သမံတလင်းပေါ်သို့ ပစ်ချလိုက်လေ၏။

"ဂလောင်....ဂလောင်....ဂလောင်"

သံဘူးကလေး ကြမ်းပြင်ပေါ်တွင် လိမ့်ဆင်းသွားသည့် အသံသည် ကျွန်ုပ်နားထဲတွင် ဖုံးတစ်လုံး အနားတွင်ကပ်၍ ခွဲလိုက်သကဲ့သို့ပင် ကျယ်ကျယ်လောင်လောင်ကြီး ကြားရလေသည်။

ဘီယာတစ်ဘူးလုံး ကုန်အောင် သောက်ပြီးသောအခါ ညို့ဝင်းမောင်သည် စီးကရက်ဘူးကို ကောက်ယူကာ စီးကရက်တစ်လိပ်ကို ထုတ်ယူ ဖွာရှိုက်နေပြန်သည်။

သူ စီးကရက်သောက်သည့် ပုံစံမှာလည်း အများသူငါ သောက်သကဲ့သို့ ဖြည်းဖြည်းချင်း ရှိုက်ဖွာပုံမျိုး မဟုတ်ဘဲ ရှိုက်ခနဲ ကုန်သွားစေသည်။

စီးကရက်သည် အချိန်အနည်းငယ်အတွင်းမှာပင် ဖင်စီခံအထိ ကျသွားကာ ပြာခံခွက် အတွင်းသို့ ထိုးချေလိုက်လေ၏။

ထို့နောက် ညို့ဝင်းမောင်သည် သက်ပြင်း ဟာစ် ချက် ချလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ရှေ့ကနေ ဓမောင်ရင်ကြောက်လန့်ပြီး ထွက်ပြေးမသွားတာကိုပဲ ကိုယ်က ကျေးဇူးတင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ အဲဒီလို ထွက်ပြေးမသွားစေချင်လို့လဲ ခုလို မောင်ရင် ချက်ချင်းမမြင်ရအောင် ဖုံးကွယ်ပြီးနေနေရတာပေါ့"

"ဘာဖြစ်လို့ထွက်ပြေးရမှာလဲ သူငယ်ချင်းရယ်၊ မောင်ရင်ဟာ ကိုယ့်ရဲ့သူငယ်ချင်း ညို့ဝင်းမောင်ဆိုတာ အသေအချာ သိထားပြီးပြီပဲ"

"ကိုယ်မဟုတ်ဘဲ ဒီပုံစံကြီးနဲ့ အမှတ်တမဲ့တွေ့လိုက်ရရင် မောင်ရင် ဘယ်လို ခံစားရမလဲ"

ကျွန်ုပ်သည် ညို့ဝင်းမောင်၏မေးခွန်းကို ချက်ချင်း ပြန်မဖြေနိုင်သေးဘဲ အားတုံ့အားနာ ဖြစ်နေမိ၏။

"ပြောစမ်းပါ သူငယ်ချင်းရယ်၊ မင်း ထွက်ပြေးမှာပဲ မဟုတ်လား၊ ဒါ သဘာဝကျပါတယ်၊ ကိုယ်ဟာ လူ တစ်ယောက်ရဲ့ ပုံသဏ္ဍာန်မျိုးမှ မဟုတ်တော့တာဘဲ သူငယ်ချင်းရယ်၊ ဘယ်သူက ကိုယ့်ကို လူတစ်ယောက်ရယ်လို့ သတ်မှတ်နိုင်တော့မှာလဲ"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိလေတော့သည်။

"မောင်ရင် ဒီလိုဘဝမျိုး ဘယ်လိုကနေဘယ်လို ရောက်လာတယ်ဆိုတာ ကိုယ် သိပ်ပြီးသိချင်တယ် သူငယ်ချင်း"

"မောင်ရင် သိမ်ပြီး သိချင်နေသလို ကိုယ်ကလဲ သိပ်ပြီး ပြောပြချင်နေပါတယ်ကွာ"



ဤသို့ အားဖြင့် မကြာခင်အချိန်အတွင်းမှာပင် သတ္တဝါကြီး တစ်ဖြစ်လဲ ညို့ဝင်းမောင်သည် သူ့ဘဝ ဖြစ်ကြောင်းကုန်စင်ကို လိပ်ပိုပတ်လည်အောင် ပြန်လည်၍ ပြောပြလေတော့၏။

ကျွန်ုပ်မှာလည်း သူ၏ပြောပြချက်တို့ကို တအံ့တဩ ရင်သပ်ရှုမော နားထောင်ရလေတော့၏။

"ဒီလို သူငယ်ချင်းရ"

www.burmeseclassic.com

## အခန်း (၉)

### ဝင်လယ်ခရီး စထင်ပြီ

သူငယ်ချင်းဖြစ်သူကျော်မြင့် အသတ်ခံရပြီးသည့်နောက် လူသတ်တရားခံ မြအုဦးသည် ညို့ဝင်းမောင်ဘက်သို့ လှည့်လာလေ၏။

သည့်အတွက် ညို့ဝင်းမောင်သည် လွန်စွာ ထိတ်လန့်သွားခဲ့၏။

ကျော်မြင့် ရင်ဝတွင်'တန်းလန်းစိုက်နေသောဓားမြှောင်အရိုးတွင် အန်-ဒဗလျူ-အမ် ဟူသော စာလုံးသုံးလုံးပါနေသဖြင့် သူ့ကို မကြာခင် လာရောက် ဖမ်းဆီးကြတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ဟူသော သတင်းရပြီး မကြာခင် နာရီပိုင်းအတွင်းမှာပင် ညိုဝင်းမောင်သည် ခြေဦးတည့်ရာသို့ ပြေးလွှားခဲ့ရတော့သည်။

အဆင်ပြေလျှင်ပြေသလို ရထားတစ်တန်၊ ကားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် ရန်ကုန်မြို့နှင့် အဝေးဆုံး နေရာသို့ ပြေးလေခဲ့၏။

ထိုကဲ့သို့ အဝေးဆုံးခရီးနှင်ခဲ့ရာမှ မြန်မာပြည်၏ တောင်ဘက် အစွန်အဖျားကျသော မြိတ်ကျွန်းစုများအထိသို့တိုင် ရောက်ခဲ့ရလေ၏။

ထိုကဲ့သို့ ခရီးဆန့်ခဲ့ရာ မြိတ်ခရိုင်အတွင်းရှိ ရွာကလေးတစ်ရွာ၏ စားသောက်ဆိုင်ကလေး တစ်ခုတွင် မမျှော်လင့်ဘဲ လူတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ရလေ၏။

"ဪ....ခင်ဗျားနာမည်က ကိုဖြူလေးတဲ့လား၊ ကျွန်တော့် နာမည်က ဒေးပစ်တဲ့ဗျ"

ညိုဝင်းမောင်သည် ဝရမ်းပြေး တစ်ယောက် ဖြစ်နေသောကြောင့် သူ့နာမည်ရင်းကို မသုံးရဲချေ။

သို့ဖြစ်၍ စဉ်းစားမိ စဉ်းစားရာ ကိုဖြူလေး ဟူသော နာမည်အသစ်ကို သုံးခဲ့ခြင်း ဖြစ်၏။



ဒေးပစ်ဟု ခေါ်သော သူမှာ နွတ်ခမ်းမွေးသဲ့သဲ့၊ အသားအရောင်မှာ ညိုမည်းမည်း ဖြစ်လေ၏။

အနောက်တိုင်း အမည်ဆန်ဆန် ဒေးပစ်ဟု မှည့်ခေါ်ထားသော်လည်း အမှန်စင်စစ် သူ၏မျိုးရိုးမှာ ဆလုံလူမျိုး ဖြစ်၏။

ဆလုံလူမျိုးပီပီ တုတ်ခိုင်သန်စွမ်း၏။ အရပ်အမောင်းလည်း ကောင်း၏။

ရင်အုပ်ကျယ်ကြီးဖြင့် ယောကျ်ားပီသသူ တစ်ယောက်ပုံစံမျိုး ဖြစ်၏။ ရေကြောင်းလည်း အလွန်ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ကြောင်း သိခွင့်ရခဲ့၏။

"စဉ်းစားရရင်တော့ ပင်လယ်သမုဒ္ဒရာထဲမှာ ပွဲပေါက်တိုးစရာတွေ တစ်ပုံတစ်ပင်ကြီးပဲဗျ ကိုဖြူလေးရ"

ဒေးပစ်က အားပေါင်အာရင်းသန်သန်ဖြင့် ပြောလေသည်။

"ပင်လယ်သမုဒ္ဒရာထဲမှာ ပွဲပေါက်တိုးစရာတွေ တစ်ပုံကြီး ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ၊ သမုဒ္ဒရာကြမ်းပြင်အောက် ဆင်းငုပ်ပြီး သဘော်ာပျက်တွေ၊ လှေပျက်တွေထဲက ရတနာပစ္စည်းတွေ ဘာတွေ ရှာရမှာလား၊ ဒါတော့ မလုပ်နဲ့ဗျို့၊ ကျုပ်က ခင်ဗျားတို့ ဆလုံလူမျိုးတွေလို ရေငုပ်ကျွမ်းကျင်တာ မဟုတ်ဘူး၊ ရေကူးတတ်ရုံ ကူးတတ်တာဗျ"

ဒေးဗစ်က ခေါင်းကို သွက်သွက် ယမ်းခါလိုက်လေသည်။

"ကြံကြီးစည်ရာ ကိုဖြူလေးရာ၊ ခင်ဗျားကို ရေမငုပ်ခိုင်းပါဘူးဗျာ၊ ပင်လယ်သမုဒ္ဒရာလို့ ပြောလိုက်ပေမယ့် ခင်ဗျားပြောသလို ရေအောက်ကြမ်းပြင်ထဲ ဆင်းရှာရမယ့် ကိစ္စမျိုးကို ပြောတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်လိုနည်းလမ်းလဲ"

"ပွဲပေါက်တိုးစရာက ကျွန်တော်တို့ မြိတ်ကျွန်းစုတွေမှာတင် ရှိနေပါတယ် ကိုဖြူလေးရာ"

"တကယ်ပြောတာလား ဒေးဗစ်"

"ခင်ဗျားကို နောက်တီးနောက်တောက်စကား ပြောရအောင် ဘာ့အကျိုးအမြတ်ရှိမှာမို့လို့လဲ၊ နည်းလမ်း တကယ်ရှိလို့ ပြောနေတာပေါ့"



"ချမ်းသာမယ်ဆိုရင်တော့အရင်းစိုက်ရမှာပေါ့ ဒေးဗစ်ရယ်၊ ခင်ဗျားရဲ့ ပွဲပေါက်ကရော သေချာရဲ့လား"

"ဘာဖြစ်လို့ မသေချာရမှာလဲ၊ သေချာပါတယ် ကိုဖြူလေးရယ်၊ ဒေးဗစ်တို့က မပိုင်ရင် ဂလိုင်တောင် မခေါက်ဘူး"

ဒေးဗစ်က ဟန်ပါပါဖြင့် ပြောလိုက်၏။

"ဒါဖြင့်ရင် ပြောစမ်းပါဦးဗျာ၊ ဘာလုပ်ရမှာလဲ"

ဒေးဗစ်က ခေါင်းတဆတ်ဆတ် ညိတ်၏။

"ပထမဆုံး အရေးတကြီးလုပ်ရမှာက ကိုယ်ပိုင် စက်လှေ တစ်စီး ဝယ်ရမယ်ဗျ"

"ဟုတ်ပြီ၊ ဝယ်ပြီတဲ့ကွာ၊ ဘာဆက်လုပ်ကြမှာလဲ"

"ဝယ်ပြီးရင် ပင်လယ်ပြင်ထဲက ကျွန်းတွေပေါ်မှာ ရတနာသိုက် ရှာကြမယ်"

"ရတနာသိုက်ရှာကြမယ် ဟုတ်လား၊ အဲဒီကိစ္စမျိုးက သေချာ့ရဲ့လား ဒေးဗစ်ရယ်"

"ကျုပ် အနှစ်နှစ်အလလက စုဆောင်းခဲ့တဲ့ အထုပ်အလက်တွေ အများကြီးရှိပါတယ် ကိုဖြူလေးရယ်၊ ဒီပွဲပါနဲ့၊ တစ်နေရာမဖြစ် တစ်နေ့ရာ ဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ လက်တွဲရင် ဖြစ်နိုင်ပါတယ်"

"တစ်ခုတော့ရှိတယ် ကိုဖြူလေး၊ ဒီလို ပင်လယ်ပြင်ခရီးကို ထွက်တဲ့အခါမှာ အသက်ကိုရင်းပြီး ထွက်ရမယ်...."

"ကံကောင်းလို့ ပွပေါက်တိုးခဲ့ရင်တော့ အချိုးကျခွဲဝေယူကြတာပေါ့ဗျာ၊ ခင်ဗျားက စက်လှေရင်းတဲ့လူဆိုတော့ ပိုပြီးယူပေါ့နော"

"ဒါတွေပြောမနေပါနဲ့ဗျာ၊ အကျိုးအမြတ် ဟုတ်ဟုတ်ငြားငြား ရပြီဆိုရင်တော့ ကျုပ်လဲ ခင်ဗျားထက်ပိုပြီး မယူပါဘူး၊ တစ်ဝက်စီပဲ ယူပါ့မယ်ဗျာ"

"ကျေနပ်ပြီလေ၊ ဒါဆိုရင်တော့ စိန်လိုက် ကိုဖြူလေး"

ဤသို့ဖြင့် ညိုဝင်းမောင်နှင့် ဒေးဗစ်တို့သည် ကောင်းမွန် ခိုင်ခံ့သော လှေတစ်စီးကို ရွေးချယ်ဝယ်ယူကြလေ၏။

ကံကောင်းထောက်မသောကြောင့် အတန်အသင့် သစ်လွင် နေသေးသော ရက်လှေတစ်စီးကို အဖိုးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိခဲ့ကြလေ၏။



စက်လှေပိုင်ရှင်သည် ငွေကိုအလောသုံးဆယ် လိုအပ်နေသဖြင့် လင်သေ ကျေးပူဟူသော မြန်မာစကားကဲ့သို့ပင် လျှော့ဈေးဖြင့် ရောင်းလိုက်ခြင်းဖြစ်၏။

နောက် နှစ်ရက်သုံးရက်အကြာတွင် ဒေးဗစ်က မျက်စိမျက်နှာပျက်ဖြင့် ညိုဝင်းမောင်ကို သူတို့ အနှုပ်ချခံလိုက်ရကြောင်း ပြောပြလေတော့၏။

"ကျုပ်တို့ စက်လှေဝယ်ဘာ လောသွားတယ်ဗျာ"

"ဘာဖြစ်လို့လဲ ဒေးဗစ်ရဲ့၊ မြန်မြန်ခရီးထွက်လေ မြန်မြန်ခရီးပေါက်လေပေါ့ဗျာ၊ ဘာဖြစ်လို့ လောရမှာတုံး"

"ခရီးထွက်တာကို လောတာမဟုတ်ဘူးဗျ၊ စက်လှေကို သေသေချာချာ မစုံစမ်းဘဲဝယ်မိလို့ ပြောတာဗျ"

"မောင်ရင် ဘာသတင်းတွေ ကြားခဲ့လို့လဲ"

"ဈေးထဲရောက်မှ သတင်းစုံကြားခဲ့ရတာဗျ၊ ဒီစက်လှေပိုင်ရှင်က ခဏခဏပြောင်းတဲ့ စက်လှေတဲ့ဗျ"

"ဘာဖြစ်လို့လဲ"

"ခိုက်တတ်လို့တဲ့"

"ဘာ[illegible]တယ် ဟုတ်လား"

www.burmeseclassic.com



"ဟုတ်တယ်"

"ခိုက်တယ်ဆိုတာ ဘာကိုပြောတာလဲ"

ညို့ဝင်းမောင်က မေးခွန်းပြန်ထုတ်လိုက်၏။

"ဟာဗျာ ကိုဖြူလေးကလဲ၊ ခိုက်တယ်ဆိုတာ ဘာရမှာလဲ၊ မကောင်းဘူးပေါ့ဗျာ၊ အဲဒီစက်လှေကို ဝယ်ပြီးအသုံးပြုတဲ့ လူတိုင်းဟာ တစ်နည်းမဟုတ်ရင် တစ်နည်းနဲ့ ဒုက္ခရောက်တာချည်းပဲတဲ့"

"ဟုတ်လား"

"ဟုတ်တယ်၊ အခုဆိုရင် ပိုင်ရှင်ရှစ်ဆက် ပြောင်းသွားပြီတဲ့"

"နေစမ်းပါဦး ဒေးဗစ်ရဲ့၊ ဘယ်လိုခိုက်တာမျိုးလဲ"

"ဒီလိုဗျာ၊ ဒီစက်လှေပိုင်ရှင်တွေဟာ ဝယ်ပြီးမကြာခင်မှာ တစ်နည်းနည်း ဒုက္ခတွေ့ရကယ်တဲ့ဗျ၊ ဖျားနာပြီး သေချင်သေ၊ ဒါမှမဟုတ် စီးပွားလျှော့ချင်လျှော့တစ်နည်းနည်းနဲ့ ဒုက္ခမရောက်မဖြစ် ရောက်ကြတာတဲ့ဗျ"

ညို့ဝင်းမောင်က ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

"အင်း....ဒါကြောင့်လဲ ကျုပ်တို့ကို ဈေးပေါပေါနဲ့ ထိုးရောင်းလိုက်တာကိုး"



"ဟုတ်တယ် ကိုဖြူလေး၊ ဘယ်လိုလုပ်ကြမလဲ"

"ခုခါကျမှတော့ ဘာလုပ်စရာလိုတော့လို့လဲ ဒေးဗစ်ရာ၊ ခရီးထွက်ကြရုံပဲ ရှိတော့တာပေါ့၊ ကျုပ်ကတော့ လုပ်မယ့်အလုပ်တစ်ခုကို နောက်မဆုတ်ချင်ဘူးဗျာ....

"ကျုပ်ကြိုက်တဲ့ ကောင်မလေးတစ်ယောက်ကိုတောင် ရည်းစားစာအစောင် ငါးဆယ်လောက်အထိ ပေးလာတဲ့ကောင်ဗျ၊ ဗွဲဘယ်လောက်ကြီးတယ် မှတ်သလဲ"

"နေစမ်းပါဦး ကိုဖြူလေးရယ်၊ အဲဒီကောင်မလေးက ခင်ဗျားကို ပြန်ကြိုက်ရဲ့လား"

ဒေးဗစ်၏အမေးကို ညို့ဝင်းမောင်က ခေါင်းယမ်းခါပြလိုက်၏။

"ဟာဗျာ....ကိုဖြူလေးကလဲ၊ စာအစောင် ငါးဆယ်လောက်ပေးတာတောင် ချစ်တုံ့မပြန်ဘူးလား"

"ပြန်ချစ်တာ မချစ်တာက သူ့အလုပ်ပဲဗျာ၊ ဗွဲကောင်းကောင်းနဲ့ ကြိုးစားရမှာက ကျုပ်အလုပ်ပဲဗျ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရင် ကျုပ်တို့ ခရီးထွက်ဖို့ စိစဉ်ကြမယ်ဗျာ၊ ဒိုက်တာတွေ မဒိုက်တာတွေ ဘေးချိတ်ထားလိုက်တော့၊ လောကကြီးမှာ သေရုံအပြင် ပိုဆိုးတဲ့အကြောင်းတရား မရှိပါဘူး"

"ခင်ဗျားက သေမှာမကြောက်ဘူးလား ကိုဖြူလေး"

ညို့ဝင်းမောင်က ခေါင်းကို သွက်သွက်ယမ်းခါလိုက်၏။

"ဘာဖြစ်လို့ ကြောက်ရမှာလဲဗျာ၊ သေတာတာ တကယ်တော့ ကြောက်စရာမကောင်းပါဘူးဗျာ၊ နေနေရတဲ့ကာလမှာ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဖြစ်ရတာ၊ အားကိုးရမဲ့ ဖြစ်ရတာ၊ အနိုင်အထက်ခံရတာတွေကမှ ကြောက်စရာကောင်းတာဗျ....

"သေတယ်ဆိုတာ ဘဝတစ်ခုမှာ နေဖို့တာဝန်ကုန်ဆုံးသွားလို့ တခြားဘဝတစ်ခုခုကို ပြောင်းသွားရတာပဲ"

"အင်း....ခင်ဗျားပြောတာ ဟုတ်သလိုလိုပဲ"

"ဟုတ်သလိုလိုပဲ မပြောနဲ့ဒေးဗစ်၊ ကျုပ်ပြောတာတွေဟာ ဟုတ်ကိုဟုတ်တယ်ဗျ၊ ဘဝဟာ ဇာတ်ခုံကြီးတစ်ခုပဲ၊ နားလည်ရင် သေချင်းဆိုတာ အခန်းတစ်ခုကနေ တစ်ခုကူးပြောင်းတဲ့ ကားလိပ်တစ်ခုလိုပဲ၊ ခဏချတာဗျ....



"ပြီးတော့ အဲဒီကားလိပ် ပြန်တင်လိုက်ရင် နောက်အခန်းတစ်ခန်း ပြောင်းသွားရော မဟုတ်လား....

"ဒါလောက်ပါပဲ၊ ကားလိပ်တစ်ခု အချနဲ့ပြန်အတင်လောက်ပဲ ခြားနားတာပါဗျ၊ သိပ်ကြောက်စရာ ကိစ္စမဟုတ်ပါဘူး"

"ဟုတ်သလိုလိုပဲ"

"လာပြန်ပြီလား ဒေးဗစ်ရ၊ ဒီဟုတ်သလိုလိုကြီး"

"ဟုတ်တယ်လေ ကိုဖြူလေးရ၊ ကျုပ်မှ မသေဖူးသေးတော့ ခင်ဗျားပြောတာ ဟုတ်သလိုလို ခံစားရတာပေါ့"

"ဘာဗျ၊ မသေဖူးသေးဘူး ဟုတ်လား၊ ဟား ဟား ဟား ဟား"

ညို့ဝင်းမောင်က ဒေးဗစ်၏စကားကို လူရွှင်တော်တစ်ယောက်၏ ပြက်လုံးသဖွယ် တဟားဟား ရယ်ချလိုက်သောကြောင့် ဒေးဗစ်ခမျာ ကြောင်အမ်းအမ်း ဖြစ်သွားရှာလေ၏။

"ဘာလို့ရယ်တာလဲ ကိုဖြူလေး"

"ခင်ဗျားက မသေဖူးသေးဘူးပြောလို့ ရယ်တာဗျ"

"ဟုတ်တယ်လေဗျာ၊ သေမှမသေဖူးသေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"သေဖူးပါတယ်ဗျာ၊ ခင်ဗျားက အဲဒီသေဖူးတဲ့ကိစ္စကို သေသေချာချာ အမှတ်မရလို့ဗျ၊ သေဖူးတာမှ တစ်ကြိမ်တည်းမဟုတ်ဘူး၊ အကြိမ်ကြိမ် အခါခါ မရေမတွက်နိုင်အောင် သေဖူးတာ....

"ပြောရမယ်ဆိုရင် ခင်ဗျားရပ်နေတဲ့ ခင်ဗျားရဲ့ ခြေထောက် နှစ်ချောင်းအောက်က မြေကြီးထဲမှာ ခင်ဗျားရဲ့ အလောင်းကို မြှုပ်ခဲ့ဖူးတဲ့ ဘဝရှိချင်ရှိနေမှာ၊ နားလည်လား"

ဒေးဗစ်က ညို၊ဝင်းမောင်၏ စကားကြောင့် ပခုံးနှစ်ဖက်ကို တွန့်လိုက်၏။

"ကဲပါ ဖြူလေးရယ်၊ ဦးနှောက်ခြောက်စရာ စကားတွေ ပြောမနေပါနဲ့တော့၊ ခရီးထွက်မယ်ဆိုရင်လဲ ခရီးထွက်ဖို့ ပြင်ဆင်ကြရအောင်"

"ကောင်းပြီလေ"

ဤသို့အားဖြင့် ညို၊ဝင်းမောင်နှင့်ဒေးဗစ်တို့ နှစ်ဦးသားသည် ခရီးထွက်ရန် လိုအပ်သည့် အသုံးအဆောင် ပစ္စည်းများ၊ စားနပ်ရိက္ခာခြောက်များကို ဝယ်ယူစုဆောင်းကြရလေတော့၏။



ရက်ရှည်ထွက်ရမည့်ခရီး ဖြစ်သောကြောင့် လိုအပ်သည့် ပစ္စည်းများ မမေ့မကျန် ရလေအောင် ညို၊ဝင်းမောင်က စာရင်း အတိအကျ ပြုစုပြီးမှ ဝယ်ယူကြရလေ၏။

တစ်ပတ်ခန့်မျှ မနားမနေ ဝယ်ယူလိုက်ကြမှပင် ညို၊ဝင်းမောင် ရေးထားသည့်စာရင်းကို ကုန်စင်အောင် ဝယ်ယူစုဆောင်းနိုင်လေတော့၏။

ပစ္စည်းပစ္စယများ စုံလင်၍ ရာသီဥတု ကြည်လင်သော နေ့တစ်နေ့တွင် ပင်လယ်ခရီးကို စတင်ခဲ့ကြလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

### ဆူဧဒ္ဒေးအွဲ့ခံ၍ ရနိုင်ဝရီငြည်ထား

ရက်ပေါင်း အတော်ကြာအောင် ခရီး ထွက်ခဲ့ကြပြီး ကျွန်းစုများ ပေါ်တွင် တစ်ကျွန်းဝင်၊ တစ်ကျွန်းထွက်ဖြင့် ရှာဖွေလှည့်လည်ခဲ့ကြသော်လည်း ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရဘဲ လက်ချည်းသက်သက် ပြန်လှည့် ထွက်ခွာခဲ့ရ သည်သာ များလေ၏။

"ရက်တွေတောင်ကြာပြီ ဒေးဗစ်၊ ဘာမှလဲ မထူးခြား သေးပါလား"

"လူရောက်ဖူးတဲ့ ကျွန်းတွေပေါ်မှာ ထူးခြားတာမတွေ့ ရင်လဲ လူမရောက်ဖူးသေးတဲ့ ကျွန်းတွေပေါ်မှာ ထူးခြား တာ တွေ့နိုင်ပါတယ် ကိုဖြူလေး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း….ဘာကို ဆိုလိုတာလဲ ဒေးဗစ်"

"ကျုပ် အဘိုး ပြောပြဖူးတာက ဟောဒီ မြိတ်ကျွန်းစု တွေထဲမှာ လူ အရောက်အပေါက်နည်းတဲ့ ကျွန်းကြီး တစ်ကျွန်း ရှိတယ်တဲ့၊ အဲဒီ ကျွန်းကြီးပေါ်မှာ မုတ်ကောင်တွေ အများကြီး ရှိတယ်တဲ့"

"မုတ်ကောင်တွေ ဟုတ်လား"

"ဟုတ်တယ် ကိုဖြူလေး"

"ဟား ဟား ဟား"

"ဘာရယ်တာလဲဗျ"

"မုတ်ကောင်တွေ အများကြီးရှိတယ် ဆိုလို့ ရယ်တာ လေကွ၊ မုတ်ကောင်တွေကိုဖမ်းပြီး စည်သွတ်ဘူး လုပ်ရမှာ လား"

"မဟုတ်ဘူးလေ"

"ဒါဖြင့်ရင် ဘာလုပ်ရမှာလဲ"

"ဟာ….ကိုဖြူလေး ကလဲ တယ်ပြီး တုံးသေးတာကိုးဗျ၊ မုတ်ကောင်တွေဟာ ပုလဲကိုဖန်တီးတဲ့ ပုလဲဖန်တီးရှင်တွေ လေဗျာ၊ မသိဘူးလား"



"ဟော….ဪ၊ အင်း ဟုတ်သားပဲ"

"ဟုတ်သားပဲ လုပ်မနေနဲ့ဗျို့၊ အဲဒီ မုတ်ကောင်တွေ ရှိတဲ့ ကျွန်းမှာ ပုလဲတွေ အများကြီး ရှိတတ်သတဲ့ဗျာ"

"ဟုတ်မယ်"

"အဲဒီ ပုလဲကျွန်းကိုသာ ကျုပ်တို့ ရှာတွေ့ရင် မီးလျှံနှာ တောင် မဟုတ်ဘူး၊ ဘီလျံနာတွေ ဖြစ်မှာဗျ၊ တကယ့်ကို အချမ်းသာဆုံး စာရင်းဝင်တွေ ဖြစ်မှာ"

ဒေးဗစ်စကားကြောင့် ညိုဝင်းမောင်မှာ လွန်စွာ အားတက်သွားလေ၏။

ဒေးဗစ် ပြောသည့် ပုလဲကျွန်းကို ရောက်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာကြ၏။

စိတ်သည် လွန်စွာ ဆန်းကြယ်၏။

ဆန်းကြယ်သော စိတ်၏ တောင့်တချက် များကြောင့် ညိုဝင်းမောင်နှင့် ဒေးဗစ် တို့သည် ဆန်းကြယ်သော ကျွန်း ကြီး၊ တစ်ကျွန်းသို့ တစ်နေ့၌ ဆိုက်ရောက် သွားကြလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျွန်းကြီးဟာ တော်တော်တော့ ကြီးတယ် ဒေးဗစ်၊ ဒါပေမယ့် ဟောဒီ အသေးစိတ် မြေပုံထဲမှာ လုံးဝမပါဘူးကွ၊ တချို့ သမုဒ္ဒရာထဲက ကျွန်းကြီးတွေဟာ တစ်ခါတလေ ရေအောက်ထဲကို ရောက်ရောက်သွားတတ်လို့ပဲကွ"

"ဟုတ်လား၊ ရေမြုပ်သွားတဲ့ ကျွန်းမျိုးဆိုရင်တော့ ပွတာပဲ ကိုဖြူလေး၊ ကျွန်တော် အတိုးပြောတဲ့ ပုလဲကျွန်းဆိုတာကလဲ ရေအောက်ထဲ မြုပ်မြုပ်နေတတ်လို့ လူတွေ သိပ်မတွေ့တဲ့ ဆန်းကြယ်တဲ့ကျွန်းတစ်မျိုးလို့ ပြောတာပဲ"

"ဒါဆိုရင် ဒီကျွန်းဟာ ပုလဲကျွန်းဖြစ်နိုင်တယ်"

အချို့သော ဆန်းကြယ်သည့် ကျွန်းတချို့သည် သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်တွင် နှစ်အတန်ကြာအောင် မြုပ်နေလိုက်၊ ပေါ်လာလိုက် ရှိတတ်ကြ၏။

သို့ကြောင့်လည်း အသေးစိတ်မြေပုံထဲတွင် မပါဝင်နိုင်ခြင်း ဖြစ်၏။

ကျွန်းကြီး ရေမြုပ်ချိန်နှင့် မှတ်တမ်းတင်ခဲ့တတ်ပုံ ရိုက်ယူချိန် နှင့်တိုက်ဆိုင်နေသော အခါမျိုးတွင် မြေပုံ၌ မည်သို့မျှ ပါဝင်ထင်ပေါ်နိုင်မည် မဟုတ်ချေ။



ညိုဝင်းမောင်တို့ ရောက်သွားသော မြေပုံထဲက မပါသော ကျွန်းကြီးသည် စာဖွဲ့လောက်အောင်ပင် လှပ်စွာ သာယာလှပလေ၏။

အုန်းပင်များ ပေါများ၍ သီးပင်စားပင်များလည်း ရှိ၏။ သားငါးများလည်း ဖမ်းရလွယ်၏။

ညိုဝင်းမောင်တို့အတွက် အဆင်ပြေဆုံး ကိစ္စမှာ ကျွန်းကြီးပေါ်တွင် ရေချိုးကန်ကလေးများ ရှိနေခြင်းဖြစ်၏။

ပင်လယ်သမုဒ္ဒရာ ဆားငန်ရေများ ဝိုင်းရံနေသည့် ကျွန်းပေါ်တွင် ထိုကဲ့သို့ ရေချိုများ သုံးမကုန်စွဲမကုန် ရှိနေသည်မှာ လွန်စွာအဆင်ပြေ၍ အံ့ဩဖွယ်ရာလည်း ကောင်း၏။

ကျွန်းကြီးပေါ်တွင် ဟိုဟိုသည်သည် လျှောက်ကြည့်ရာမှ လွန်စွာ အဖိုးအနဂ္ဃ ထိုက်တန်လှသည့် ပုလဲလုံးကြီးများ အစုလိုက်အပုံလိုက် တွေ့ကြခြင်းပင် ဖြစ်လေ၏။

"ဟာ.... ဒီမှာ ကိုဖြူလေးရေ၊ ပုလဲတွေ အစုလိုက်အပုံလိုက် တွေ့ပြန်ပြီဗျို့"

"ဟာ....ဟုတ်ပါ့ ဒေးဗစ်ရာ၊ ဒီမှာလဲ မနည်းပါလား၊ တောင်ကမူလေးလိုတောင် ဖြစ်နေတယ်၊ ပုလဲတွေစုနေတာ ဗျ ဒေးဗစ်ရ"

www.burmeseclassic.com

www.burmeseclassic.com



ညိုဝင်းမောင်က ဝမ်းသာအားရ အော်၍ပြောလိုက်လေ၏။

ပင်လယ်တွင်းမှာရှိကြသော ဆီးရွဲလ် ခေါ် မုတ်ကောင်များသည် သူတို့၏ ခန္ဓာကိုယ်အတွင်းတွင် ကျောက်စရစ်ခဲ၊ အမှိုက်စသည့် ပစ္စည်းလေးများဝင်ရောက်သွားပါက အခံရခက်လှေ့ရှိကြ၏။

ခိုးလိုးခုလုဖြင့် အခံရခက်သောအခါ သူတို့သည် ထိုခဲ၊ အမှိုက်စသည်တို့ကို ချွဲပျစ်ပျစ် အရည်တစ်မျိုးဖြင့် ဖုံးလွှမ်းကာ အလုံးအခဲလေးများ ဖြစ်စေလိုက်သည်။

ထိုအလုံးအခဲလေးများ တဖြည်းဖြည်း ကြီးထွားလာကြသောအခါ နေမထိသိုင်မသာ ဖြစ်လာကြ၏။

အနေခက်လာကြသော မုတ်ကောင်များသည် နောက်ဆုံးတွင် သူတို့၏ ခန္ဓာကိုယ်ထဲတွင် ဖြစ်ပေါ်လာကြသော ပုလဲလုံးများကို ကိုယ်ထဲမှာ မထားနိုင်ကြတော့ဘဲ အန်၍ထုတ်ကြရ၏။

ထိုသို့ အန်ထုတ်ကြရာတွင် တစ်နေရာ၌ မကြာခဏ အန်ထုတ်လေ့ရှိကြသောကြောင့် တဖြည်းဖြည်းဖြင့် ပုလဲလုံးကလေးများ အများအပြား ဖြစ်လာကြလေ၏။



ထောင်သောင်း မကသော မုတ်ကောင် များက အန်ထုတ်လိုက်ကြသည့် ပုလဲလုံးများသည် လွန်စွာများပြားလာကြသောအခါ ကျွန်းကြီးအနှံ့ အပြားတွင် ပုလဲများ မြောက်မြားစွာ ဖြစ်ပေါ်လာကြလေတော့၏။

ထစ်ကျွန်းလုံး ပုလဲလုံးများဖြင့် တည်ဆောက်ထားသကဲ့သို့ပင် ဖြစ်လာခဲ့၏။

ထို့ကြောင့်လည်း ထိုကျွန်းကို ညိုဝင်းမောင်နှင့်ဒေးဗစ်တို့က ပုလဲကျွန်းဟု ခေါ်ခဲ့ကြခြင်းပင်ဖြစ်၏။

ပုလဲလုံးများဖြင့် အတိပြီးသော ကျွန်းကြီးမှာ ရာသီဥတု အခြေအနေအရပ်ရပ်ကြောင့် သဲနုန်းများဖြင့် ရောနှောကာ အခိုင်အမာဖြစ်၍လာ၏။

ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် ပုလဲလုံးများမရှိသော နေရာဟူ၍ မရှိအောင်ပင် များပြားလွန်းလှသည်။

"ကျုပ်တို့နှစ်ယောက်တော့ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး သူဌေးကြီးနှစ်ဦးဖြစ်ပြီ ဒေးဗစ်ရေ၊ ပွတာပဲဗျို့"

"မှန်တာပေါ့ ကိုဖြူလေးရယ်၊ ဗီလောက် များပြားတဲ့ ပုလဲရတနာတွေကို ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူတွေကများ ကျုပ်တို့လောက် ပိုင်ဆိုင်နိုင်ကြမှာတုံး...."

"ဟား ဟား ဟား"

ဒေးဗစ်က အားရဝမ်းသာ ပုံစံဖြင့် ဝမ်းသာအယ်လဲ ရယ်မောပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ကျွန်းကြီး တစ်ကျွန်းလုံး ပုလဲရတနာများဖြင့် ပြည့်နှက်နေပါသည်ဟု ဆိုလျှင် အလွယ်တကူပင် ယုံကြည်နိုင်ကြမည် မဟုတ်ချေ။

အမှန်တကယ်လည်း အိပ်မက်ကို တွေ့ရသလို မျိုးပင်ဖြစ်၏။

"ဒီကျွန်းကြီးကိုရောက်လာတာ ကျုပ်တို့အဖို့ အိပ်မက်မက်သလို ခံစားရတာ အမှန်ပဲ ကိုဖြူလေး၊ ကျုပ်တော့ ဒီကျွန်းကြီးကို အိပ်မက်ကျွန်းလို့တောင် နာမည်ပေးလိုက်ချင်တယ်ဗျာ"

"မောင်ရင့်ဘာသာ အိပ်မက်ကျွန်းပဲ ခေါ်ခေါ်၊ ပုလဲကျွန်းပဲ ခေါ်ခေါ်၊ ပါးလ်အိုင်လင်းပဲခေါ်ခေါ် ခေါ်တာက အရေးမဟုတ်ပါဘူး၊ အရေးကြီးတာက ဒီကျွန်းပေါ်မှာရှိသမျှ ပုလဲတွေအားလုံးကို ကျုပ်တို့ တစ်ယောက်တစ်ဝက်စီ ပိုင်တယ်နော်"

"ဟား ဟား ဟား"

ညိုဝင်းမောင် စကားအဆုံးတွင် ဒေးဗစ်က တဟားဟား အော်ဟစ် ရယ်မောလိုက်ပြန်သောကြောင့် ညိုဝင်းမောင် အံ့အားသင့်သွားပါ၏။

ပုလဲတွေ အများကြီး တွေ့ရသောကြောင့် သွေးဖျက်စိတ်ဖောက်ပြန် သွားလေပြီလော ဟူ၍လည်း စဉ်းစားမိ၏။



"ဘာဖြစ်လို့ရယ်ရတာလဲ ဒေးဗစ်၊ ကျုပ်ပြောတဲ့ထဲမှာ ရယ်စရာ မပါဘူး"

"ဘာလို့ ရယ်စရာ မပါရမှာလဲ၊ ဗီလောက် ယူလို့မကုန်နိုင်အောင် များပြားတဲ့ ပုလဲတွေကို တစ်ယောက်တစ်ဝက် လုပ်နေရသေးလားဗျာ၊ တစ်ကျွန်းလုံးမှာ ရှိတဲ့ ပုလဲတွေကို ခင်ဗျား တစ်ယောက်တည်း ယူနိုင်ရင်ယူပေါ့၊ ကျုပ်ကတော့ တစ်နိုင်ပဲယူပါမယ်ဗျာ"

"ကံပေးလို့ရတာ တစ်နိုင်တည်းယူလို့ ဘယ်ဖြစ်မလဲ၊ ယူလို့ရသလောက်တော့ ယူရမှာပေါ့ ဒေးဗစ်ရ"

သူတို့နှစ်ယောက် အချီအချ စကားပြောနေစဉ်မှာပင် နေလုံးကြီးသည် အနောက်ဂေါယာကျွန်းသို့ ယွန်းလျက် မှောင်ရိပ်များကျလာလေ၏။

"ကဲ....ကဲ....ဒေးဗစ်၊ မောင်ရင့်ဘာသာတစ်နိုင်ပဲယူယူ၊ နှစ်နိုင်ပဲယူယူ နေဝင်သွားပြီနော်၊ ညအိပ်ဖို့အစီအစဉ်လုပ်ကြရအောင်"

ပြောပြောဆိုဆို ညိုဝင်းမောင် တို့သည် ထိုညအဖို့ စတည်းချရန် နေရာကောင်းကိုရွေးချယ်ပြီး ရွက်ဖျင်တဲထိုးကြ၏။

တဲထိုးပြီးနောက် အမှောင်မှောင်လာပြီဖြစ်သောကြောင့် မီးပုံကြီးတစ်ပုံဖိုကြ၏။

မီးပုံဘေးတွင်ထိုင်ကာ ထိုညစာကိုချက်ပြုတ်စားသောက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကျန်သည့်ရိက္ခာများဖြစ်သော အသား စည်သွတ်ဘူးများ ကို ဖောက်၍စားကြ၏။

"ဒီဘူးကတော့ နောက်ဆုံး အသားဘူးပဲ ကိုဖြူလေး၊ မနက်ဖြန်တော့ စည်သွတ်ဘူးအားလုံး နိမ်းပြီ၊ လုံးဝ မရှိတော့ဘူး"

"စည်သွတ်ဘူးတွေမရှိတော့လဲ ဘာအရေးလဲ ဒေးဗစ်ရာ၊ ပင်လယ်ပြင်ကြီးတစ်ခုလုံး ရှိနေတာပဲ၊ စားစရာတွေပေါမှပေါ၊ ပူမနေစမ်းပါနဲ့"

"စားစရာကတော့ ပူစရာမလိုတာ မှန်ပါတယ် ကိုဖြူလေးရာ၊ ဒါပေမယ့် ပူစရာ အကြီးအကျယ် ရှိတယ်နော်"

"ဘာကိုလဲ"

"ဘာရမှာလဲ၊ ကျုပ်တို့စက်လှေ စက်ပျက်သွားပြီလေဗျာ၊ ညနေစောင်းက ကျုပ် ထပ်ပြီးနှိုးကြည့်တာ တုတ်တုတ်မလှုပ်တော့ဘူး၊ ခင်ဗျား စက်လေးဘာလေးပြင်ဖို့ စဉ်းစားဦး"

"ဘာကွ....ဒေးဗစ်ရ၊ ကျုပ်က စက်ပြင်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေဗျာ၊ ပြင်မှဖြစ်မှာပေါ့"

"နေပါဦး၊ မင်းက စက်မပြင်တတ်ဘူးလား ဒေးဗစ်ရဲ့"

ဒေးဗစ်က ခေါင်းကို သွက်သွက် ယမ်းခါလိုက်လေသည်။



"ဘာဖြစ်တယ်၊ မင်း မပြင်တတ်ဘူး ဟုတ်လား"

"အင်း"

"ဒါနဲ့များကွာ၊ ပင်လယ်ပြင်ထဲကို အကျအန မောင်းထွက်လာခဲ့ရတယ်လို့"

"ကျုပ်က ခင်ဗျားပြင်တတ်မယ် ထင်နေတာ"

"မြတ်စွာဘုရား....စက်ပြင်တတ်ဖို့ နေနေသာသာ မင်းစက်လှေကို ငါ ဘယ်နှစ်ခါမောင်းဖူးလို့လဲ၊ မင်းပဲ မောင်းလာတာ မဟုတ်လားမသိဘူး၊ ငါက မင်း မောင်းတတ်ရင် ပြင်တတ်မှာပဲ ထင်နေတာ၊ ခုတော့ မင်းဟာက မြင်းစီးလို့ အထိးမှန်း အမမှန်းမသိ ဖြစ်နေတာကိုး"

"ဟာဗျာ....စာဖတ်တတ်ပေမယ့် ရေးချင်မှ ရေးတတ်မှာပေါ့၊ ရေးတာက ပညာတစ်ခုလေဗျာ၊ ဒီလိုပဲ၊ ကျုပ်က စက်လှေမောင်းတတ်ပေမယ့် စက်လှေတော့ မပြင်တတ်ဘူး"

"ကောင်းကွာ၊ အေးလေ....ဘာပဲဖြစ်ဖြစ် စာဖတ်တတ်တဲ့ လူဟာ လုံးဝ မရေးတတ်ဘဲတော့ မရှိပါဘူးကွာ၊ အနည်းအကျဉ်းတော့ ရေးတတ် ဖတ်တတ်ပါတယ်၊ ဒီလိုပဲ၊ မင်းလဲ စက်လှေမောင်းတတ်နေမှတော့ နည်းနည်းတော့ ပြင်တတ်မှာပါ၊ မနက်ကျရင် ဘာတွေဖြစ်နေလဲ အမြန်ကြည့်ပေါ့၊ ငါလဲ ဝိုင်းပြင်ပေးမှာပေါ့ကွာ၊ သိပ်လဲ ပူမနေပါနဲ့"

www.burmeseclassic.com



ဤသို့ဖြင့် စက်လှေအဖျက်ပြင်ရန် ဆွေးနွေးမှု ရပ်ဆိုင်းပြီး နားနေအိပ်စက်ကြရန် ပြင်ဆင်ရပြန်လေတော့၏။

သူတို့နှစ်ဦးသားသည် ခြင်၊ မှက် စသည့် အင်းဆက်ပိုးမွှားများ၏အန္တရာယ် လွတ်ကင်းနိုင်ကြစေရန် အတွက် ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်ပြီး အိပ်စက်ကြလေတော့သည်။

ညို့ဝင်းမောင်သည် အိပ်ရာဝင်ခဲ့သော်လည်း တော်တော်နှင့် အိပ်မပျော်ချေ။

ပုလဲများ မြောက်မြားစွာ တွေ့ရှိရခြင်းအတွက် ပျော်ရွှင်ကျေနပ်မှုကို အတောမသတ်နိုင်အောင် ရှိရသည်။

ထိုအတွေးများ၏ နောက်ဆက်တွဲအတွေးသည်ကား ပျက်နေသော စက်လှေအကြောင်းပင် ဖြစ်ပါ၏။

စက်လှေပျက်ကို မည်သို့ပြင်ရမည်နည်း။

ကြိုးစား ပြင်ဆင်နိုင်သည် ဆိုပါစို့။

ပုလဲ အမြောက်အမြား တင်ဆောင်ပြီး မြို့သို့ တက်ကာ ပေါ်ပေါ်ထင်ထင် နေ၍ရပါမည်လား။

ဒေးဗစ်အတွက်ကတော့ ကိစ္စမရှိ။

ဒေးဗစ်က သူ့လိုဝရမ်းပြေးမဟုတ်။

ရရှိသည့်ပုလဲများကို ရောင်းချပြီး သူဌေးကလေးတွဲခံပြီး ခပ်တည်တည် နေနိုင်၏။



ညို့ဝင်းမောင်အတွက်မူ....

သူက စဉ်းစားရင်း သက်ပြင်းအကြိမ်ကြိမ်ချမိ၏။

ဝရမ်းပြေးတစ်ယောက်အနေနှင့် မည်ကဲ့သို့ ထင်ထင်ပေါ်ပေါ်နေ၍ရပါမည်နည်း။

အတွေးတွေ ထပ်တလဲလဲ ဖြစ်ပေါ်ရင်း မိုးလင်းခါနီးလောက် ကျမှပင် ညို့ဝင်းမောင် အိပ်ပျော်သွားခဲ့လေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

## စေတီသစ်ပေါ်ရှိသာဓ

နောက်နေ့ ရောက်သောအခါ ဒေးဗစ်သည် ကမ်းစပ်တွင်ဆိုက်ထားသောစက်လှေပေါ်သို့တက်၍တတ်သလောက်မှတ်သလောက် ပညာများဖြင့် စက်လှေကို ပြင်ဆင်နေလေတော့၏။

ညို့ဝင်းမောင်ကမူ ကျန်ရှိနေသေးသည့် ဆန်များဖြင့် ထမင်းချက်၏။

ဟင်းရန်အဖြစ် ကမ်းစပ်တွင် အများအပြား အလွယ်တကူ တွေ့ရသော မုတ်ကောင်များကို အခွံခွာ၍ ချက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းခတ် အမွှေးအကြိုင်များဖြင့် မုတ်ကောင်သားကို စား၍ကောင်းအောင် လက်ရာမြောက်စွာချက်သောကြောင့် စား၍ အလွန်ကောင်းလေ၏။

"ဟာ.... ကိုဖြူလေးရဲ့ မုတ်ကောင်ဟင်းက တယ်ပြီး အရသာရှိပါလားဗျ၊ တကယ့်ကို ဟိုတယ်ကချက်တဲ့ ဟင်းထက်တောင် ကောင်းလိမ့်ဦးမယ်"

"တကယ်ပြောတာလားကွ ဒေးဗစ်ရ"

"တကယ်ပေါ့ဗျ၊ ကျုပ်ဖြင့် ဒီလောက်ကောင်းတဲ့ ဟင်းမျိုး တစ်သက်နဲ့တစ်ကိုယ် မစားဘူးပေါင်ဗျာ၊ ကိုဖြူလေးကို ဒီလောက် ဟင်းချက်ကောင်းမယ်လို့ မထင်ခဲ့မိဘူး"

"ကျုပ် ဟင်းချက်ကောင်းတာက ဒီလောက် ဟုတ်မယ် မထင်ပါဘူးဒေးဗစ်ရာ၊ မုတ်ကောင်ရဲ့အသားကိုကနူးညံ့ပြီး ချိုနေတာပါ"

"ဘာပဲဖြစ်ဖြစ် တကယ့်ကိုစားကောင်းတာတော့ အသေအချာပဲဗျ"

"ဟုတ်ပြီလေ၊ နောက်နေ့ကျရင် ဒီထက်စားလို့ကောင်းအောင် တစ်မျိုး ချက်ပေးဦးမယ်၊ မောင်ရင် အခုစားရတာက မဆလာနဲ့ဘာနဲ့ ကုလားချက်ဆိုဟော့ နောက်နေ့ကျရင် တရုတ်ချက်ချက်ပေးမယ်"



"လုပ်လိုက်လေ ကြာ့သလားလို့"

ဤသို့အားဖြင့် လွန်စွာ ပေါများလှသော မုတ်ကောင်အသားကို တရုတ်ချက် ချက်လိုက်၊ ကုလားချက် ချက်လိုက်၊ မြန်မာချက်ချက်လိုက်ဖြင့် ချက်နည်းမျိုးစုံအောင် ပညာစွမ်းပြကာ ညို့ဝင်းမောင် ချက်ပြုတ်လေရာ အတန်ကြာသောအခါ ဒေးဗစ်မှာ ညို့ဝင်းမောင်၏ မုတ်ကောင်ဟင်းကို ငြီးငွေ့လာလေတော့၏။

"ဒီကနေ့ကော ဘာဟင်းချက်မှာလဲ ကိုဖြူလေး"

မုတ်ကောင်ဟင်းကို စိတ်ကုန်လာပြီဖြစ်သော ဒေးဗစ်မှာ သိလိုစိတ်ဖြင့် မေးမိခဲ့လေ၏။

"ထုံးစံအတိုင်းပေါ့ဒေးဗစ်ရာ၊ မုတ်ကောင်ဟင်းပဲပေါ့၊ ဒီကနေ့တော့ တစ်မျိုးကလေးအပြောင်းအလဲဖြစ်အောင် ဆီနှိုင်နှိုင်နဲ့ ကြော်ပြီးစားကြမယ်လေ"

ဒေးဗစ်က ခေါင်း တ ယမ်း ယမ်း ဖြင့် ငြင်းပယ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ကိုဖြူလေးရယ်၊ တော်ပါတော့၊ ခင်ဗျားရဲ့ မှတ်ကောင်ဟင်း ချက်နည်းမျိုးစုံနဲ့ချက်တာကို ရုပ်တန်းက ရပ်ပါတော့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ရမှာလဲ ကိုဖြူလေးရေ၊ တစ်နေ့လာလဲ မှတ်ကောင်ဟင်း၊ တစ်နေ့လာလဲ မှတ်ကောင်ဟင်းနဲ့၊ လူ တစ်ကိုယ်လုံးလဲ မှတ်ကောင်စော် နံနေပြီလားတောင် မဆိုနိုင်ဘူး"

"ဒီလောက်တောင်လဲ မဟုတ်သေးဘူးထင်ပါတယ် ဒေးဗစ်ရာ၊ မောင်ရင်က မှတ်ကောင်ဟင်း မစားချင်ရင် ဘာဟင်း စားမလို့လဲ၊ စည်သွတ်အသားဘူးတွေ ကုန်ပြီ မဟုတ်လား"

"စည်သွတ်အသားဘူးတွေ ကုန်တော့လဲ ဘာအရေးလဲ ကိုဖြူလေးရာ၊ ပင်လယ်ထဲမှာ ငါးတွေအမျိုးစုံရှိနေတာပဲ၊ ကျုပ် ဖမ်းပေးစမ်းပါ့မယ်"

"မောင်ရင့်ဘာသာ ငါးဖမ်းချင်ရင်လဲဖမ်းပေါ့၊ ကျုပ်တော့ အပင်ပန်း မခံနိုင်ပါဘူး၊ လွယ်လွယ်ကူကူ စားနိုင်



သောက်နိုင်တဲ့မှတ်ကောင်တွေ ကမ်းခြေမှာတစ်ပုံတစ်ပင်ကြီး ရှိနေလျက် အပင်ပန်းခံပြီး ငါးထွက်မဖမ်းနိုင်ပါဘူးဗျာ"

"ခင်ဗျား မဖမ်းပါနဲ့လေ၊ ကျုပ်ပဲသွားဖမ်းပါ့မယ်"

ပြောပြောဆိုဆို ဒေးဗစ်က သစ်သားခိုင်ခိုင်တစ်ချောင်းကို ခုတ်ယူကာ ငါးဖမ်းသည့် မှိန်းဖြစ်အောင် အသွားကို ခေါးဖြင့်ချွန်လေ၏။

ထို့နောက် ကမ်းခြေသို့သွားကာ ကျောက်စိုင်ကျောက်တုံးများကြားသို့ တိုးဝင်လာသည့် ငါးကြီးများကို စောင့်ဆိုင်းကာ မှိန်းဖြင့်ထိုးလေ၏။

မကြာခင်မှာပင် လက်မောင်းခန့်ကြီးမားသော ငါးကြီးနှစ်ကောင်ကို ဖမ်းမိကာ အားရဝမ်းသာနှင့် ပြန်၍လာခဲ့လေ၏။

"ဒီမှာတွေ့လား ကိုဖြူလေး၊ ဘယ်လောက်ဆူတဲ့ ငါးကြီးတွေလဲ၊ ရွှံ့နဲ့မံပြီး မီးအုံးစားလိုက်ရရင် ဗိုက်ကို ကားသွားမှာပဲ"

"မင်းဘာသာမင်း ဝအောင်စားပေတော့ ဒေးဗစ်၊ ကျုပ်အတွက်ကတော့ ဟောဒီမှတ်ကောင်ဟင်းကို ဘယ်လိုဟင်းခွက်နဲ့မှ မလဲနိုင်ဘူး....

www.burmeseclassic.com

www.burmeseclassic.com



"အို....နတ်သုဒ္ဓါလိုဟာမျိုးနဲ့လဲစားပါမယ်ဆိုရင်တောင် ကျုပ်က လဲမှာမဟုတ်ဘူး"

ဒေးဗစ်က ညိုဝင်းမောင်ကို နားမလည်စွာ လှမ်းကြည့်ရင်း သူဖမ်းလာသည့် ငါးကြီးများကို သိတ်ဖြင့်သီလျက် မီးအုံးလေတော့၏။

မကြာခင်မှာပင် ငါးမီးအုံးကျက်ပြီဖြစ်၍ မွှေးပျံ့သော ရနံ့များထွက်လာပြီးနောက် ဒေးဗစ်သည် မြိန်ရေရှက်ရေ စားလေတော့၏။

ဒေးဗစ်က ငါးကင်ဖြင့် မြိန်ရှက်စွာ စားသောက်နေစဉ်တွင် ညိုဝင်းမောင်ကလည်း မုတ်ကောင်သားဟင်းကို အားရပါးရ တစ်ယောက်တည်း ဗိုက်ကားအောင် စားလေတော့၏။

လမ်းခရီးတွင် သောက်ရန် ယူဆောင်လာခဲ့သော စီးကရက်များ၊ ဆေးလိပ်များ တက်တက်စင်ပြောင်သွားခဲ့ပြီဖြစ်သောကြောင့် ညိုဝင်းမောင်သည် အနံ့မွှေးသော သစ်ရွက်ခြောက်များကို ဖက်တစ်မျိုးဖြင့် ထည့်လိပ်ကာ သောက်ရှုလေ၏။

ဘာမှန်းမသိသော သစ်ရွက်ခြောက်များကို သောက်ရှုသောအခါ ညိုဝင်းမောင် အနေနှင့် လွန်စွာအရသာရှိ



သည်ဟု ခံစားရသော်လည်း ဒေးဗစ်မှာမူ ထိုအရသာကို မနှစ်သက်ချေ။

"ဟော့ကောင် ဒေးဗစ်၊ ငါ့ရဲ့ ဖက်ချွန်းဆေးပေါ့လိပ်ကို မြည်းကြည့်စမ်းဦးကွ"

"မသောက်ချင်ပါဘူး ကိုဖြူလေးရယ်၊ ခင်ဗျားဥစ္စာက သောက်ကောင်းမှန်းမသိ ဘာမှန်းမသိ"

"ဘာဖြစ်လို့ မသောက်ကောင်းရမှာလဲ ဒေးဗစ်ရ၊ ရှူဖို့ရှိုက်လို့ အရသာရှိရင် ပြီးတာပဲ"

ဒေးဗစ်ကို ဆွယ်၍မရသောအခါ ညိုဝင်းမောင်သည် သူ့ဘာသာ တစ်ယောက်တည်းပင် ဖက်ချွန်းဆေးပေါ့လိပ်များကို သောက်လေတော့၏။

သောက်ခါစက ချောင်းအနည်းငယ် ဆိုးသေးသော်လည်း သောက်ကျင့်ရှိလာသောအခါ ချောင်းမဆိုးတော့ချေ။

မူးယစ်ရီဝေသော အရသာတစ်မျိုးကို ခံစားရ၍ ညိုဝင်းမောင်ခမျာ လွန်စွာကျေနပ်နေလေ၏။

နေ့လယ်နေ့ခင်းများတွင် ဒေးဗစ်သည် စက်လှေပြုပြင်ရန် ကြိုးစားနေချိန်၌ ညိုဝင်းမောင်သည် ဘာမှမကူညီဘဲ ဆေးမင်းစားပြီး တစ်နေကုန် တစ်နေခန်း ဗိုက်မှောက်၍ အိပ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အိပ်၍ ဝလျှင် ထကာ မှတ်ကောင်များ၏ အသားကို ချက်ပြုတ်ကာ တဝတပြစားသောက်ပြန်လေ၏။

ဒေးဗစ်ကမူ ပင်လယ်ပြင်တွင် ငါးတွက်ရှာသည့် အချိန် ရှာလိုက်၊ ကျွန်းကြီးပေါ်တွင် သစ်သီးဝလံများ ရှာသည့် အခါ ရှာလိုက်ဖြင့် ရှာဖွေကာ အပြောင်းအလဲ အမျိုးမျိုး ဖြစ်အောင် စားသောက်လေ၏။

"ကိုဖြူလေး၊ ခင်ဗျားကို ကျုပ်ကြည့်နေတာ ကြာလှ ပြီဗျ၊ ကြည့်လဲလုပ်ဦးနော်"

"ဘာကိုပြောတာလဲ ဒေးဗစ်ရဲ့"

"ဒီကျွန်းကြီးပေါ်မှာ တခြားစားစရာ သောက်စရာ တွေ တစ်ပုံတစ်ပင် ဒီလောက်အများကြီး ရှိတဲ့ကြားထဲက ခင်ဗျားက မှက်ကောင်တစ်မျိုးတည်းကို စားနေတာတွေ့ရ တယ်"

"မှတ်ကောင်က အရသာရှိတာကိုး ဒေးဗစ်ရ"

"တခြားငါးတွေလဲ အရသာရှိတာတွေ တစ်ပုံကြီးပါ ဗျာ၊ ပြီးတော့ ချိုတဲ့ကောင်းတဲ့အသီးတွေလဲ ကျွန်းပေါ် မှာ အများကြီးပဲ"

ညိုစင်းမောင်က သက်ပြင်းရှိုက်လိုက်၏။



"ငါးရှာရတာ ပင်ပန်းပါတယ် ဒေးဗစ်ရာ၊ နေပူထဲမှာ ကတွတ်ပေါက်က ဖျင်းစောင့်ရသလို ငြိမ်ပြီး စောင့်ရတဲ့ဒုက္ခ က ဘယ်မှာသေးမှာလဲ....

"သစ်သီးရှာရတာလဲ ဒီလိုပဲ၊မတော်တဆ အပင်ပေါ်က ပြုတ်ကျရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ မစားကောင်းတဲ့ အသီးများ စားမိရင် တစ်ခါတည်းကိစ္စပြတ်မှာ ဒေးဗစ်ရ"

"ဒါက ခင်ဗျား ဆင်ခြေတွေပေးနေတာပါ ကိုဖြူလေး ရယ်၊ ကျုပ်ရှာတာတွေ အများကြီးပါ၊ ခင်ဗျားစားလို့လဲ မကုန်သေးပါဘူးဗျာ၊ ခင်ဗျားဘာသာ မကြိုက်လို့ မစားတဲ့ ဥစ္စာ"

ညိုဝင်းမောင်က ဘာစကားမှ ပြန်မပြောဘဲ ငြိမ်သက် နေလိုက်၏။

"ခင်ဗျား ဝန်ခံစမ်းပါ ကိုဖြူလေးရာ၊ တခြား စားစရာ တွေအားလုံးထက် ခင်ဗျားက မှတ်ကောင်တွေကိုစားရတာ အရသာ ပိုတွေ့နေတယ်မဟုတ်လား"

"မလိမ်မညာပြောရရင်တော့ ဟုတ်တယ် ဒေးဗစ်၊ မှတ် ကောင်ရဲ့ အရသာကို သိပ်ပြီးသဘောကျနေမိပြီ ဖြစ်တယ်၊ တခြား စားစရာကို စားချင်စိတ်တောင်မှ မရှိတော့ဘူး ဒေးဗစ်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



'ညိုဝင်းမောင်က ဝန်ခံစကား ပြောလိုက်သောအခါ ဒေးဗစ်က ရှုံ့မဲ့ပစ်လိုက်၏။

"ခင်ဗျားက ကျုပ်ထက်ပိုပြီး စာတွေပေတွေ ပိုဘတ်ပါတယ် ကိုဖြူလေးရယ်၊ ခင်ဗျား ဖတ်ဖူးမှာပေါ့"

"ဘာကိုလဲ"

"ပေါရိသာဒဇာတ်ခေလ၊ လူသားစားတဲ့ဘုရင်"

"ပြောပါဦး"

"ဇာတ်တော်ထဲမှာ ပါတာလေဗျာ၊ ဇာတ်တော်ကို တော့ ကျုပ် မေ့နေပြီ၊တိုင်းပြည်တစ်ပြည်မှာ ဘုရင်တစ်ပါး ရှိတယ်ဗျ....

"အဲဒီဘုရင်က အသားစား သိပ်ကြိုက်တယ်၊ အသား ဟင်း မပါရင် လုံးဝပွဲတော်မတည်ဘူး၊ တစ်နေ့တော့ လပြည့်နေ့နဲ့ကြုံနေတယ်၊ စားတော်ကဲက ဈေးမှာ ဘာသား မှ လုံးဝ ဝယ်လို့မရခဲ့ဘူး....

"အဲဒါနဲ့ စိတ်ညစ်ပြီး သင်္ချိုင်းက လူသေရဲ့ ပေါင်သား ကို လှီးဖြတ်ယူလာပြီး သူ့ရဲ့ဘုရင်ကို အမဲဟင်းလျာအဖြစ် ချက်ပြုတ်ကျွေးလိုက်တယ်"

"အင်း"

"အဲဒီတော့ မောင်ကျန်တစ်တို့ ဖြစ်သွားတော့တာပဲ ဘုရင်က ဒီလူသားအရသာကိုသိပ်ပြီးသဘောကျသွားတယ် ခါတိုင်းစားနေကျ အသားနဲ့လဲ မတူပါဘူးလေ....



"ဘာသားပါလိမ့် စဉ်းစားဘယ်၊ သိချင်စိတ်နဲ့ စား တော်ကဲကို ခေါ်မေးတယ်"

"စားတော်ကဲက ဘာပြောသလဲ"

ညိုဝင်းမောင်က စိတ်ဝင်စားစွာဖြင့် မေးလိုက်၏။

"ပထမတော့ စားတော်ကဲက အမှန်အတိုင်း ဘယ်ပြော ရဲပါ့မလဲ၊ ထစ်အထစ်အ ဖြစ်နေတော့ ဘုရင်က သူ့ရဲ့ အာဏာနဲ့ အမှန်အတိုင်းဖွင့်ပြောဖို့ ခြိမ်းခြောက်ဘယ်....

"အမှန်အတိုင်းမပြောရင် သတ်ပစ်မယ်ဆိုပြီး အာဏာ သုံးမေးမှ စားတော်ကဲဟာ အမှန်အတိုင်းဖွင့်ပြောတယ်၊ လပြည့်နေ့နဲ့ကြုံနေလို့ အမဲသားမရတာနဲ့ လူသားကိုပဲ စီစဉ်ခဲ့ရတဲ့အကြောင်း လျှောက်တင်တယ်"

"စားတော်ကဲတော့ဒုက္ခကောင်းကောင်းရောက်ပြီပေါ့"

"လူသားချက်ကျွေးတဲ့အတွက်ကိုတော့ အပြစ်မပေးပါ ဘူး၊ ဒီလောက် အရသာရှိတဲ့အသားကို စားရတာ နောက် ကျတယ်လို့ ပြောပြီး နောက် အမြဲတမ်း လူသားကိုပဲ ချက် ကျွေးရမယ်ဆိုပြီး အမိန့်ချဘယ်"

"တော်တော့်ကို အရသာခံတဲ့ဘုရင်ပဲ"

"ဟုတ်ဘယ်၊ ပထမတော့ အချုပ်အနှောင်ခံနေရတဲ့ အကျဉ်းသားတွေကိုသတ်ပြီး ဘုရင်ကို ချက်ကျွေးတယ်၊ ရာဇဝတ်သားတွေကုန်တော့ လစ်ရင်လစ်သလို လူတွေကို သတ်သတ်ပြီးကျွေးဘယ်....

www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းနဲ့ လူသားရဖို့ ခဲယဥ်းလာတော့ ဘုရင်ဟာ သူ့ကိုချက်ပြုတ်စီမံပေးတဲ့ စားတော်ကဲကို သူကိုယ်တိုင်သတ်ပြီး စားပစ်လိုက်သတဲ့"

"လွန်တာပေါ့ ဒေးဗစ်ရယ်"

"အဲဒီလိုနဲ့ ဒီဘုရင် လူတွေကို ကိုယ်တိုင် သတ်သတ်ပြီး စားတာ ကြာလာတော့ တိုင်းသူပြည်သားတွေက သိလာကြတယ်....

"ဒါကြောင့် ဘုရင်ကို ပြည်နှင်ဒဏ်ပေးဖို့ တောင်းဆိုလာကြတယ်၊ ဒါကြောင့် ဘုရင်ဟာ တိုင်းပြည်ကနေထွက်လာခဲ့ရပြီး တောအုပ်ကြီးထဲမှာ တစ်ကိုယ်တည်း နေခဲ့ရတယ်"

"တောထဲလာတဲ့ သူတွေကို သတ်သတ်စားရာက ဘီလူးကြီး တစ်ကောင်လို ဖြစ်လာရော မဟုတ်လား"

"ကြည့်စမ်း ကိုဖြူလေး၊ ခင်ဗျား ဒီဇာတ်လမ်းကို သိထားပြီးသား မဟုတ်လား"

"မင်းတောင် သိသေးတာပဲ ဒေးဗစ်ရယ်၊ ငါက ဘာဖြစ်လို့ မသိရမှာလဲ"

"ဒါဖြင့် ဘာဖြစ်လို့ တစ်ချိန်လုံး နားထောင်နေရတာလဲ ကိုဖြူလေးရဲ့"



"မင်း ပြောပြနေတာ နားထောင် နေရတာ အပျင်းပြေလို့ပေါ့ကွာ....

"ဟား ဟား ဟား"

ညို့ဝင်းမောင်က သဘောကျစွာ တ ဟား ဟား ရယ်မောလိုက်သောအခါ ဒေးဗစ်က မကျေမနပ်ဖြင့် ကမ်းစပ်ဘက်သို့ ဆင်းသွားခဲ့၏။

ဖြင်လက်စ စက်လှေပျက်ကို သူ ကြိုးစား၍ ပြင်ရဦးမည်ဖြစ်လေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

## ထေညီအတူစု

ဒေးဗစ် ကြီးစားပမ်းစား ပြင်ဆင်သောကြောင့် စက်လှေ၏ ချွတ်ယွင်းမှု တော်တော်များများမှာ အနေအထား ကောင်းလာလေ၏။

မကြာခင်မှာပင် စင်းလုံးချော ကောင်းသွား ဖွယ်ရာ ရှိလေ၏။

ညိုဝင်းမောင်ကား ဒေးဗစ် စက်ပြင်နေသည့် ကိစ္စကို လုံးဝ စိတ်မဝင်စားပေ။

တစ်ခါမျှလည်း ကူညီလုပ်ကိုင်ခြင်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



စားလိုက် အိပ်လိုက်ဖြင့်သာ အချိန်တွေ ကုန်ဆုံးသွားနေသည်ကို တွေ့ရသောကြောင့် ဒေးဗစ် အတော်ကလေး မကျေမနပ် ဖြစ်မိ၏။

စက်ဆီ အလိမ်းလိမ်း ပေကျံနေသော ဒေးဗစ်သည် ညိုဝင်းမောင် ရှိရာသို့ ရောက်လာပြီးနောက် သူနှင့်အတူ စက်ကူပြင်ရန် ခေါ်လေ၏။

"ကိုဖြူလေး၊ စက်က အတော်ကလေး ကောင်းလာပြီဗျ"

"အဲဒါ ဘာဖြစ်လဲ"

"ကျုပ်တို့ နှိုးကြည့်ရအောင်"

"မောင်ရင့်ဘာသာ မောင်ရင် နှိုးကြည့်ပါလား"

"ခင်ဗျားရဲ့ အကူအညီ နည်းနည်းပါးပါး လိုအပ်လို့ပေါ့ဗျာ"

"နည်းနည်းပါးပါးလောက် လိုတဲ့အကူအညီကိုတောင်းမနေစမ်းပါနဲ့ ဒေးဗစ်ရာ၊ ကိုယ့်ဘာသာကိုယ် ဆက်ပြီးပြင်လိုက်ရင်လဲ ပြီးတာပဲဥစ္စာ"

"ခင်ဗျား တော်တော် ကြောင်တောင် နေစိမ့်တဲ့လူပဲဗျာ"



ညိုဝင်းမောင်က ဘာမျှ ပြန်မပြော။

အနောက်တိုင်း ကောစင်းဘွိုင်ကားများထဲမှ မင်းသားတစ်လက် ဟန်ပန်မျိုးဖြင့် ပခုံးနှစ်ဖက်ကို အသာအယာ တွန့်ကာ နှုတ်ခမ်းကလေးတွန့်ရုံ ပြုံးပြလိုက်လေ၏။

ဒေးဗစ်ခမျာ နှစ်ယောက်တည်းသာ ရှိနေသော ကျွန်းပေါ်တွင် ရှိနေသောကြောင့် ဘာမှ မပြောသာတော့ဘဲ မကျေမနပ်နှင့်ပင် စက်လှေ ရှိရာသို့ ပြန်ဆင်းသွား ခဲ့ရလေ၏။

ထို့နောက် ဒေးဗစ်သည် သူ တစ်ယောက်တည်းပင် စက်ကို ကြိုးစား၍ ပြင်လေ၏။

ဒေးဗစ်၏ ဇွဲကောင်းမှု၊ ဖြတ်ထိုးဉာဏ် ရှိမှုတို့ကြောင့် စက်သည် အခြေအနေ အတော်ကောင်းမွန်သွားပြီးနောက် နှိုးနိုင်၍ရသောအဆင့်သို့ ရောက်ရှိသွားခဲ့လေတော့၏။

ကမ်းခြေမှ စက်လှေနှိုးသံ ကြားရသော်လည်း ညိုဝင်းမောင် စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာခြင်း လုံးဝ မဖြစ်မိချေ။

သူသည် မုတ်ကောင်များ၏ အခွံကိုခွာပြီး အသားများကို ဖက်တစ်ခုထဲသို့ စုပုံထည့်သည့် အလုပ်ကိုသာ မြိတ်ပါ သက်ပါ လုပ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေမှ စက်သံကြားရပြီး မကြာခင် ကာလအတွင်းမှာပင် ဒေးဗစ်သည် ညို့ဝင်းမောင် ရှိရာသို့ တစ်ခေါက် ပြန်ရောက်လာခဲ့လေ၏။

ယခုအကြိမ် ရောက်လာသည့် အခါတွင်ကား ဒေးဗစ်၏ ခန္ဓာကိုယ်တွင် စက်ဆီများ ပေကျံ မနေတော့ဘဲ သပ်သပ်ရပ်ရပ် ဖြစ်နေသည်ကို တွေ့ရ၏။

"ဗြဲဘ်....ဒေးဗစ်၊ မောင်ရင်က ရေတွေ ဘာတွေ တောင် ချိုးလာခဲ့မှကိုးကွ"

"ချိုးရတာပေါ့၊ ခင်ဗျားလို ညစ်ပတ်အိုးမှ မဟုတ်တာ၊ ရေဆိုတာ အနည်းဆုံး တစ်နေ့တစ်ခါတော့ချိုးမှ ကျန်းမာရေးနဲ့ ညီညွတ်တော့မှာပေါ့၊ ခင်ဗျားသာ တစ်ပတ်တစ်ခါ ချိုးချင်မှ ချိုးတဲ့လူ"

"ဟား ဟား ဟား"

ဒေးဗစ်၏စကားကို ညို့ဝင်းမောင်က ပြက်လုံးတစ်ခု ကြားရသည့်နှယ် အားရပါးရ ရယ်မောပစ်လိုက်လေ၏။

"ကျုပ်က အကောင်းပြောနေတာ၊ ဘာရယ်တာလဲ"

ဒေးဗစ်က မျက်မှောင်ကြုတ်၍ ပြောလိုက်၏။

"ရေမချိုးလို့ ဘာဖြစ်မှာလဲ ဒေးဗစ်ရာ၊ မင်း မကြားဖူးဘူးလား၊မြန်မာစကားရှိတယ်ကွဲ့၊ရေမချိုးလို့သေတဲ့မသာ မရှိဘူးဆိုတာ"



"ခင်ဗျား စကားကို အလားကတ်ပြောတ

"စကား ကတ်ပြောတာ မဟုတ်ဘူးကွ၊ ရှေးလူကြီးတွေ စကား ရှိခဲ့တာ အမှန်အတိုင်းပြောတာပဲ၊ မဟုတ်လို့လား"

"တော်ပြီဗျာ၊မပြောနဲ့တော့၊ ရေမချိုးလို့နံနံစော်စော်ကြီး နေတတ်ရင် ခင်ဗျားဘာသာနေ၊ ဒါပေမယ့် ကျုပ် အိပ်တဲ့ ရွက်ဖျဉ်တဲထဲမှာတော့ မနေနဲ့၊ နံတယ်၊ တခြား တော်ရာမှာ သွားအိပ်"

"အိပ်ပါ့မယ် ကိုယ့်လူရယ် အိပ်ပါ့မယ်၊ ကျုပ်ကလဲ အသက်ရှူလို့ မဝတဲ့ ရွက်ဖျင်တဲထဲမှာ မအိပ်ချင်တာ ကြာပါပြီ၊ အပြင်ထွက်အိပ်ဖို့ စိုင်းပြင်းတာလဲ ကြာပါပြီ....

"မောင်ရင်က ထွက်မအိပ်ပါနဲ့ဗျာ၊ ခြင်တွေ ပိုးမွှားတွေနဲ့ အထဲမှာပဲ အိပ်ပါဆိုပြီး ကန့်ကွက်ခဲ့တာ မဟုတ်ဘူးလား၊ ဘာလို့ကန့်ကွက်သေးလဲ"

"ဘာလို့ ကန့်ကွက်သလဲဆိုတော့ လူလူချင်း စာနာတဲ့ စိတ်နဲ့ ပြောခဲ့တာပေါ့ ကိုဖြူလေးရ၊ ဒီ ကျွန်းပေါ်မှာ ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်တည်း ရှိတာ၊ ခြင်ကိုက်ခံရပြီး သွေးလွန်တုပ်ကွေးတွေ ဘာတွေဖြစ်ရင် မခက်ဘူးလား၊ ဆေးမရှိ ဝါးမရှိ"

"ဆေးမရှိဆိုတဲ့ စကားကိုတော့ လက်ခံပါတယ် ဒေးဗစ်ရာ၊ ဒါပေမယ့် ဝါးမရှိဆိုတဲ့ စကားကိုတော့ လက်မခံချင်

www.burmeseclassic.com

ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကျွန်းပေါ်မှာ ဝါးတွေ ပေါက်နေတာ အများကြီးပဲ၊ မင်းလဲ မြင်သားနဲ့ ဥစ္စာ၊ မဟုတ်ဘူးလား....

"တား ဟား ဟား"

"ကျုပ်က အကောင်းပြောတာကိုမနောက်နဲ့ဗျာ ကိုဖြူလေး၊ အေး....ရေမချိုး မိုးမချိုးနဲ့ ဆိုရင်တော့ ဒီနေ့က စပြီး ကျုပ်နဲ့ ရွက်ဖျင်တဲထဲမှာ မအိပ်ဘဲနေတော့၊ဒါပဲ"

"ကောင်းပါပြီ ဒေးဗစ်ရယ်၊ကောင်းလှပါပြီ၊ကဲ....ကြားလို့ကောင်းကြသေးရဲ့လား အရပ်ကတို့ရေ....စက်လှေ ဝယ်လဲ ကျုပ်ပိုက်ဆံနဲ့ဝယ်၊ရွက်ဖျင်တဲဝယ်ခဲ့တာလဲ ကျုပ်ရဲ့ပိုက်ဆံနဲ့ပဲ၊ ဒါပေမယ့် အဲဒီ ရွက်ဖျင်တဲထဲမှာ ကျုပ်ကို အိပ်ခွင့်မပြုနိုင်ဘူးတဲ့....

"ဟာ ဟ....ဘယ်လောက်များ ရယ်စရာ ကောင်းလိုက်သလဲ၊လောက....လောက၊ အို....အသင်လောက၊ မိမိရှာဖွေခဲ့သောပစ္စည်းများကို မိမိနှင့်မပတ်သက်ဟုပြောလာသူများ ရှိသေးပါသေးကလား အို....အသင်လောက"

ညို ဝင်းမောင်က ဖာတစ်လုံးခေါင်းကျား ရှပ်ရှင်ဇာတ်ကား ထဲမှ ဦးခင်မောင်၏ လေသံကို အတုခိုး၍ ဟစ်အော်ပြောလိုက်ကာ အားရပါးရ ရယ်မောလိုက်လေ၏။



ဒေးဗစ်ကမူ သူနှင့်အတူလိုက်၍မရယ်ဘဲ မျက်မှောင်ကြီးကြုတ်လျက် စိုက်ကြည့်နေလေ၏။

ညို ဝင်းမောင် ကျွန်းပေါ်ရောက်ပြီး အရိုင်းစိတ်များ ဝင်နေသည်ကို သတိထားမိပြီး ဒေးဗစ် မကျေမနပ်ဖြစ်နေမိ၏။

အထူးသဖြင့် ယခုတလော ချက်ရပြုတ်ရသည်ကို ပင်ပန်းဖျင်းရိသည်ဟု အကြောင်းပြ၍ မုတ်ကောင်အသားများကို အစိမ်းလိုက် စားစားနေခြင်းကို ဒေးဗစ် ဘယ်လိုမှ သဘောမကျချေ။

ရိက္ခာမြောက်အဖြစ် ဆန်တွေ ရှိနေသေးသော်လည်း ညို ဝင်းမောင်သည် ထမင်းပင် ချက်မစားတော့ဘဲ မုတ်ကောင် အသားများကိုသာ တဝတပြ စားနေခြင်းကိုလည်း မနှစ်သက်ချေ။

ယခုလည်း ဖက်ရွက်ကြီးပေါ်တွင် တစ်ပုံတစ်ပင်ကြီး ပုံထားသည့် မုတ်ကောင်အသားများကို ကြည့်ရင်း ဒေးဗစ် ပြောချင်ဆိုချင်လာပြန်၏။

"မုတ်ကောင်ရဲ့အရသာကို ကြိုက်တာတော့ ကျုပ်က မကန့်ကွက်ပါဘူး၊ ဒါပေမယ့် ခုတော့ ခင်ဗျားဟာ က လွန်လွန်းတယ်၊ ခုဆိုရင် ချက်ပြုတ်တောင် မစားတော့ဘူး၊ အစိမ်းအတိုင်းကို စားနေပြီ"

www.burmeseclassic.com



"ခင်ဗျားက မုတ်ကောင်ရဲ့အရသာကို သဘောမပေါက်လို့ဗျ၊ ဒီအသားက အစိမ်းအတိုင်းစားရင် ပိုပြီးအချိုလေးတယ်၊ မယုံရင်စားကြည့်ပါလား၊ ရော့.... ရော့လေ.... ရော့ပါဗျ"

ညို့ဝင်းမောင်က ပြောပြောဆိုဆို အသားစိမ်းတစ်ဖတ်ကိုယူပြီး ကမ်းပေးလိုက်ရာ ဒေးဗစ်မှာ တွန့်ခနဲဖြစ်သွားလေ၏။

ချက်ချင်းပင် ခေါင်းတခါခါ လည်တခါခါဖြင့်လက်ဝါးကို ခါယမ်းလိုက်၏။

"မစားချင်ပါဘူး ကိုဖြူလေးရယ်၊ ဝေးဝေးထားလိုက်စမ်းပါဗျာ၊ ကြာရင် ကျုပ် အန်မိလိမ့်မယ်၊ ခင်ဗျားလဲ ဆင်ဆင်ခြင်ခြင်နဲ့ စားနော်၊တော်တော်ကြာ ဘီလူးသဘက်လို အစွယ်တွေထွက်လာနေဦးမယ် သိလား"

"ဟဲ ဟဲ ဟဲ၊ ဒီလောက်ထိလဲ မဖြစ်နိုင်ပါဘူး ဒေးဗစ်ရယ်၊ မစိုးရိမ်ပါနဲ့၊ လူသားစားတဲ့ ဘုရင်တောင် ဘီလူးလို အစွယ်ပေါက်လာတယ်လို့ ဇာတ်တော်ထဲမှာ မပါဘူး မဟုတ်လား ဒေးဗစ်ရဲ့၊ ဟဲ ဟဲ"

"တော်ပါပြီဗျာ၊ ခင်ဗျားနဲ့ စကားပြောရတာ လက်ပေါက် သိပ်ပြီးကတ်တာပဲ"

ဒေးဗစ်က အမုန်တကယ်ရွံရှာစွာဖြင့် ညို့ဝင်းမောင်နှင့် ဝေးရာ ခပ်လှမ်းလှမ်းနေရာသို့ ထွက်သွားလေ၏။ သူ့



အတွက် စားသောက်စရာ ထမင်းနှင့် ငါးဟင်းများကို မီးမွှေးကာ ချက်ပြုတ်လေ၏။

ညို့ဝင်းမောင်ကမူ အဆင်သင့်ကိုင်ထားသောမုတ်ကောင်အသားစိမ်းများကို အစိမ်းအတိုင်းပင် မြိန်ရေ ရှက်ရေ အားပါးတရ စားသောက်လေတော့၏။

ဤသို့ဖြင့် သူတို့နှစ်ဦးသည် မတည့်အတူနေပုံစံဖြင့် ပုလဲကျွန်းကြီးပေါ်တွင် ဆက်၍နေခဲ့ကြလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### အမ်ိဝဲ့ ထည်းထည်း နေရဲ့အူ

ဒေးဗစ် ပြင်ဆင်သဖြင့် စက်လှေမှာ ပင်လယ်ပြင်သို့ ထွက်ခွာသွားရန် အသင့်အနေအထားသို့ ရောက်ရှိသွားပြီ ဖြစ်၏။

ယူနိုင်သလောက်သော ပုလဲများကိုယူငင်ကာ ကျွန်း ကြီးကိုခွာလျက် မြို့သို့ပြန်တက်ကြရန် ဒေးဗစ်က တောင်းဆို လေ၏။

"စက်လှေလဲ ကောင်းသွားပြီ ကိုဖြူလေး၊ ကျုပ်တို့ ယူ နိုင်သလောက် ပုလဲတွေယူပြီး ခွာကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ် အားတက်သရော နေနိုင်သလောက် ညို့ဝင်း မောင်က အေးတိအေးစက် ဖြစ်နေ၏။

"ကျုပ်ပြောတာ ကြားတယ်မဟုတ်လား ကိုဖြူလေး"

"ကြားပါတယ်ဗျာ"

"ကြားရင် ဘာဖြစ်လို့ ငူငူကြီး ထိုင်နေရတာလဲ၊ ကျုပ် ပြော်နေတာ ကျုပ်တို့စက်လှေ ကောင်းသွားပြီ...

"နိုင်သလောက် ပုလဲတွေယူပြီး ဒီကျွန်းပေါ်က ခွာဖြ ရအောင်လို့ ပြောနေတာလေဗျာ"

ညို့ဝင်းမောင်က သက်ပြင်းရှည်ကြီးတစ်ချက် ရှိုက်လိုက် ၏။

"ဟာဗျာ....အရေးထဲ သက်ပြင်းတွေ ချနေပြန်ပါပြီ ဘယ်လိုလဲ ကိုဖြူလေး၊ ကျုပ်တို့ မြို့ပြန်တက်ကြရအောင် ကျုပ်တို့ယူသွားမယ့် ပုလဲတွေနဲ့ဆိုရင် သူဌေးတွဲခံလို့ရပါ ပြီ ကိုဖြူလေးရယ်၊ ဘယ့်နှယ်လဲ....

"မြို့ရောက်ရင် ဟောဒီ ပုလဲတွေကို ဈေးကောင်း ကောင်းနဲ့ ရမယ်ဗျာ၊ ပုလဲတစ်လုံး တစ်လုံးကို သောင်း သိန်းချီတန်နေတာဆိုတော့ ကျုပ်တို့ အများကြီး ရမှာပါ ဗျာ....



"ငွေတွေရရင် တိုက်နဲ့ ကားနဲ့ မိန်းမလှလှလေးတွေနဲ့ အကောင်းစား အရက်တွေနဲ့ အကောင်းဆုံး ဇိမ်ခံပစ် လိုက်ရမယ်၊ ဘယ့်နှယ်လဲ ကိုဖြူလေး"

ခုချိန်ထိ ညို့ဝင်းမောင်က အင်းမလှုပ် အဲမလှုပ် မလှုပ် မခြောက် လုပ်နေသောကြောင့် ဒေးဗစ်မှာ စိတ်မရှည် နိုင်အောင် ဖြစ်သွားရ၏။

"ဘယ်လိုလဲ ကိုဖြူလေး၊ ခင်ဗျား ဘာတွေ တွေးနေ တာလဲ"

"ခင်ဗျားက ဒီပုလဲတွေယူပြီး မြို့ပေါ်ပြန်တက်သွား လို့ ဘာမှ အရေးမကြီးဘူး....

"ခင်ဗျားပြောသလို အကောင်းဆုံးပစ္စည်းတွေ ဝယ်ယူ ပြီး အကောင်းဆုံးဇိမ်ခံနေလို့ ရတယ် ဒေးဗစ်"

"ခင်ဗျားကကော မရနိုင်ဘူးလား"

ညို့ဝင်းမောင်က ခေါင်းကို ယမ်းခါလိုက်၏။

"ဘာလို့ ပြန်လို့ မဖြစ်နိုင်ရမှာလဲ ကိုဖြူလေးရဲ့"

"ကျုပ်မှာ ခင်ဗျားမသိတဲ့ နောက်ကြောင်းပြဿနာ တွေက ရှိသေးတယ်ဗျာ၊ ကာလအတော်ကြာအောင် ဒီ ကျွန်းပေါ်မှာ ဆက်နေမှဖြစ်မယ်....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလဲ မပြန်ပါနဲ့ဦးလား ဒေးဗစ်ရယ်၊ ကျုပ်နဲ့ အဖော်ရအောင် အတူနေပါလားဗျာ၊ ဒီကျွန်းပေါ်မှာ ဘယ်လောက်သာယာသလဲ....

"စားစရာတွေကလဲ တစ်ပုံတစ်ပင်ကြီး"

သည်တစ်ကြိမ်တွင် ဒေးဗစ်က ခေါင်းကို ယမ်းခါလိုက်၏။

"ကျုပ်မပြန်လို့ မဖြစ်ဘူး ကိုဖြူလေး"

"ဘာဖြစ်လို့လဲ"

"ကျုပ်မှာ မိအိုဖအိုတွေရှိသေးတယ် ကိုဖြူလေး၊ မိဘတွေကို လုပ်ကျွေးဖို့တာဝန်တွေ ကျုပ်မှာ ရှိတယ်လေဗျာ၊ ပြီးတော့ ဒီအရွယ်ရောက်တဲ့အထိ မိန်းမဆိုတာ အတွေ့အကြုံတောင် ရှိဖူးသေးတာ မဟုတ်ဘူး....

"ကျုပ်....ကျုပ်....ဟဲဟဲ၊ မိန်းမယူရဦးမယ်ဗျ"

"မိန်းမ ယူတာများဗျာ ရေးကြီးခွင့်ကျယ် လုပ်လို့ ဒေးဗစ်ရယ်"

"ပြီးတော့ လူသူမနီးတဲ့ ဟောဒီ ကျွန်းကြီးပေါ်မှာ တစ်သက်လုံးတော့ အရိုးမထုတ်နိုင်ဘူးဗျာ"



"ခင်ဗျားကို ကျုပ်က ကျွန်းကြီးပေါ်မှာ တစ်သက်လုံး အရိုးထုတ်ဖို့ ပြောနေတာမဟုတ်ပါဘူး ဒေးဗစ်ရယ်၊တစ်လတန်သည် နှစ်လတန်သည် ဆက်ပြီးနေဖို့ပြောတာပါ....

"ကျုပ်ကလဲ တစ်သက်လုံး မနေပါဘူး၊ လုံလောက်တဲ့ အချိန်ကာလ ကြာသွားပြီးရင်တော့ ကျုပ်လဲ မြို့ပေါ်ပြန်ပြီး တက်မှာပါ ဒေးဗစ်ရယ်၊ မပူပါနဲ့၊ အဲဒီကျတော့ နှစ်ယောက်အတူတူ ပြန်ကြတာပေါ့"

"မဖြစ်ဘူး ကိုဖြူလေး၊ ကျုပ်တော့ ပြန်မှဖြစ်တော့မယ်၊ ခုလောက်ထိ ကြာသွားတာတောင် ကျုပ်ရဲ့အမေနဲ့ အဖေ ဘယ်လောက်အထိ စိတ်ပူပင်သောက ရောက်နေကြပြီလဲ မဆိုနိုင်ဘူး၊ ပူကြမှာဗျ၊ အဖေဆိုရင် သိပ်ပြီး ပူတတ်တာဗျ"

ညိုဝင်းမောင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဘယ်လိုလဲ ကိုဖြူလေး၊ ခင်ဗျား ကျုပ်နဲ့ ပြန်ပြီး လိုက်ခဲ့ဖို့ သဘောတူပြီလား"

"ပြန်မလိုက်ပါရစေနဲ့ဦးဗျာ"

"ဘာဖြစ်တယ် ကိုဖြူလေး၊ ခင်ဗျားက ဒီမှာနေခဲ့ဦး မယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ခင်ဗျား စိတ်မှ ကောင်းသေးရဲ့လား ကိုဖြူလေး"

"ဘာဖြစ်လို့လဲ ဒေးဗစ်"

"လူမရှိတဲ့ ကျွန်းကြီးပေါ်မှာ ခင်ဗျား တစ်ယောက်တည်း နေခဲ့မယ်ဆိုတာ စိတ်မမှန်တဲ့ လူတွေရဲ့ လုပ်ရပ်ပဲ"

ညိုဝင်းမောင်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"ဒါဖြင့် လမ်းမမြင် ကမ်းမမြင် သမုဒ္ဒရာပင်လယ်ထဲမှာ စက်လှေကလေးတစ်စီးနဲ့ တစ်ယောက်တည်း ခရီးနှင်မယ်ဆိုတာကကော ရူးနှမ်းလွန်းရာ မကျဘူးလား"

"ဘာဖြစ်လို့လဲ"

"ပင်လယ်ပြင်ဆိုတာ အကျယ်ကြီး၊ မချိန်မရွေး မုန်တိုင်းမိပြီး လှေမှောက်သွားနိုင်တယ်"

"ဖွတ်...လွှဲပါစေ ဖယ်ပါစေ"

"ကျုပ်က ဖြစ်နိုင်တာကိုပြောတာ"



"ဒါဖြင့် ခင်ဗျားတစ်ယောက်တည်း ကျန်ခဲ့ရင်ကော မဟုတ်တာ မဟုတ်တာတွေ မဖြစ်ဘူးလား"

"အများကြီး ဖြစ်နိုင်တာပေါ့"

"ဒါဖြင့် ဘာဖြစ်လို့ ပြန်မလိုက်ခဲ့ရတာလဲ ကိုဖြူလေး"

"ပြန်လိုက်ခဲ့ရင် ဖြစ်လာနိုင်မယ့် ပြဿနာတွေက ပိုပြီး ကြီးကျယ်ချင် ကြီးကျယ်နိုင်တယ် ဒေးဗစ်"

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

"ငါ မင်းကို ပြောမပြနိုင်တဲ့ ကိစ္စတွေ ရှိနေသေးတယ် ဒေးဗစ်"

ဒေးဗစ် အတော်ကလေး စိတ်ရှုပ်သွားလေ၏။

"ခက်တာပဲ"

"ဘာမှ မခက်ပါဘူး ဒေးဗစ်ရာ၊ မင်းပြင်လို့ စက်လှေ ကောင်းသွားပြီ မဟုတ်လား"

"ကောင်းသွားပြီလေ"

"ကောင်းရင် ပြီးရောပေါ့၊ မင်းပြန်ချင်တဲ့ ခရီးကို ပြန်တော့ပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမပါဘဲ ကျုပ်ကပြန်ရမယ်"

"မြန်ပေါ့ကွာ၊ မှင်းက သိပ်ပြီးပြန်ချင်နေတဲ့သူပဲ"

"ခင်ဗျားဝယ်ထားတဲ့လှေကို ကျုပ်တစ်ယောက်တည်း စီးပြီး ပြန်တော့ တရားပါ့မလား ကိုဖြူလေးရဲ့"

"ဟား ဟား ဟား ဟား ဟား ဟား ဟား"

"ဘာရယ်တာလဲ ကိုဖြူလေး"

"သဘောကျလို့ပေါ့ကွာ၊ ဝါဝယ်လာခဲ့တဲ့ ရွက်ဖျင်တဲထဲမှာကျတော့ မင်း တစ်ယောက်တည်း အိပ်ခဲ့ပြီး ခုကျမှ တရားပါ့မလား မတရားဘူးလား တွေးတွေးနေတာကိုး"

"ဟာဗျာ...ဒါကတော့ ခင်ဗျားကြီးရဲ့ခန္ဓာကိုယ်က ရေမချိုးလို့ နံစော်နေတာကိုးဗျ"

"ကဲပါကွာ.... ဒေးဗစ်ရာ၊ မင်း ဒီလောက်တောင် ပြန်ချင်မှတော့ မတရားတာ တရားတာတွေ တွေးမနေနဲ့တော့၊ ငါ့ကို ထားခဲ့သာထားခဲ့တော့"

ဒေးဗစ် ငိုင်ဆင်းသွား၏။

တော်တော်နှင့် စကားမပြောနိုင်ကြသေးဘဲ နှစ်ဦးသား ပင်လယ်ပြင်ကို ငေးကြည့်နေမိကြလေ၏။



မိုးကုမ်စက်ဝိုင်း၏အစွန်ဆုံးတွင် နေလုံးကြီးသည် မကြာခင် ပင်လယ်ပြင်အတွင်းသို့ ငုပ်လျှိုး ဆင်းသွားတော့မည် ဖြစ်၏။

ထိုအခါ ည ရောက်ပေလိမ့်မည်။

နောက်တစ်နေ့ရောက်သောအခါ နေလုံးကြီးသည် တစ်ဖန် ပြန်၍ ထွက်ပြူလာလိမ့်ဦးမည်။

ထိုအခါ နေ့ ရောက်ပေလိမ့်မည်။

"မနက်ဖြန် ကျုပ် ခရီးထွက်မယ်နော် ကိုဖြူလေး"

"ကောင်းတာပေါ့ကွာ၊ မနက်စောစော လင်းလင်းချင်းချင်းမှာ စပြီး ခရီးထွက်တာ ကောင်းတာပေါ့၊ သောကြာ ရေကြောင်း မသွားကောင်းတဲ့၊ ဒီကနေ့က သောကြာနေ့ ကျတယ်လေကွာ"

"တယ်ဟုတ်ပါလား၊ ခင်ဗျားက ရက်တွေ ဘာတွေ တိတိကျကျ မှတ်ထားတယ်နော်"

"မှတ်ရတာပေါ့ကွာ"

"ဒါဖြင့် မနက်ဖြန် ဘယ်နှစ်ရက်နေ့ကျလဲ"

"မေလ ၁၅ ရက်"

www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား"

"၁၅ ရက်ဆိုတာ ပိုဟုတ်တာကွ၊ ၁၅ ဆိုတာက တစ်နဲ့ ငါးနဲ့ ပေါင်းစပ်ထားတာလေကွာ၊ တစ်နဲ့ငါးနဲ့ ပေါင်းရင် ခြောက် ရတယ်မဟုတ်လား"

"ဟုတ်တာပေါ့"

"အဲဒီ ခြောက်ဂဏန်းက ဘောဘိလုံနီးယားလူမျိုးတွေရဲ့ လပ်ကီးနံပါတ်ကွ၊ မင်္ဂလာဂဏန်းပေါ့ကွာ၊ တို့ မြန်မာ လူမျိုးတွေ ကိုးဂဏန်းကို သဘောကျသလိုပေါ့"

"ဒါဖြင့် ကျုပ် မနက်ဖြန် အပြန်ခရီး စထွက်မှာကို ကိုဖြူလေး သဘောတူတယ်ပေါ့"

"ဘာသဘောမတူစရာရှိလို့လဲ ကိုယ့်လူရယ်၊ ပြန်ချင်တဲ့ သူက ပြန်၊ နေခဲ့ချင်တဲ့သူက နေခဲ့၊ ဘာဆန်းလို့လဲ"

"ဆန်းတော့ မဆန်းဘူးပေါ့ ကိုဖြူလေးရယ်၊ ဒါပေ မယ့် ကျုပ်ပြန်သွားပြီးမှ ခင်ဗျားတစ်ယောက်တည်း မနေ ရဲလို့ ပြန်ချင်ပြီဆိုရင် မလွယ်တော့ဘူး"

"ဘာ....မနေရဲလို့ ဟုတ်လား"

ညိုဝင်းမောင်က ဒေါသတကြီး အော်ဟစ်လိုက်သော ကြောင့် ဒေးဗစ် လန့်ဖျပ်သွားမိ၏။

"ဖြည်းဖြည်းပြောပါဗျာ၊ လန့်သွားတာပဲ"



"မင်းက ငါ့ကို အထင်သေးလို့၊ ဟင်း.... တစ်ယောက် တည်း မကလို့ တစ်ဖွဲ့တည်းဖြစ်လဲ နေရဲတယ်ကွ၊ ငါ ဘာ ကိုမှ မကြောက်ဘူး၊ နားလည်လား"

ဒေးဗစ် ဘာမှပြန်မပြောဘဲ အသာငြိမ်နေလိုက်ရ၏။

ဒေါသတကြီးဖြစ်သွားသော ညိုဝင်းမောင်နှင့် သူ ပဋိ ပက္ခ မဖြစ်ချင်ပေ။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### ကြောက်စက်ပွက်ဆူမျက်နှာကြီး

ညို ဝင်းမောင်ကို ဘယ်လိုမှခေါ်မရသည့် အဆုံးတွင် ဒေးဗစ်သည် အသက်ရှင်သော အရည်အသွေးကောင်းသည့် ပုလဲအတော်များများကို စက်လှေပေါ်တွင်တင်ကာ တစ်ဦးတည်း ပုလဲကျွန်းမှ ထွက်ခွာသွားခဲ့လေတော့၏။

စက်လှေကလေး တဖြည်းဖြည်း ဝေးသွားသည်ကို ကမ်းစပ်မှ ထိုင်ကြည့်ရင်း ညိုဝင်းမောင်သည် အစပထမ၌ ဝမ်းနည်းသလိုလို ရင်မှာ ဟာသလိုလို ခံစားခဲ့ရသေး၏။

သို့သော် ခဏကြာသည်နှင့် ညိုဝင်းမောင်သည် သူ့ကိုယ်သူ အားပေးရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးဗစ်မရှိတော့လဲ ဘာဖြစ်သေးလဲ၊ ဟောဒီကျွန်းကြီးပေါ်မှာ ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံး ပုလဲလုံးကြီးတွေ ရှိနေတယ်၊ ပြီးတော့ သိပ်အရသာရှိပြီး ငါ သိပ်ကြိုက်နှစ်သက်တဲ့ မုတ်ကောင်တွေလဲ ရှိနေတယ်၊ ဟား ဟား ဟား ဟား ဟား ဟား၊ သွားပစေ၊ အေးဗစ်သွားတော့ ကိုယ် ဘာဂရုစိုက်စရာရှိသလဲ၊ ဟား ဟား ဟား ဟား ဟား...."

ညို ဝင်းမောင်က တစ်ယောက်တည်း ကျယ်လောင်စွာ ရယ်မောလိုက်ရာ ပုလဲကျွန်းကြီးတစ်ခုလုံး ဟိန်း၍ သွားလေတော့၏။

သူသည် အတန်ကြာသည်အထိ ပင်လယ်ကမ်းခြေတွင် တစ်ယောက်တည်း စကားတွေကို တတွတ်တွတ် ပြောနေမိ၏။

"မြို့ပေါ် ငါတက်သွားရင် ငါ့ကို ဘယ်သူကမှ အလှကြည့်နေကြမှာ မဟုတ်ဘူး၊ ဟိုအကောင့်ကိုသတ်တဲ့ ပုဒ်မနဲ့ ဖမ်းကြမှာပဲ၊ ဖမ်းလဲ ဖမ်းစရာ ဖြစ်နေတာကိုး၊ ဓားရိုးပေါ်က အင်န် - ဒဗလျူ - အမ် ဆိုတဲ့ အမှတ်အသားကလဲ ညို ဝင်းမောင်ရဲ့ ဓားပါလို့ ပြောပြနေခဲ့တာ မဟုတ်လား၊ အင်း....ဖမ်းပြီဆိုရင်လဲ ဘယ်သူကမှ ရွှေပေါ်မြှောက်ထားကြမှာ မဟုတ်ဘူး၊ အနည်းဆုံး အလုပ်ကြမ်းနဲ့ ထောင်ဒဏ်



ဆယ်နှစ်ထက် လျော့မှာမဟုတ်ဘူး၊ မသွားဘူး၊ မသွားဘူး၊ မြို့ကို ဘယ်တော့မှမသွားဘူး"

ညို ဝင်းမောင်က စိတ်နှလုံးထုံးထုံးချလျက် သူ့ကိုယ်သူ တစ်ကျွန်းသားကြီးကဲ့သို့ပင် သတ်မှတ်ကာ အရာအားလုံးကို မေ့မေ့လျော့လျော့ထားလိုက်၏။

သူ့အတွက် ရာသီဥတုဒဏ်ကာကွယ်နိုင်ရန် လုံခြုံသည့် သစ်လုံးအိမ်ကလေး တစ်လုံးကိုပင် ကြံဖန်၍ ဆောက်လိုက်သေး၏။

သို့သော် သူ ဆောက်သည့် သစ်လုံးအိမ်ကလေးမှာ ကြာရှည်စွာမခံချေ။ ရာသီဥတုဆိုးရွားလှသော တစ်နေ့တွင် အိမ်ကလေးသည် လေကြီးမိုးကြီးဒဏ်ကြောင့် ပြိုကျပျက်စီးသွားခဲ့ရလေ၏။

သူ ကိုယ်တိုင်ပင် ပြင်းထန်သော လေမုန်တိုင်းဒဏ်ကြောင့် လွင့်ပါမသွားအောင် ကုပ်ကပ်နေခဲ့ရလေ၏။

နောက်တစ်ကြိမ် သစ်လုံးအိမ်ဆောက်ရန် ညို ဝင်းမောင် မကြိုးစားတော့ချေ။

ကျွန်းကြီးထဲတွင် လှည့်လည် ရှာဖွေကြည့်သောအခါ ကျောက်ဂူကြီးတစ်လုံးကို တွေ့ရ၏။ မိုးလုံလေလုံ ဖြစ်သောကြောင့် ထိုနေရာကို ရွေးချယ်ရ၏။

ခေတ်သစ် ဂူအောင်း လူသားကြီးတစ်ယောက် ဖြစ်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ် ကျွန်းကြီးပေါ်မှ ခွာသွားခဲ့ပြီး မကြာသေးခင် ရက်ပိုင်းများအတွင်းကမူ ကျွန်းကြီးပေါ်တွင် တစ်ယောက်တည်း ချန်နေခဲ့ရခြင်းအတွက် ပျင်းရိငြီးငွေ့သလိုလို၊ စိတ်ပျက် အားငယ်သလိုလို ဖြစ်ခဲ့မိသေးသော်လည်း အနေကြာလာသည်နှင့်အမျှ တစ်ယောက်တည်း နေတတ်လာသည်။

"လူများတော့ စကားရှုပ်တယ်၊ တစ်ယောက်တည်းနေရတော့ ဘာမှ ရှုပ်စရာမလိုတော့ဘူး၊ ရှင်းလို့ လင်းလို့၊ ဟဲ...ဟဲ...ဟဲ"

ညို့ဝင်းမောင်က သူ့ဘာသာတစ်ယောက်တည်း တောင်ပြော မြောက်ပြော ပြောရင်း ကျေနပ်စွာ တဟဲဟဲ ရယ်လိုက်သေးသည်။

ညို့ဝင်းမောင် တစ်ယောက်မှာ နှစ်ခြိုက်လှသော မုတ်ကောင်များကို အစိမ်းလိုက် အရသာခံစားသည့် အကျင့်ကို တားမြစ်မည့် ဒေးဗစ် မရှိတော့သည်ကို တွေး၍ ကြံဖန်ကျေနပ်နေမိသေး၏။

"ဟိုအကောင်ရှိရင် အစိမ်းလိုက်မစားပါနဲ့၊ ပြုတ်စားပါ ဘာညာနဲ့ ဆရာလုပ်နေဦးမယ်၊ ခုတော့ သိပ်ကို ဟန်ကျတာပဲ၊ ငါ့ကို ဆရာလုပ်မယ့်သူ တစ်ယောက်မှမရှိတော့ဘူး၊ ငါ့ကို ဖရမ်းပြေးဆိုပြီး ဖမ်းဆီးမယ့် ရဲအဖွဲ့လဲ ဒီကျွန်းကြီးပေါ်မှာ မရှိဘူး၊ သန်းခေါင်စာရင်းလဲ လုပ်စရာမလိုဘူး၊



ညှိစာရင်းလဲ တိုင်စရာမလိုဘူး၊ အဝတ်အစားလဲ လှလှပပ ထူးထူးထွေထွေ ဝတ်စရာမလိုဘူး....

"အလုပ်လဲ ပင်ပင်ပန်းပန်း ယုပ်စရာမလိုဘူး၊ ဘယ်လောက် ဟန်ကျလဲ၊ အချိန်တန် ဗိုက်ဆာရင် မုတ်ကောင်တွေကောက်ပြီး အခွံနွှာ ဝါးစားပစ်လိုက်ရုံပဲ၊ ဝါးရမှာပျင်းရင်လဲ ဒီအတိုင်းမျိုပစ်လို့ရသေးတယ်၊ ဘယ်လောက်များ ငြိမ်ရှိလိုက်တဲ့ဘဝလဲလို့....

"ဩော်....ဒေးဗစ်....ဒေးဗစ်၊ ဒီလောက် ကောင်းတဲ့နေရာက ပြဿနာတွေများပြားတဲ့ လူ့လောကကြီးထဲကို မင်း ပြန်သွားရှာတယ်နော်၊ ဟာဟ....သနားစရာကောင်းပါဘိ ဒေးဗစ်ရယ်၊ ဟား....ဟား....ဟား....ဟား....ဟား"

ညို့ဝင်းမောင်သည် တစ်ယောက်တည်း ကျယ်လောင်စွာ ပြောလိုက်ရင်း ရယ်ချလိုက်၏။

ထိုအခါ သူ့ရယ်သံများသည် ကျယ်လောင်လွန်းသွားသောကြောင့် ကျောက်တောင်ကြီးများထံမှ ပဲ့တင်သံများ ပြန်လာလေ၏။

"ဟား....ဟား....ဟား....ဟား....ဟား"

ညို့ဝင်းမောင် ရောက်နေသည့် ပုလဲကျွန်းကြီးသည် အခြားကျွန်းများနှင့် လုံးဝမနီးဘဲ သမုဒ္ဒရာပြင်ကျယ်ကြီးထဲတွင် တစ်ကျွန်းတည်း ထီးထီးကြီးရှိနေသောကျွန်းကြီး ဖြစ်လေသည်။

www.burmeseclassic.com



ထိုကဲ့သို့ တစ်ကျွန်းတည်း ထီးထီးကြီး ဖြစ်နေခြင်းကပင် ကျွန်းပေါ်တွင် ရာသီဥတုများ ဆိုးရွားစေလေသလော မပြောတတ်ချေ။

ရံဖန်ရံခါတွင် မိုးကြီး သည်းထန်စွာ ရွာတတ်သည်။ ရံဖန်ရံခါ လေပြင်းမုန်တိုင်းကျတတ်လေ၏။

မိုးသည်းထန်စွာရွာလျှင် တစ်ရက်နှစ်ရက်နှင့်မတိတ်ဘဲ တစ်ပတ်လုံး ရွာချင် ရွာနေကတတ်သည်။

ထိုရက်များအတွင်း ညို့ဝင်းမောင်သည် ဂူပြင်သို့ လုံးဝ မထွက်တော့ဘဲ သူကြိုတင်စုဆောင်းထားသည့် မုတ်ကောင် များကိုသာ စားသောက်ရင်း ဂူတွင်းအောင်းနေခဲ့လေ့ရှိ၏။

ဂူတွင်း၌ စွတ်စိုသောရာသီဥတုကို ခံစားရ၍ ပထမတွင် ကြိတ်မှိတ်ခံရသော်လည်း ကြာသောအခါ အကျင့်ဖြစ်လာ ကာ ခံနိုင်ရည်ရှိလာ၏။

မြင်းထန်သောရာသီဥတုကြောင့် ညို့ဝင်းမောင်၏ ခန္ဓာ ကိုယ်ကြီးများမှာ ကြမ်းယော် လာသည်။ သူ့လက် သူ့ ခြေထောက်များမှာ ကြမ်းထော်ရုံမျှသာ မကတော့တဲ ပယ်ကြားအကွဲများပင် ဖြစ်လာလေသည်။

တစ်နေ့သ၌ ညို့ဝင်းမောင်သည် သူ့လက် သူ့ခြေများကို ပြန်ကြည့်ရင်း လန့်ဖျပ်သွားမိ၏။

"ဟာ.... အရေပြားကြီးတွေ တင်းပြီး ကွဲအက်ကုန်ပါ လား၊ ဘာဖြစ်ကုန်တာပါလိမ့်၊ ရာသီဥတုကြောင့်လား၊ အစားအသောက်ကြောင့်လား"



ညို့ဝင်းမောင် တွေးကြည့်မိသော်လည်း အဖြေက ထွက် မလာချေ။

"အင်းလေ.... ကျွန်းပေါ်မှာ တစ်ယောက်တည်း နေ့နေ ရတာပဲ၊ အသားအရေ ချောမောနေစရာလဲ မလိုပါဘူး၊ ပယ်ကြားတွေအက်ကုန်တော့လဲ ဘာဖြစ်သေးလဲ၊ အရေး စိုက်စရာ မလိုပါဘူး"

သူ့ဘာသာတွေးရင်း နှစ်သိမ့်ကာ စိုးရိမ်ကြောင့်ကြစိတ် များကို ဖြေသိမ့်ယူရသည်။

ဤသို့ဖြင့် ရက်မှ လ၊ လမှ နှစ်သို့ ချင်းနင်းရောက်ရှိ လာသောအခါ ညို့ဝင်းမောင်သည် တစ်ယောက်တည်း ငြီးငွေ့သလိုလို ဖြစ်လာခဲ့၏။

တစ်ယောက်ဘည်းပင် ပုလဲလုံးများကို သောင်ပြင် ပေါ်၌ စီတန်းကာ လက်တည့်စမ်း၍ ပစ်ချင်ပစ်နေတတ်၏။

သို့မဟုတ် ကျောက်ဒိုးရိုက်သလို ရိုက်ချင်ရိုက်ဘတ်၏။ အတီအထွာလည်း ပစ်ချင်ပစ်တတ်၏။

ပုလဲအလုံးတူ အရွယ်တူများကို သတ်သတ်ရွေးဖယ်၍ အမျိုးအစားခွဲသည့်အခါလည်း ခွဲနေဘတ်၏။

ဤသို့ဖြင့် ညို့ဝင်းမောင်သည် အဆော့သန်သော ကလေးလေးတစ်ယောက်ကဲ့သို့ လည်းကောင်း၊ လွန်စွာ နားလည်သည့် ရတနာကုန်သည်ကြီးကဲ့သို့ လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာလောဘကြီးသည့် လောဘအိုးကြီးကဲ့သို့ လည်းကောင်း အမျိုးမျိုးအဖုံဖုံ ဖြစ်၍နေတော့၏။

ဤသို့ပင် ကာလအတော်ကြာသွားသောအခါ ညို့ဝင်းမောင်၏ ခန္ဓာကိုယ်သည် ကြမ်းတမ်းလျက် ပပ်ကြားအက်များ ထင်ရှားမက အဖုအဖု အပိမ့်အပိမ့်များပင် ဖြစ်လာသည်ကို သတိထားမိလာလေ၏။

တစ်ခုသောနံနက် အိပ်ရာမှ နိုးလာသောအခါတွင်မူ ခန္ဓာကိုယ်တစ်ခုလုံး ယားယံသလိုဝေဒနာများ ခံစားလာရသဖြင့် ညို့ဝင်းမောင် အထိတ်တလန့်ဖြစ်သွားမိ၏။

သို့ဖြစ်၍ သူအိပ်နေခဲ့ရာ ကျောက်ဂူကြီးအတွင်း အပြေးအလွှားထွက်လာခဲ့မိပြီး အယောင်ယောင် အမှားမှားဖြင့် စမ်းချောင်းကလေးတစ်ခုအနားသို့ ပြေးသွားကာ ချောင်းရေထဲသို့ ငုံ့ကြည့်လိုက်မိ၏။

ချောင်းရေသည် ရေအရှင်ဖြစ်၏။

စီးဆင်းပြေးလွှားနေသော ချောင်းရေသည် လှုပ်ရှားနေသောကြောင့် မည်သို့မျှ မိမိ၏အရိပ် ထင်နိုင်မည်မဟုတ်ချေ။

ငုံ့ကြည့်လိုက်ပြီးတော့မှပင် အရိပ်မထင်သည်ကို သတိထားမိပြီး ညို့ဝင်းမောင်သည် နတ်ရေတွင်းဟု နာမည်ပေးထားသည့် စိမ့်ရေထွက် တွင်းကလေးနားသို့ ပြေးသွားလိုက်ပြန်သည်။



ထို့နောက် ရေတွင်းကလေးနားတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ရေတွင်းမျက်နှာပြင်ကို မကြည့်ရဲကြည့်ရဲဖြင့် ငုံ့ကြည့်လိုက်မိ၏။

တွင်းရေဖြစ်၍ ရေငြိမ်ကာ မျက်နှာပြင်ပေါ်တွင် အရိပ်ထင်၏။

မှန်သားကဲ့သို့ပင် ကြည်ကြည်လင်လင် မြင်နေရလေ၏။

မြင်ရသော သူ့မျက်နှာသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကြောက်မက်စဖွယ် မျက်နှာကြီးတစ်ခု ဖြစ်၍နေသောအခါ ဘွင်ကား....

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

### ဘဝအဆုံးအထိချိန်လေလား

"အား...."

ညိုဝင်းမောင်သည် အသံနက်ကြီးဖြင့် တစ်ကျွန်းလုံး ပဲ့တင်ထပ်သွားအောင် အော်ဟစ်ပစ်လိုက်မိလေတော့၏။

ညိုဝင်းမောင်၏ ခန္ဓာကိုယ်သည် လူ တစ်ယောက်၏ ခန္ဓာကိုယ်နှင့် လုံးဝမတူတော့ချေ။

ခန္ဓာကိုယ် အနှံ့အပြားတွင် ငါးအကြေးခွံ ကဲ့သို့သော အကြေးခွံများများ ဖုံးအုပ်လျက် ရှိလေ၏။

ဦးခေါင်းတွင်လည်း ဆံပင်များ မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ညို့ဝင်းမောင်၏ မျက်နှာသည် ငါး သတ္တဝါ လိုလို၊ ဖားသတ္တဝါလိုလို မျက်နှာကြီးမျိုး ဖြစ်နေ၏။

မျက်လုံး အပြူးသား၊ ပါးစပ် အပြဲသားဖြင့် လွန်စွာ အရုပ်ဆိုးသူတစ်ဦး ဖြစ်၍နေတော့၏။

သူ့ပါးစပ်တွင်း၌ သွားများသည်ပင် ယခင်က ကဲ့သို့ ထုံးတိတိ မဟုတ်တော့ပါ။

ငါးတစ်ကောင်၏ သွားများကဲ့သို့ ချွန်ချွန်စူးစူးကလေး တွေ ဖြစ်နေ၏။

"အား...."

ညို့ဝင်းမောင်က နောက်တစ်ကြိမ် အသံအကျယ်ကြီး ဖြင့် အော်ဟစ်လိုက်မိလေ၏။

ထို့နောက် ယူကျုံးမရသော စိတ်ဖြင့် ကလေး တစ် ယောက်ကဲ့သို့ အော်ဟစ် ငိုယိုလိုက်မိသေး၏။

မည်မျှကြာအောင် ငိုယိုမိသည်မသိ။

မောပန်းသွားသောအခါ ညို့ဝင်းမောင်သည် စိမ့်ရေ တွင်းကလေး နံဘေးတွင်ပင် ခြေပစ်လက်ပစ်ဖြင့် အိပ်ပျော် သွားခဲ့လေတော့၏။



အိပ်ရာမှ နိုးထလာသော အခါတွင်ကား....

မိမိမျက်နှာကို မိမိ ပြန်မြင်ရသည့်မြင်ကွင်း၊ ကြောက် မက်ဖွယ်ရာ သတ္တဝါကြီးတစ်ကောင်သဖွယ် ဖြစ်နေသည်မှာ အမှန်တကယ် မဟုတ်ဘဲ အိပ်မက် မက်ခဲ့သည်ဟုပင် ထင် မြင်မိခဲ့၏။

သို့ဖြစ်၍ စိမ့်ရေတွင်းကလေးနားသို့ တပ်မံ တိုးသွား ကာ ဒူးထောက်၍ ငုံ့ကြည့်မိပြန်၏။

"အမယ်လေး"

ညို့ဝင်းမောင်သည် လန့်ဖျပ်ပြီး နောက်သို့ နှစ်လှမ်း သုံးလှမ်း ခုန်ဆုတ်လိုက်မိ၏။

"ဒါ....ဒါဟာ....အိပ်မက်၊ အိပ်မက် မှ မဟုတ်ထာ၊ တကယ် ဖြစ်နေတာပါလား၊ ငါဟာ လူစင်စစ်က သတ္တဝါ ကြီး တစ်ကောင်အဖြစ် ပြောင်းလဲ သွားရပါရော့လား၊ သွားပြီး....သွားပြီ၊ ငါဟာ ညို့ဝင်းမောင်လို့ခေါ်တဲ့ လူ သား တစ်ယောက် မဟုတ်တော့ဘူး၊ ငါးလိုလို ဖားလိုလို သတ္တဝါ ဆန်းကြီး တစ်ကောင် ဖြစ်သွားပြီ...၊ ငါ့ဘဝ ဆုံးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ညို့ဝင်းမောင်၌ယူကျုံးမရ စိတ်ဖြင့် နေရာတွင် အချိန်အတန်ကြာသည်အထိ ငူငူငိုင်ငိုင်ကြီး ထိုင်နေမိ၏။

နောက်ဆုံးတွင်မှ ညို့ဝင်းမောင်သည် ကံတရားကို လက်လျှော့ အရှုံးပေးကာ စိတ်ကို လျှော့ချလိုက်၏။

သည်တော့မှပင် ယူကျုံးမရစိတ်၊ ငိုချင်စိတ်တွေ တစ်စတစ်စ လျော့နည်းသွားခဲ့လေ၏။

"အင်း....ငါဒီလိုဖြစ်သွားရတာဟာ မုတ်ကောင်တွေရဲ့ အသားတွေကို မချက်ပြုတ်ဘဲ စားသောက်ခဲ့လို့ သတ္တဗေဒ ပုံသဏ္ဌာန် ပြောင်းလဲသွားပြီ....

"ဖားလိုလို ငါးလိုလို သတ္တဝါကြီး အသွင်သဏ္ဌာန် ဖြစ်သွားတာ နေမှာပါပဲ၊ အင်းလေ....ဘာပဲဖြစ်ဖြစ် ကံစီမံရာပေါ့"

သို့ဖြင့် ညို့ဝင်းမောင်သည် သူ့စိတ်သူဖြေကာ မှေးမှေးပျောက်ပျောက်ဖြင့် ကျွန်းကြီးပေါ်မှာပင် ဆက်၍ နေခဲ့လေ၏။

သူ၏ ခန္ဓာကိုယ်မှာလည်း တစ်စတစ်စ ကြမ်းတမ်း ခက်တရော်လာခဲ့ပြီး အကြေးခွံများမှာလည်း ပုလဲရောင် သက်



တန့်ရောင်များ ပေါ်လာကာ မုတ်ကောင်၏ အခွံသဏ္ဌာန်နှင့် တူလာခဲ့လေ၏။

နောက်ပိုင်းတွင်ကား ညို့ဝင်းမောင်သည် မထူးဇာတ်ခင်းလေတော့၏။

မုတ်ကောင်များကို အသိမ်း အတိုင်း စားနေခဲ့ ရာမှ တခြားသော သားစိမ်း ငါးစိမ်းများကိုပါ ကြမ်းကြမ်းတမ်းတမ်း စားသောက်ခဲ့လေရာ လူတစ်ယောက်နှင့်ပင် မတူတော့ဘဲ ဘီလူးကြီးတစ်ကောင်ကဲ့သို့ပင် ကြမ်းတမ်းလာလေတော့၏။

ထိုကဲ့သို့ ရုပ်ခန္ဓာက ကြမ်းတမ်း ခက်တရော်လာခဲ့သော်လည်း စိတ်ကမူ သတ္တဝါတစ်ကောင်ကဲ့သို့ ပြောင်းလွဲမသွားသေးချေ။

လူစိတ်, လူအတွေးတွေ အပြည့်ရှိနေသေး၏။

သို့ဖြစ်သောကြောင့် ညို့ဝင်းမောင်သည် ပုလဲကျွန်းကြီးပေါ်တွင် နေထိုင်ရသည်ကို ကြာသောအခါ ငြီးငွေ့လာလေ၏။

မြန်မာပြည်သို့ ပြန်ရန် အကြံရလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း....စက်လှေမရှိ ဘာမရှိ ဆိုတော့ ခက်တာပဲ၊ အို....စက်လှေမရှိရင်လဲ ဘာအရေးလဲ၊ လက်လှေရှိရင် သွားလို့ရတာပဲ....

"ငါ လှေတစ်စင်းရအောင် ထွင်းယူမယ်၊ ဘာခက်တာ လိုက်လို့"

ညိုဝင်းမောင်သည် ကိုယ့်အတွေးနှင့်ကိုယ် နိုင်ခံ့မည့် သစ်ပင်ကြီးတစ်ပင်ကို ရွေးချယ်ကာ ဒေးဗစ် ချန်ထားခဲ့သော ပုဆိန်များ၊ ဓားများဖြင့် ခုတ်ဖြတ်လေတော့၏။

ပင်စည်ကြီးမားသော သစ်ပင်ကြီးကို ခုတ်ဖြတ်ရသည် ဖြစ်သောကြောင့် တစ်နေ့တည်းဖြင့် ပြတ်မသွားချေ။

နေ့စဉ်ရက်ဆက် ဇွဲကောင်းကောင်းဖြင့် ဆက်၍ခုတ်လှဲမှ ရက်အတန် ကြာသောအခါ သစ်ပင်ကြီးမှာ မြေသို့ ဗုန်းဗုန်း လဲကျလေတော့၏။

သစ်ပင်ကြီး၏ ပင်စည်ကိုရသောအခါ အကိုင်းအခက်များကို ချိုင်လိုက်ပြီးနောက် သစ်လုံးထွင်းလှေကို စတင် ထွင်းရှာလေ၏။

ရက်အတော်ကြာသည့်အထိ ထွင်းနေလိုက်သောအခါ လူရိုင်းများ သုံးစွဲသည့် သစ်ထွင်းလှေကလေးမျိုး တစ်စင်း ရလေတော့၏။



နိုင်ခံ့ ပေါ့ပါးသော လှေတစ်စင်းကို ရသောအခါ ညိုဝင်းမောင်သည် လွန်စွာကျေနပ် ပျော်ရွှင်သွားလေ၏။

"ဟား ဟား ဘာရမလဲ၊ လုကြံရင် ထရံတောင် ဟိုသင်း ဟိုဥစ္စာ ဖြစ်သွားရသေးတာပဲ"

ညိုဝင်းမောင်သည် မိမိကိုယ်တိုင်က သရဲသဘက်ကဲ့သို့ လွန်စွာ အရုပ်ဆိုးသော လူကြီးတစ်ယောက်ဖြစ်သော်လည်း အလှအပကို လွန်စွာမက်မောသူဖြစ်၏။

သူထွင်းလုပ်ထားသော လှေကလေး၏ ပတ်ပတ်လည်တွင် ကနုတ်ပန်း၊ ကလေးများကိုပင် ထွင်းထုထားလေရာ လွန်စွာလက်ရာမြောက်လေ၏။

"ခုနေ ငါ့ရဲ့ လှေကလေးကို ဒေါ်လာတစ်သောင်း ပေးပါ့မယ်ဆိုရင်တောင် ငါစဉ်းစားရလိမ့်ဦးမယ်"

သူဘာသာ တွေးရင်းတောရင်း ကြည်နူးကျေနပ် နေမိ၏။

လူချင်းတူတူ သူချင်းမျှမျှ မဖြစ်တော့သော သူ့ဘဝ အကြောင်းကို ပြန်စဉ်းစားမိသော် အခါတွင်ကား ညိုဝင်း မောင်သည် ဝမ်းနည်းပက်လက် ဖြစ်၍သွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရံဖန်ရံခါတွင် ပင်လယ်ကမ်းစပ် သောင်ပြင်ပေါ်တွင် ပက်လက်လှန်လှဲလျက် အပြာရောင် မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်းများ တတွေတွေ စီးကျသည့်အခါလည်း ရှိ၏။

"ငါ့ဘဝဟာ နာနာဘာဝလို ဘဝကြီးမျိုးနဲ့ပဲ အဆုံးသတ် ရတော့မှာပါလား၊ ဒီဘဝဆိုးကြီးကို ငါ့ဘာသာ လူမသိသူမသိ ဒီကျွန်းကြီးပေါ်မှာပဲ အဆုံးသတ်လိုက်ရရင် ကောင်းမလား....

"အင်း....မဟုတ်သေးဘူး၊ အဖန်ငါးရာ ငါးကမ္ဘာဆိုတဲ့ ဝဋ်ကြွေးဆိုက်မယ့် ကိစ္စကလဲရှိသေးတယ်၊ ဒီလိုလဲ မဖြစ်ရဲဘူး....

"ဘာပဲဖြစ်ဖြစ် ငါထွင်းထားတဲ့ ဂက်ထွင်းလှေကလေးနဲ့ ပင်လယ်ပြင်ကြီးကို ဖြတ်မယ်၊ ပင်လယ်ပြင်ကြီးကိုဖြတ်ဆန်းရင်းနဲ့ မုန်တိုင်းမိပြီး လှေမှောက်သွားရင်လဲ ကိစ္စပြတ်တာပဲ....

"ငါသေရမှာကို မကြောက်တော့ဘူး၊"

ညို့ဝင်းမောင်သည် ပင်လယ်ပြင်သို့ ထွက်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် မြောက်ဘက်ယွန်းယွန်း အရပ်သို့ ခရီးနှင်ခဲ့လေ၏။



ယူဆောင်မလာခဲ့။

နေ့အခါတွင် နေမင်းကိုကြည့်ပြီး ညအခါတွင် မှိုင်းကြယ်ကိုကြည့်ရင်း ခရီးနှင်ခဲ့ရာ ရက်ပေါင်းအတော်ကြာလျှင် ခရီးအတန်ပေါက်ခဲ့လေ၏။

ညို့ဝင်းမောင်အဖို့ လှေပေါ်သို့ အဖိုးတန်သည့် ပုလဲအချို့ကို တင်ယူခဲ့သည်မှအပ အခြားစားရေရိက္ခာ ဘာမျှ

အဘယ်ကြောင့်ဆိုသော် ညို့ဝင်းမောင်၏ ခန္ဓာဗေဒ ပြောင်းလဲခဲ့ပြီးသည့် နောက်တွင် ရေချိုကို သောက်စရာ မလိုဘဲ ရေငန်ကို သောက်လျှင်လည်း ရနေသောကြောင့် ဖြစ်၏။

ထိုမျှသာမကသေး၊ ညို့ဝင်းမောင် ဗိုက်ဆာလာပြီ ဆိုလျှင် သူ လှော်ခတ်နေသည့် လှေအနီးသို့ ကပ်လာသည့် အဆူဖြိုးဆုံး ငါးကြီး တစ်ကောင်ကောင်ကို လွယ်လင့်တကူ ဖမ်းယူစားသောက်၍ ရနေလေ၏။

ညို့ဝင်းမောင် ဖမ်းမည်ပြုလိုက်သောငါးသည် အဘယ်ကြောင့်မှန်းမသိ ကူးခတ်ပြေးမသွားနိုင်တော့ဘဲ ရေပေါ်တွင် အသာကလေး အသေကောင်လို ငြိမ်သက်နေသည်ကို တွေ့ရသည်မှာ လွန်စွာ ဆန်းကြယ်သောမြင်ကွင်းဖြစ်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ငါဟာ မကောင်းဆိုးရွားတစ်ကောင်လိုများ ဖြစ်နေပြီလား မဆိုနိုင်ဘူး၊ ငါစားချင်တဲ့ ငါးဟာ သူ့အလိုလို ငါ့ရှေ့လာပြီး အလွယ်တကူအသေခံနေသလိုဖြစ်နေရှာတယ်"

ညို့ဝင်းမောင်သည် တစ်ခါတစ်ခါတွင် လူစိတ်ဝင်လာပြီး သူ့ရှေ့ အစားလာခံသည့် ငါးကြီးများကို သနားသလိုလိုပင် ဖြစ်မိသေး၏။

သို့သော်လည်း အချိန်ကာလ အတော်များများ၌မူ သူ့ဘဝကို မေ့လျော့ခဲ့သည်က များလေ၏။ ထိုသို့ သားစိမ်း ငါးစိမ်းများ မြိန်ရေရှက်ရေ စားသုံး နေရသည်ကိုပင် သဘောကျနှစ်ခြိုက်သလို ရှိမိနေပြန်လေ၏။

ဤသို့ဖြင့် သူ့လှေကလေးသည် ခရီးအတော်ပေါက်၍ လာခဲ့လေတော့၏။

ရာသီဥတုကောင်းသည့်အခါတွင် ခရီးပိုတွင်လျက် ညဘက်များတွင် ကြယ်ပေါင်းစုံကို လှေပေါ်မှ မော့ကြည့်ရင်း ညို့ဝင်းမောင် ကျေနပ်သဘောကျမိခဲ့၏။

ရာသီဥတု ဆိုးရွားလာသောအခါတွင်ကား လှေသည် ဖက်ရွက်ကလေးကဲ့သို့ အလိမ့်လိမ့်အလူးလူးရှိ၏။ လေပြင်း တိုက်ခတ်သာသောအခါ လှေနှင့်လူ ကွဲကွာသွားတော့မတတ် ရှိ၏။



တစ်နေ့သောအခါ လေပြင်းမုန်တိုင်း တိုက်ခတ်သောကြောင့် လှေကလေးသည် ပင်လယ်ပြင်တွင် မှောက်လေတော့၏။

ညို့ဝင်းမောင်သည်လည်း လှေပေါ်မှ လွင့်စဉ်ကာ ပင်လယ်သမုဒ္ဒရာအတွင်းသို့ ကျဆင်းခဲ့ရလေတော့၏။

သူ့ရင်ထဲ၌ သူ့ဘဝ အဆုံးသတ်ချိန်ဟု ထင်မြင်မိလိုက်လေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

### နေဆာတောင်းနှင့် ချစ်သူ့ခြေရာ

ညိုဝင်းမောင်က သည်တစ်ချီဖြင့် ကိစ္စပြတ်ပြီး သမုဒ္ဒရာ သချိုင်း၌ ဘဝဇာတ်သိမ်းရလေပြီဟု စိတ်နှလုံး တုံးတုံးချ လိုက်မိသော်လည်း တကယ်တကယ်တွင် ညိုဝင်းမောင် သေကံမရောက်သက်မပျောက် ဖြစ်ခဲ့ရလေ၏။

ညိုဝင်းမောင်တစ်ယောက် လှေနှင့်လူ တခြားစီ ကွဲကွာ ခဲ့ရပြီး နာရီပေါင်းများစွာကြာသည်အထိ ရေထဲသို့ စုံးစုံး မမြုပ်သွားခဲ့ချေ။

ယခင်က ညိုဝင်းမောင်သည် ရေမကူးတတ်၍ ရေ ထဲသို့ ပြုတ်ကျပါက ခဲတစ်လုံးကိုပစ်ချလိုက်သကဲ့သို့ စုံးစုံး

www.burmeseclassic.com

www.burmeseclassic.com



နစ်မြုပ်သွားလိမ့်မည်မှာ သေချာနေသောသူ တစ်ယောက် ဖြစ်၏။

ယခုမူ လေပေါ်မှလွင့်စဉ်ကျသွားခဲ့ပြီး ပင်လယ်ပြင်ထဲသို့ ရောက်သွားသော်လည်း ညို့ဝင်းမောင်သည် ခဲတစ်လုံးလို မနစ်မြုပ်သွားချေ။

ရေထဲတွင် သူ့အလိုလို ကောင်းကောင်း ကူးခတ်နိုင်နေသည်။

"တယ်ဟုတ်ပါလား၊ ငါ ရေကို ငါးတစ်ကောင်လိုပဲ ကျွမ်းကျွမ်းကျင်ကျင် ကူးတတ်နေပြီ၊ ပြီးတော့ ရေထဲမှာ အသက်ရှူလို့ ရနေတယ်၊ ဒါပေမဲ့ ဘယ်လောက်ငုပ်ငုပ် မမွန်းတော့ဘူး၊ ထူးဆန်းလိုက်တာ၊ တကယ့်ကို အံ့သြစရာပဲ"

ညို့ဝင်းမောင် သူ့ဘဝ ဆိုးကြီးကိုပင် ခေတ္တမျှ မေ့ပျောက်သွားခဲ့ပြီး ရေကူး ကျွင်လည်ခြင်း၊ ရေငုပ်နိုင်ခြင်းများအတွက် အကျေနပ်ကြီး ကျေနပ်နေမိလေ၏။

မုန်တိုင်းများ ငြိမ်သက်သွားပြီးနောက် ပင်လယ်ပြင်ကြီး ကြည်လင်သွားသောအခါ ညို့ဝင်းမောင်သည် သမုဒ္ဒရာ ကြမ်းပြင်အထိ ဒိုင်ဗင်ထိုးပြီးနောက် ရေအောက်တွင် မြင်



တွေ့ရသည့် မြင်ကွင်းများကို ကျေနပ် သဘောကျစွာဖြင့် ကြည့်ရှုခဲ့လေ၏။

သူ့မျက်လုံးအစုံသည်လည်း ငါးတစ်ကောင်၏ မျက်လုံးများကဲ့သို့ ရေအောက်ထဲရှိ အရာဝတ္ထုများ အားလုံးကို ပြတ်ပြတ်သားသား မြင်တွေ့ရလေ၏။

ရေအောက်ထဲတွင် ရေမှော်များ၊ ရေအောက်ကျောက်ခက် ကျောက်တန်းများ၊ ရေအောက်ကျောက်ဂူများ၊ ရေသတ္တဝါများ အားလုံးကို တွေ့ရ၏။

ငါးများ အုပ်လိုက်ကူးနေကြသည်ကိုလည်း တွေ့ရ၏။ ပင်လယ်လိပ်ကြီးများ အနားမှ ဖြတ်သွားသည် ကိုလည်း တွေ့ရ၏။

ပင်လယ်လိပ်တစ်ကောင်၏ ကျောကို ဖက်တွယ် လိုက်စီး၍ လိုက်လေရာ လွန့်စွာစီး၍ ကောင်းကြောင်း ခံစားရသောကြောင့် အကြာကြီးစီးနေမိ၏။

ထူးဆန်းသည်မှာ ငါးမန်းကြီး တစ်ကောင်သည် သူ့အနားသို့ ရောက်လာသောအခါ သူသည် ပထမတွင် ထွန့်ခနဲ ဖြစ်သွားမိသော်လည်း အမှန်တကယ်တွင် ငါးမန်းကြီးက သူ့ကို ရန်မမူသည့်အပြင် မြင်သည်နှင့် အလန့်လန့်

www.burmeseclassic.com

www.burmeseclassic.com



အဖျပ်ဖျပ် ဖြစ်ကာ အသက်လု ကူးခတ်ပြေးသည်ကို တွေ့ရသောအခါ ကြောက်ရွံ့ခြင်း မဖြစ်တော့ပေ။

ငါးမန်းအုပ်တစ်အုပ် နောက်တစ်ခါ ကူးခတ်လာသည်ကို တွေ့ရသောအခါ ညိုဝင်းမောင်သည် ကျောက်ဆောင်အကွယ်တွင် ပုန်းလျှိုနေလိုက်၏။

ငါးမန်းများသည် ဆယ့်ငါးကောင်ခန့်ရှိ၍ အရွယ်တူအကောင်ကြီးများ ဖြစ်ကြ၏။

အကောင်သေးများ မပါပေ။

ညိုဝင်းမောင်သည် ငါးမန်းအုပ်ကြီး ကျော်သွားပြီးနောက်ဆုံး အကောင်တစ်ကောင်ကျမှပင် အမြီးကို စုံကိုင်၍လိုက်သွား၏။

ငါးမန်းကြီးသည် တစ်ချက်လှည့်ကြည့်ပြီး အထိတ်တလန့်ဖြစ်သွားကာ ရေထဲတွင် ကျွမ်းထိုးမှောက်ခုံလုပ်ကာ အမြီးမှ ခါချနေ၏။

ညိုဝင်းမောင်က အလွတ်မပေးဘဲ အတင်းစုံကိုင်မြဲ ကိုင်ထား၏။

ငါးမန်းကြီးက ကြိုးစား၍ခါချပြန်၏။

ညိုဝင်းမောင်က ဆွဲထားမြဲ ဆွဲထားပြန်၏။



ဤသို့ဖြင့် အချိန်အတော်ကြာသွားသောအခါ ငါးမန်းအုပ်ကြီးနှင့် ဘော်တော်ပေးပေးတွင် ပြတ်၍ ကျန်ရစ်ခဲ့လေတော့၏။

ညိုဝင်းမောင်သည် အကြံဘစ်ခုရကာ ငါးမန်းကြီး၏အမြီးပိုင်းနားရှိ အသားအနည်းငယ်ကို ကိုက်၍ ဖြတ်လိုက်၏။ လွန်စွာချွန်ထက်သော သူ၏သွားများကြောင့် ငါးမန်းအသားတစ်ဖဲ့ကို ကိုက်ဖြတ်လိုက်နိုင်၏။

ထိုအခါ ငါးမန်းကြီးသည် လွန်စွာ နာကျင်လေသောကြောင့် ထွန့်ထွန့်လူးသွား၏။

ညိုဝင်းမောင်သည် သူ့လိုဘ ပြည့်သွားပြီ ဖြစ်သောကြောင့် ငါးမန်းကြီးကို လွှတ်ပေးလိုက်၏။

လွန်စွာ နာကျင်နေသည့် ငါးမန်းကြီးလည်း သွေးရှူးသွေးတန်းဖြင့် ထွက်ပြေးသွားလေတော့၏။

“ငါးမန်းသား ဘယ်လောက်ကောင်းမလဲ စားကြည့်ရသေးတာပေါ့ကွာ၊ ဟား ဟား ဟား ဟား”

ဤသို့အားဖြင့် ညိုဝင်းမောင်သည် ပင်လယ်ပျော်ကြီးဖြစ်ကာ ရေအောက်ထဲတွင် သူ လုပ် ချင် သည် များ ကို လျှောက်၍ လုပ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့နေရာများတွင် မုတ်ကောင်များရှိ၍ ပုလဲများကိုလည်းတွေ့ရသဖြင့် သဘောကျသောအလုံးများကိုရွေးချယ်ယူငင်ခဲ့ပြန်လေ၏။

တစ်နေ့သောအခါ ရေအောက်ထဲတွင် နစ်မြုပ်နေသည့် ရွက်လှေကြီးတစ်စင်းကို တွေ့သဖြင့် ဗဟုသုတသဘောဖြင့် ရွက်သင်္ဘောပျက်အတွင်းသို့ ဝင်ရောက်ကြည့်ရှုမိခဲ့လေ၏။

ထိုရေအောက်သင်္ဘောကြီးထဲတွင် အဖိုးအနဂ္ဃထိုက်တန်သော ရတနာပစ္စည်းများကိုလည်း တွေ့ခဲ့ရလေ၏။

ယူချင်သည့် ပစ္စည်းအချို့ကိုလည်း ယူငင်ခဲ့နိုင်၏။

သင်္ဘောပျက်မှပြန်အထွက်တွင် ရေဘဝဲခေါ် လက်ရှစ်ချောင်းပါသည့် ရေသတ္တဝါကြီးနှင့် ရင်ဆိုင်ရပြန်လေရာ ညို့ဝင်းမောင်သည် အသက်ကိုလု၍ တိုက်ခိုက်ရပြန်လေတော့၏။

ကြာတော့လည်း လက်ရှစ်ချောင်းနှင့် ရေဘဝဲကောင်ကြီးလည်း မခံနိုင်တော့ချေ။

သူ၏လက်ချောင်းများဖြင့် ညို့ဝင်းမောင်၏ခေါင်းကို ရစ်ပတ်ခြင်း၊ လက်များ ခြေများကို ရစ်ပတ်ခြင်းများ ပြုလုပ်သော်လည်း ညို့ဝင်းမောင်က အရှုံးမပေးဘဲ သူ၏ ထက်



မြက်လှသော သွားများဖြင့် နီးစပ်ရာ လက်ချောင်းများကို ကိုက်ဖြတ်ပစ်လေ၏။

သို့ဖြစ်၍ နောက်ဆုံးတွင် ညို့ဝင်းမောင်ကပင် အနိုင်ရသည့် အဖြစ်သို့ ရောက်သွားခဲ့လေ၏။

ဤသို့ဖြင့် ညို့ဝင်းမောင်သည် ပင်လယ်ဘုရင်ဖြစ်သွားပြီး သူ့ကိုယ်သူ အကျေနပ်ကြီး ကျေနပ်နေမိခဲ့လေ၏။

"အင်း....ငါဟာ ရေထဲမှာ နာရီပေါင်းများစွာနေနိုင်ခဲ့ပါလား၊ ပြီးတော့ တစ်ချိန်က ရေလုံးဝမကူးတတ်ခဲ့တဲ့ ငါဟာ ငါးမန်းတစ်ကောင်ထက်မှည့်အောင် အကူးအခတ်ကျွမ်းကျင်နေတယ်"

ဤသို့ဖြင့် ညို့ဝင်းမောင်သည် မြိတ်ကျွန်းစုတစ်နေရာသို့ ရောက်ရှိသွားပြီး လူသူနီးသည့် ကျွန်းပေါ်သို့ ရောက်သွားခဲ့လေ၏။

"အင်း....ငါ့အမြော်အမြင်ကြီးကြီးနဲ့ ပုလဲတွေထည့်ထားတဲ့အိတ်ကို ငါ့ရဲ့ခါးမှာ ချိတ်ဆွဲထားခဲ့လို့တော်ပါသေးရဲ့"

သစ်ထွင်းလှေနှင့်အတူ ပုလဲ အတော်များများ ပင်လယ်ကြမ်းပြင်ပေါ်သို့ နစ်မြုပ် ဆုံးရှုံးခဲ့သော်လည်း အိတ်ချုံလေးနှင့် ထည့်ထားသည့် ပုလဲအချို့မှာမူ ခါးတွင်ချိတ်လျက်သား ကျန်ခဲ့သေး၏။

www.burmeseclassic.com

www.burmeseclassic.com



ညိုဝင်းမောင်သည် ပင်လယ်ကြမ်းပြင်တွင် ငါးတစ်ကောင်ကဲ့သို့ ကျင်လည်စွာကျက်စား၍ အမျိုးမျိုးသော ဗဟုသုတများ ရရှိပြီးနောက် သူရောက်နေသော ကျွန်းမှ မြို့ပေါ်သို့ တက်လိုသောစိတ်များ တဖွားဖွား ပေါ်၍လာခဲ့လေတော့၏။

သို့ဖြစ်၍ ညိုဝင်းမောင်သည် ညအချိန်ကို ရွေးချယ်၍ မြို့ပေါ်သို့ တက်လေ၏။

ပထမတွင် သူသည် ခေါင်ကြီးတစ်ထည်ကို ရအောင် ရှာဖွေလျက် သူ့ခန္ဓာကိုယ်မှ အကြေးခွံများကို လူမမြင်နိုင်စေရန် လူမမာတစ်ယောက်သဖွယ် ခေါင်ခြုံကြီးဖြင့် မြို့ပေါ် တက်ခဲ့၏။

သူ့တွင်ရှိနေသည့် ပုလဲလုံးတချို့ဖြင့် အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ နေကာမျက်မှန် စသည့် အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူရလေတော့၏။

ထိုအခါ အထည်ဆိုင်မှလူသည် ခေါင်ကြီး ခေါင်းမြီးခြုံထားသော သူ့ကို အမှန်တကယ် ဖျားနာသူဟူ၍ ထင်မှတ်သွားလေ၏။

"မိတ်ဆွေကို ကြည့်ရတာ တော်တော် ဖျားနေတယ်နဲ့တူတယ်၊ ခေါင်ခြုံကြီးနဲ့"



"ဟုတ်ပါတယ်ဗျာ၊ ပင်လယ်ထဲမှာ မုန်တိုင်းမိလာခဲ့ပြီး ဖျားလိုက်တာလွန်ပါရော၊ တစ်ရက်လေး တစ်ရက်ငါးထက် မလျော့တော့ဘူးဗျာ၊ အဲဒါနဲ့ ခေါင်ခြုံကြီးနဲ့ပဲ သွားစရာရှိတာ လျှောက်သွားနေရတယ်"

"ကောင်းတယ် ကောင်းတယ်၊ အဖျားရှိနေရင် လေစိမ်းအတိုက် မခံတာဘဲ ကောင်းတယ်၊ ကျွန်တော်တို့မြို့မှာ ဒေါက်ဘာဘာရီဟာ နာမည်ကြီးပဲဗျ၊ ကိုးဆယ့်ခြောက်ပါး ရောဂါ သူနဲ့တွေ့လိုက်ရင် နင်နေတော့ငါသွားတော့မယ်ပဲ"

"ခုလို ဆရာကောင်းဆီကို လမ်းညွှန်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ သွားဦးမယ်နော် မိတ်ဆွေ"

ညိုဝင်းမောင်က အထည်သည်ကို နှုတ်ဆက်ပြီး ပစ္စည်းများကို ယူငင်ကာ ဆိုင်ထဲမှ ပြန်ထွက်လာခဲ့လေ၏။

ခန္ဓာကိုယ်ပုံသဏ္ဍာန်သာ ပြောင်းလဲသွား၍ အသံ အခြေအနေ မပြောင်းလဲခြင်းကို ကြံဖန်၍ ကျေးဇူးတင်နေရသေး၏။ အကယ်၍သာ စကားကို ပီပီသသ မပြောနိုင်တော့ဘဲ ဝူးဝူးဝါးဝါး ဖြစ်နေခဲ့ပါက သူ့ကို လူတစ်ယောက်အဖြစ် မည်သို့မျှ သတ်မှတ်ကြတော့မည် မဟုတ်ပါချေ။

ညိုဝင်းမောင်သည် လှေတစ်တန်း ကားတစ်တန်ဖြင့် ခရီးနှင်ခဲ့ပြီး ရက်များစွာမကြာမီမှာပင် ရန်ကုန်မြို့ကြီးသို့ ပြန်၍ရောက်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနှစ်နှစ်ဆယ်ကျော် ခွဲခွာခဲ့ရသော ရန်ကုန်မြို့ကြီးကို ပြန်၍ခြေချရသော အချိန်တွင် သူ့ရင်ထဲ၌ ဝမ်းနည်းဝမ်းသာ ဝေဒနာများ ခံစားရလေ၏။

ကံကြမ္မာက ညို(ဝင်းမောင်ဘက်မှ ရပ်တည်နေသလားမပြောတတ်၊ သဏ္ဍာလတ် လောင်းကုတ်အရှည်ကြီး ဝတ်ဆင်ပြီး သွားလာနေရချိန်သည် ဆောင်းတွင်းကာလ ဖြစ်သောကြောင့် သိပ်ပြဿနာမကြီးချေ။

သို့သော် နွေခင်းနွေလယ် နေပြင်းချိန်တွင်မူ ဟိုလူကြည့် သည်လူကြည့် ခံရတတ်လေ၏။ ညို(ဝင်းမောင်ကမူ ခပ်တည်တည်ဖြင့် သူ့လမ်းသူလျှောက်ကာ ပြဿနာများကြားမှ ရှောင်တွင်းနိုင်ခဲ့လေ၏။

ရန်ကုန် ရောက်သောအခါ တစ်နေ့တွင် သတိရလွန်းသောကြောင့် တက္ကသိုလ်ဝင်းထဲသို့ အမှတ်မထင် ရောက်သွားခဲ့ရ၏။

သူငယ်ချင်းများနှင့် ကျင်လည်ကျက်စားခဲ့ရာ နေရာများကို လျှောက်သွားကာ အလွမ်းပြေမိ၏။ အလွမ်းပြေရသည်ဟု ဆိုရသော်လည်း အလွမ်းမပြေနိုင်ဘဲ ခင်လှဝေကို လွမ်းဆွတ်သည့် ဝေဒနာများက သည်းထန်လာခဲ့၏။

ခင်လှဝေနှင့်အတူ စားသောက် ရယ်မောခဲ့ကြသည့် အင်းလျားကန်စောင်းရှိ အကြော်ဆိုင်....

ခင်လှဝေနှင့်အတူ ပို့စကတ်များဝယ်ယူခဲ့ဖူးသည့် အာရ်စီအပန်းဖြေဆောင်အတွင်းရှိ ဆိုင်တန်းမှ....



စသည်တို့ကို စုံလင်အောင် လျှောက်ကြည့်အပြီး ရင်ထဲ၌ဆို့နင့်ကြေကွဲမှု ဝေဒနာ သည်း ထန် လာ သော ကြောင့်တက္ကသိုလ်ကျောင်းဝင်းကြီးမှ ပြန်ထွက်လာခဲ့၏။

ညို(ဝင်းမောင်သည် လူစည်ကားရာနေရာများသို့မသွားရဲမလာရဲသေးပေ၊ ဆိုးဘွားပိုင်ခြံနှင့် တိုက်ရှိရာ ထောက်ကြန့်တွင်သာ အိမ်တွင်းအောင်းနေခဲ့သည်။

ထိုသို့ အိမ်တွင်းအောင်းနေရင်း သူငယ်ချင်း စာရေးဆရာကို အဆက်အသွယ်ရရန် အကြံရမိသည်နှင့် စာရေးဆက်သွယ်ခဲ့ခြင်း ဖြစ်လေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

### ခန္ဓာစေဗဒ ထေ့လာစချင်

"ကိုယ့်ရဲ့ အဖြစ်အပျက်က ဒါပါပဲ သူငယ်ချင်း၊ ကိုယ့်ရဲ့ အိပ်မက်ဆန်ဆန် အလွန်ထူးဆန်းတဲ့ အဖြစ်အပျက်ကြီးကို လူတွေ သိစေချင်တာရယ်၊ ကိုယ်ဟာ လူသတ်ကောင် တစ်ယောက် မဟုတ်ခဲ့ဘူး ဆိုတာကို ဖြေရှင်း ချင်တာရယ် ကြောင့် ကိုယ် မောင်ရင့်ကို ဆက်သွယ်ခဲ့တာပါပဲ"

ညို့ဝင်းမောင်က တုန်ယင်လှိုက်လှဲသော လေသံဖြင့် သူ့ဘဝဖြစ်စဉ်ကို နိဂုံးချုပ်လိုက်၏။

နာကျင်သော ဝေဒနာကို ခံစား နေရသောကြောင့် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ငါးတစ်ကောင်ကဲ့သို့ ကြောင်စီစီ နိုင်လှသော သူ၏ မျက်လုံးများမှ မျက်ရည်တို့ စီးကျလာနေသည်ကို တွေ့ရလေ၏။

"ကိုယ်လဲ အံ့ဩလွန်းအားကြီးလို့သာ ဘာကနေ ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး ညိုဝင်းမောင်ရယ်"

"ကိုယ် သဘောပေါက်ပါတယ်၊ ကိုယ့်ကို မြင်ရရင် ဘယ်သူမှ စိတ်နိုင် နိုင်မှာ မဟုတ်ကြပါဘူး၊ မောင်ရင် တောင်မှ ခုလို ကိုယ်နဲ့ စကားအချေအတင် လက်ခံစကား ပြောနေနိုင်တယ်ဆိုတာ အတော် သတ္တိကောင်းလို့ပဲ"

"သတ္တိကလဲ သိပ်ပြီး ကောင်းလှလို့တော့ မဟုတ်ဘူး သူငယ်ချင်းရာ၊ဒီလိုပဲမွေးမြူယူရတာပါပဲ၊မောင်ရင်ကသာ ကိုယ့်ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက် မဟုတ်ဘူးဆိုရင် ကိုယ်လဲ ဒီလောက်ထိ ဇွဲကောင်းကောင်းနဲ့ ထိုင်နေနိုင်မှာ မဟုတ်တာ သေချာပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်ပြောချင်တဲ့ စကားတွေ ပြောပြလိုက်ရလို့ ကိုယ်ဘော့ သိပ်ပြီး ကျေနပ်သွားပြီ သူငယ်ချင်း၊ သူငယ်ချင်းကို ကိုယ် ပေးစရာရှိသေးတယ်"



ညိုဝင်းမောင်က ပြောပြောဆိုဆို စားပွဲပေါ်တင်ထားသည့် အိတ်ရှုံ့ကလေးတစ်လုံးကို လှမ်း၍ဆွဲယူလိုက်၏။

ပြီးနောက် အိတ်ကို အသာအယာဖွင့်ဟလိုက်ပြီး စားပွဲပေါ်သို့ ဝေါခနဲသွန်ချလိုက်လေရာ သက်တန့်ရောင်ပြေးနေသော သက်ရင့် အဖိုးတန်ပုလဲများသည် တဝင်းဝင်းတလက်လက်နှင့် နှစ်သက်စဖွယ်မြင်ရလေတော့၏။

ထူးခြားသည်မှာ စားပွဲပေါ်ရှိ သက်ရင့်ပုလဲလုံးများ၏ သက်တန့်ရောင်ပြေးနေသော အရောင်အသွေးတို့သည် ညိုဝင်းမောင်၏ ခန္ဓာကိုယ်ပေါ်ရှိ အကြေးခွံများမှ ထွက်နေသည့် အရောင်အသွေးများနှင့် တစ်ထပ်တည်း တူညီနေခြင်းပင် ဖြစ်လေ၏။

ကျွန်ုပ်သည် ညိုဝင်းမောင်ကို ကြည့်လိုက်၊ ပုလဲလုံးများကို ကြည့်လိုက်နှင့် အံ့အားအသင့်ကြီးသင့်၍နေမိလေတော့၏။

ကျွန်ုပ် အံ့အားသင့်နေသည့် အမူအရာကို သတိထားမိဟန်ဖြင့် ညိုဝင်းမောင်က....

"ဘာလဲ သူငယ်ချင်း၊ ပုလဲလုံးတွေရဲ့အရောင်အသွေးနဲ့ ကိုယ့်ရဲ့ ခန္ဓာကိုယ်ပေါ်က အရောင်အသွေးတွေဟာ တစ်ထပ်တည်း တူညီနေလို့ အံ့ဩနေတယ်နဲ့ တူတယ်"

ဟူ၍ မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူငယ်ချင်း၊ အဲဒါကိုကြည့်ပြီး ကိုယ် အံ့ဩနေတာ၊ တကယ့်ကို ဖြစ်ခဲ့တဲ့ကိစ္စပဲ"

"ဟုတ်တယ်"

"ဘာပဲဖြစ်ဖြစ် ကံအကြောင်းတရားလို့ပဲ ပြောရတော့မှာပေါ့ သူငယ်ချင်းရယ်...."

"မောင်ရင်က မုတ်ကောင်တွေရဲ့ အသားကို နှစ်နှစ်ခြိုက်ခြိုက် စားသုံးခဲ့တော့ သူတို့ရဲ့ ပုံသဏ္ဌာန် အရောင်အသွေးတွေ ပြောင်းလဲသွားတာဟာ သဘာဝကျပါတယ်"

ကျွန်ုပ် ပြောသည့် စကားများကို ညို့ဝင်းမောင်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

"တကယ်တော့ မောင်ရင့် အဖြစ်အပျက်ဟာ ကမ္ဘာ့အံ့ဩဖွယ် မှတ်တမ်းစာအုပ်ကြီးထဲမှာ ပါဖို့တောင်ကောင်းတဲ့ အဖြစ်အပျက်တစ်ခုပဲ"

ညို့ဝင်းမောင်က လက်ကာပြလိုက်၏။

"မလုပ်ပါနဲ့ သူငယ်ချင်းရယ်၊ ကိုယ် ကမ္ဘာကျော်မဖြစ်ပါရစေနဲ့၊ ကိုယ့်ဘာသာကိုယ်ပဲ အေးအေးချမ်းချမ်းနေပါရစေကွာ"

"ဟုတ်ပါတယ်၊ ကိုယ်ကသဘောကိုပြောတာပါ သူငယ်ချင်းရယ်"

"ဟုတ်ပါပြီ....ဟုတ်ပါပြီ၊ ကဲ....သူငယ်ချင်း၊ ကိုယ် ပြောတာကို နားထောင်လက်စနဲ့ ဆက်ပြီး နားထောင်လိုက်ပါဦး၊ ပြီးတော့ ကိုယ် ပြောတဲ့အတိုင်းလဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါနော်"



"ဘာများလဲ ညို့ဝင်းမောင်"

ကျွန်ုပ်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်မိလေသည်။

ယခုအချိန်တွင် ညို့ဝင်းမောင် စိတ်ချမ်းသာမည်ဆိုလျှင် ကျွန်ုပ် တတ်နိုင်သည့်ဘက်က မည်သည့်ကိစ္စကိုမဆို လုပ်ပေးရန် အဆင်သင့်ဖြစ်နေပေပြီ။

"တခြား ခက်ခက်ခဲခဲ မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ဟောဒီပုလဲတွေကို ထုခွဲရောင်းချပြီး လှူသင့်သလောက် လှူပေးပါကွာ၊ ပြီးတော့ ကျော်မြင့်ရဲ့မိဘတွေ၊ မျိုးဆွေနဲ့ ခင်လှဝေတို့ရဲ့ မိသားစုတွေအတွက်လဲ ထိုက်သင့်သလောက် ခွဲဝေပေးလိုက်ပါ သူငယ်ချင်း"

"စိတ်ချပါ ညို့ဝင်းမောင်ရယ်"

"ပြီးတော့ မောင်ရင့်အတွက်လဲ လိုအပ်တာတွေမှန်သမျှ သုံးစွဲပါ၊ ဟုတ်ပြီလား သူငယ်ချင်း"

ကျွန်ုပ်သည် ညို့ဝင်းမောင် ပြောသမျှ ခေါင်းတညိတ်ညိတ် လုပ်၍ နားထောင်နေကာ ဆက်တီပေါ်တွင် ရှိနေသော ပုလဲလုံးများကို ငေးစိုက်ကြည့်ရင်း ကြက်သေသေနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ၊ ကိုယ်ပြောတာ ကြားတယ် မဟုတ်လား သူငယ်ချင်း"

"ကြားပါတယ် ညိုဝင်းမောင်ရယ်၊ မင်းဖြစ်စေချင်တာတွေ အားလုံးကို ဖြစ်ရပါစေ့မယ်"

"တစ်ခုတော့ရှိတယ်နော်"

"ဘာများလဲ ညိုဝင်းမောင်"

"ငါ ပြောပြတဲ့ အဖြစ်အပျက်အမှန်တွေကိုတော့ မင်း ဘယ်သူ့ကိုမှ ပြောမပြရဘူးနော်"

"အေးပါကွာ၊ စိတ်ချပါ"

"အဲဒီလို မပြောခိုင်းရတာလဲ ငါ့အတွက် လုံးဝမဟုတ်ပါဘူး စာရေးဆရာရယ်၊ မောင်ရင့်အတွက်ပါ၊ တော်ကြာ မောင်ရင်က အမှန်အတိုင်းပြောပြလိုက်မိရင် ကိုယ့်ရဲ့ အဖြစ်အပျက်တွေကို ဘယ်သူကမှ ယုံကြည်နိုင်ကြမှာ မဟုတ်ဘူး....

"မယုံလဲ မယုံနိုင်စရာဆိုတော့ မောင်ရင်ပဲ အရူးဖြစ်မှာ၊ တော်ကြာ စာရေးဆရာ စိတ်ကူးတွေယဉ်ပြီး တစ်မျိုးတစ်မည် ဖြစ်သွားပြီလို့ ခေါက်မေ့ကြမှာ"

ညိုဝင်းမောင် ပြောသည်မှာ ဟုတ်နေသောကြောင့် ကျွန်ုပ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိ၏။

"ကိုယ် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးကွာ"

"ကိုယ့်အတွက် အလှူအတန်းတော့ လုပ်ဖြစ်အောင် လုပ်ပါ သူငယ်ချင်းရယ်"



"ဒီအတွက်လဲ မပူနဲ့၊ ကိုယ် တစ်နိုင်ငံလုံးမှာလှည့်ပြီး လှူသင့်တာတွေ လှူပေးပါ့မယ် သူငယ်ချင်း၊ သူငယ်ချင်း ပြောသလို ကျော်မြင့် မိသားစု၊ မမျိုးဆွေနဲ့ ခင်လှဝေတို့ မိသားစုအတွက်လဲ ကိုယ် ထိုက်သင့်သလို ခွဲဝေပေးပါ့မယ် သူငယ်ချင်းရယ်"

"ကျေးဇူးပါပဲ သူငယ်ချင်း၊ အဲဒီလို သူ့ဒါန်းခွဲဝေပြီးတဲ့ အခါကျရင် ကိုယ့်အတွက်ရည်စူးပြီး အမျှအတန်း ဝေပေးပါ သူငယ်ချင်းရယ်၊ ကိုယ့်ဘဝကတော့ အသက်ရှင်နေလျက် သေဆုံးတဲ့အခြေအနေကို ရောက်နေပါပြီကွာ"

ညိုဝင်းမောင်က ပြောရင်းပြောရင်း ဝမ်းနည်းကြေကွဲစွာဖြင့် အသံများ တိုးတိမ်သွားလေ၏။

ကျွန်ုပ်၏ တစ်သက်တွင် ညိုဝင်းမောင်ပေးသော ပုလဲများလောက် အရည်အသွေး ကောင်းမွန်သည့် ပုလဲလုံးကြီးများကို အိပ်မက်ထဲတွင်ပင် ထည့်၍မမက်ဖူးချေ။

ပြီးနောက် ပုလဲလုံးပေါင်းကလည်း များစွာ၊ ရာဂဏန်း အထက်မှာ ရှိလေ၏။

ကျွန်ုပ်သည် ထိုမျှထူးခြားကောင်းမွန်၍ များပြားလှသော ပုလဲရတနာများကို လက်ခံရရှိလင့်ကစား များစွာ ဝမ်းမသာနိုင်ပါချေ။

ပုလဲလုံးများရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်ထက် သူငယ်ချင်း ညိုဝင်းမောင်၏ ဘဝပြောင်းလဲသွားမှုကို ဝမ်းနည်းနေမိသည့် ဝေဒနာက ပို၍နေလေ၏။

www.burmeseclassic.com



ရင်ထဲတွင် နင့်ကျင်လျက် ဘာစကားတွေပြောရမည်ကိုပင် မတွေးတောတတ်နိုင်အောင် ရှိရလေ၏။

"နောက်တစ်ခု သူငယ်ချင်းကို မှာထားရဦးမယ်"

ညိုဝင်းမောင်က သက္ကလတ် အင်္ကျီရှည်ကြီးကို ပြန်ဝတ်နေရင်းတန်းလန်းက ပြောလိုက်၏။

"ဘာများလဲ ညိုဝင်းမောင်"

"ကိုယ့်ရင်ထဲမှာဖြစ်ပေါ်နေတဲ့ ဆန္ဒတစ်ခုရှိတယ်"

"ပြောလေ"

"ဒီလိုပုံစံနဲ့ဆိုရင် ကိုယ် သက်ဆိုးသိပ်ပြီးရှည်မှာမဟုတ်ဘူးကွာ"

"သူငယ်ချင်းရယ်"

"ဟုတ်တယ်၊ ကိုယ်ဟာလူတစ်ယောက်နဲ့ မတူတော့တဲ့ ငါးသတ္တဝါလိုအကောင်မျိုးကြီး ဖြစ်နေပြီလေ၊ ဒီတော့ လူ့သက်တမ်းလောက် ရှည်ချင်မှ ရှည်မှာလေ"

"ထားပါတော့ကွာ၊ မင်း ဘာကိုဆိုလိုချင်တာလဲ"

ညိုဝင်းမောင်က သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

"ကိုယ်... ကိုယ်သေဆုံးသွားတဲ့အခါကျရင် ခန္ဓာဗေဒကို လေ့လာအသုံးချနိုင်ဖို့ နိုင်ငံတော်ကို လှူဒါန်းခဲ့ချင်တယ် သူငယ်ချင်း"

ကျွန်ုပ် ဘာအကြံပေးရမည် မသိချေ။



"အေးလေ အဲဒီကိစ္စကတော့ ခက်တာပဲ၊ ကိုယ်ကလဲ ကိုယ်မသေခင်အချိန်အထိ လူတွေကြားထဲမှာနေရဖို့ မဖြစ်နိုင်တာ"

"မောင်ရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ"

"ပုလဲကျွန်းကိုပြန်မယ်၊ ပြန်ရမယ်သူငယ်ချင်း"

ကျွန်ုပ်သည် သူ့စကားကြောင့် ဖျတ်ခနဲဇဝေဇဝါ... 

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

## အိပ်မက်ဆိုးလေးသာဖြစ်ပါစေ

ကျွန်ုပ်သည် ညိုဝင်းမောင် ပြောပြနေသမျှ စကားများကို ခေါင်းတညိတ်ညိတ်ဖြင့် နားသာ ထောင်နေရသော်လည်း ဘာစကားများ ပြန်၍ပြောရမည်ကို စဉ်းစား၍မရချေ။

ရင်ထဲတွင် နင့်ကျင်နေသော ဝေဒနာကိုသာ အဆက်မပြတ် ခံစားနေရ၏။

သို့သော်လည်း နှစ်ဦးသားအတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည့် အချိန်ကာလ ကြာရှည်လာသောအခါ တိတ်ဆိတ်ခြင်းအတွက် ချောက်ချားလာမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျွန်ုပ်ကပင် စကားဆိုမိ၏။

"ဒီလိုလုပ်ပါလား ညိုဝင်းမောင်"

"ဘာလုပ်ရမှာလဲ"

"မောင်ရင်ရဲ့ ရောဂါဝေဒနာကို အထူးကုဆရာဝန်ကြီးတွေနဲ့ ပြကြည့်ရရင် မကောင်းဘူးလား....

"ပလတ်စတစ် ဆာဂျရီ နည်းနဲ့ ခွဲစိတ်ကုသရင် အကောင်းအတိုင်း ပြန်မဖြစ်နိုင်ဘူးလား"

ကျွန်ုပ်၏ စကားကို ညိုဝင်းမောင်က ခေါင်းသွက်သွက်ယမ်းခါငြင်းပယ်လိုက်လေ၏။

"မဖြစ်နိုင်ပါဘူး သူငယ်ချင်းရယ်၊ ဘယ်လိုမှကို မဖြစ်နိုင်တော့ပါဘူး....

"ကိုယ်ခံစားနေရတာဟာ သာမန်ရောဂါ တစ်ခုမဟုတ်ဘူး၊ ဝဋ်နာကံနာလို့ဟာမျိုးပဲ သူငယ်ချင်း၊ လူ့ဘဝကနေ တခြားဘဝတစ်ခုကို ပြောင်းလဲသွားတာလေကွာ"

ညိုဝင်းမောင်၏ စကားမှာ မှန်ကန်နေသောကြောင့် ကျွန်ုပ်လည်း မည်သို့မည်ပုံပြန်၍ ပြောရမှန်း မသိတော့ချေ။

ကျွန်ုပ်တို့ နှစ်ဦးသား တိတ်ဆိတ်သွားကြပြန်၏။



ထိုအခါတွင် ခြံကျယ်ကြီးမှာ ချောက်ချားဖွယ်ကောင်းအောင် ငြိမ်သက်၍ နေလေတော့၏။

"ဆိုင်း....သူငယ်ချင်း၊ မောင်ရင် ကိုယ့်ဆီ ရောက်လာတာ အတော်ကလေး ကြာသွားပြီ၊ မကြာခင် မိုးချုပ်တော့မယ်"

"ဟုတ်တယ်၊ မိုးချုပ်ခါနီးနေပြီ"

"ကဲ....ကဲ....စားပွဲပေါ်က ပုလဲတွေကို အိတ်ထဲကျုံးထည့်ပြီး ယူသွားတော့လေ"

ကျွန်ုပ်သည် ညိုဝင်းမောင်၏ စကားများအတိုင်း စားပွဲပေါ်တွင် ပြန့်ကျဲနေသော ပုလဲများကို အိတ်တွင်းသို့ ပြန်၍ ကျုံးထည့်ရလေ၏။

ပုလဲများအားလုံး အိတ်အတွင်းသို့ ထည့်ပြီးသောအခါ အိတ်ရှုံ့ကလေးကို လွယ်အိတ်တွင်းသို့ ထပ်၍ ထည့်လိုက်ရ၏။

ထို့နောက် ဖုန်များထင်နေသည့် ဆိုဖာဆက်တီမှ မထချင် ထချင်ဖြင့် ထလိုက်ရ၏။

ကျွန်ုပ်သည် ညိုဝင်းမောင်အား နှုတ်ဆက်စကားပြောရန်အတွက် နှုတ်ဆွံ့နေမိသေး၏။

မတတ်သာသည့် အဆုံးကျတော့မှပင် နှုတ်ဆက်စကားကို ကြိုးစား၍ ပြောလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်....သွားတော့မယ် သူငယ်ချင်း"

"ကောင်းပါပြီကွာ"

ညိုဝင်းမောင်က သူ၏ ကြမ်းတမ်းသော ညာလက်ကြီးကို လှမ်း၍ ပေးလိုက်လေရာ ကျွန်ုပ်လည်း မရဲတရဲဖြင့် ဆုပ်ကိုင်လိုက်ရ၏။

ကြမ်းတမ်းသော အထိအတွေ့မှာ ကျွန်ုပ်တစ်သက်တွင် တစ်ကြိမ်မျှ မဆုပ်ကိုင်ဖူးသည့် လက်ဝါးကြမ်းကြီးတစ်ခုပင် ဖြစ်ပါ၏။

ညိုဝင်းမောင်သည် ကျွန်ုပ်၏ လက်အား နောက်ဆုံး ဆုပ်ကိုင်သည့်အနေဖြင့် အတန်ကြာအောင် ဆုပ်ကိုင်ထားပြီးမှ လွှတ်ပေးလိုက်၏။

ကျွန်ုပ်သည် သူ၏ရှေ့တွင် ကြာရှည် ဆက်လက်ရပ်တည်နိုင်စွမ်း မရှိတော့သဖြင့် ချာခနဲလှည့်၍ ထွက်လာခဲ့မိလေတော့၏။

အိမ်ပြင်သို့ရောက်သောအခါ နေဝင်စပြုနေပြီ ဖြစ်လေသည်။

ခြံကျယ်ကြီးထဲတွင် သစ်ပင်ချုံနွယ်များထူထပ်စွာပေါက်ရောက်နေသောကြောင့် အမှောင်ရိပ်သည် ပို၍ကျရောက်နေလေ၏။



ကျွန်ုပ်သည် ခြံကျယ်ကြီးကိုဖြတ်လျှောက်ရင်း လွန်စွာထူးခြားဆန်းကြယ်သော ညိုဝင်းမောင်၏ဘဝကို ရင်နာစွာ တွေးတောမိလေ၏။

လောကကြီးထဲတွင် မယုံကြည်နိုင်လောက်အောင် ထူးဆန်းထွေပြားသည့် ကိစ္စရပ်တွေ ရှိနေပါကလား။

လူစင်စစ်က အဟိတ်တိရစ္ဆာန်ပုံစံမျိုး ပုံသဏ္ဍာန်ဆိုးကြီးအဖြစ်သို့ ပြောင်းလဲတတ်သော အဖြစ်မျိုး ရှိနေပါသေးကလား။

ဒါဟာ သဘာဝဆန်ဆန် ဖြစ်ပျက်မှုလား။

ဝဋ်ကြွေးကြီးတစ်ခုပေပဲလား။

ကျွန်ုပ်၏စိတ်ကူးထဲတွင် အတွေးပေါင်းများစွာ၊ မေးခွန်းပေါင်းများစွာ ဖြစ်ပေါ်လျက်....

ညိုဝင်းမောင်၏ နောက်ဆုံး ပြောလိုက်သော စကားများကို မြင်ယောင် ကြားယောင်ပြီးနောက်....

သို့လော....သို့လော စိတ်ကူးများသည် အမျှင်မပြတ် ဖြစ်ပေါ်လျက် ရှိလေတော့၏။

နားမလည်နိုင်အောင် စဉ်းစားစရာ ကောင်းသော အကြောင်းအရာများ ဖြစ်၍နေလေသည်။

ကျွန်ုပ်နှင့် ညိုဝင်းမောင် ပြန်ဆုံခဲ့ရသည်မှာ အမှန်ပင်လော။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတယောင်ချောက်ချား ဖြစ်ကာ ဆောင်းတွင်း အိပ်မက်၊ ချောက်အိပ်မက် တစ်ခုအဖြစ် မြင်မက်ခဲ့မိခြင်း လော။

ကျွန်ုပ်အနေဖြင့် ပြောပြရန် ခက်ခဲလှပေတော့သည်။ ညို့ဝင်းမောင်၏ ရုပ်သဏ္ဍာန် ရုပ်ပြောင်းရုပ်လွဲဖြစ်သွားသည့် အကြောင်းအရာများအားလုံးသည် အိပ်မက်တစ်ခု ဖြစ်ခဲ့သော် ကောင်းလေစွဟု ကျွန်ုပ် လေးလေးနက်နက် ဆုတောင်းလိုက်မိလေတော့၏။

ဇေယျတု သဗ္ဗမင်္ဂလံ

လင်းရောင်ဆင်

နောက်ထွက်မည့်စာအုပ်

ငွေနှင်းမှုန်မှုန်

BURMESE CLASSIC
www.burmeseclassic.com